# ပံ့ပိုးကူညီခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်

## ပထမနေ့ အစီအစဉ်

| အချိန် | အစီအစဉ် |
|---|---|
| ၉း၀၀ - ၉း၃၀ | အလုပ်ရုံဆွေးနွေးပွဲအကြောင်း မိတ်ဆက်ခြင်း |
| ၉း၃၀ - ၁၀း၃၀ | သင်ခန်းစာ ၁ -တစ်ယောက်အကြောင်း တစ်ယောက်သိရန်လေ့လာခြင်း (ဆွေးနွေးပွဲအကြို (Pre-test) မေးခွန်းလွှာ ဖြေဆိုခြင်းအပါအဝင်) |
| ၁၀း၃၀ - ၁၀း၄၅ | လက်ဖက်ရည်သောက်နားချိန် |
| ၁၀း၄၅ - ၁၂း၃၀ | သင်ခန်းစာ ၂ - အရွယ်ရောက်ပြီးသူများ သင်ယူမှုဆိုင်ရာ သီအိုရီ နှင့် လက်တွေ့လေ့ကျင့်ခြင်း |
| ၁၂း၃၀ - ၁း၃၀ | နေ့လည်စာစားချိန် |
| ၁း၃၀ - ၃း၀၀ | သင်ခန်းစာ ၃ - ထိရောက်မှုရှိသော ပံ့ပိုးကူညီခြင်း နှင့် ထိရောက်မှုမရှိသော ပံ့ပိုးကူညီခြင်း |
| ၃း၀၀ - ၃း၁၅ | လက်ဖက်ရည်သောက်နားချိန် |
| ၃း၁၅ - ၄း၄၅ | သင်ခန်းစာ ၄ - ငြင်းခုံခြင်းဖြင့် ပံ့ပိုးကူညီခြင်း |
| ၄း၄၅ - ၅း၀၀ | တစ်နေ့တာအတွက် အဆုံးသတ်ခြင်း |

## ဒုတိယနေ့ အစီအစဉ်

| အချိန် | အစီအစဉ် |
|---|---|
| ၉း၀၀ - ၉း၃၀ | ဒုတိယနေ့သင်ခန်းစာပြန်လည်စတင်ခြင်း |
| ၉း၃၀ - ၁၀း၃၀ | သင်ခန်းစာ ၁ - ပံ့ပိုးကူညီသူနှင့် သူ၏ရပ်ရွာလူထု |
| ၁၀း၃၀ - ၁၀း၄၅ | လက်ဖက်ရည်သောက်နားချိန် |
| ၁၀း၄၅ - ၁၂း၃၀ | သင်ခန်းစာ ၂ - အထုပ်ဖြည်လေ့လာခြင်း |
| ၁၂း၃၀ - ၁း၃၀ | နေ့လည်စာစားချိန် |
| ၁း၃၀ - ၃း၀၀ | သင်ခန်းစာ ၃ - အားသစ်လောင်းကစားနည်းများနှင့် တိတ်ဆိတ်မှုကိုဖြိုခွင်းသော ကစားနည်းများ |
| ၃း၀၀ - ၃း၁၅ | လက်ဖက်ရည်သောက်နားချိန် |
| ၃း၁၅ - ၄း၄၅ | သင်ခန်းစာ ၄ - သတင်းအချက်အလက်များထည့်သွင်းခြင်း နှင့် ပြန်လည်တင်ပြဆွေးနွေးခြင်း |
| ၄း၄၅ - ၅း၀၀ | တစ်နေ့တာအတွက် အဆုံးသတ်ခြင်း |

**ဒုတိယနေ့ အစီအစဉ်**

| **အချိန်** | **အစီအစဉ်** |
|---|---|
| ၉း၀၀ - ၉း၃၀ | ဒုတိယနေ့သင်ခန်းစာပြန်လည်စတင်ခြင်း |
| ၉း၃၀ - ၁၀း၄၅ | သင်ခန်းစာ ၁ - မတူညီသောနည်းလမ်းများအား အသုံးပြု၍သတင်းအချက်အလက်များအား တင်ပြခြင်း (ပထမပိုင်း) |
| ၁၀း၄၅ - ၁၁း၀၀ | လက်ဖက်ရည်သောက်နားချိန် |
| ၁၁း၀၀ - ၁၂း၃၀ | သင်ခန်းစာ ၂ - မတူညီသောနည်းလမ်းများအား အသုံးပြု၍သတင်းအချက်အလက်များအား တင်ပြခြင်း (ဒုတိယပိုင်း) |
| ၁၂း၃၀ - ၁း၃၀ | နေ့လည်စာစားချိန် |
| ၁း၃၀ - ၃း၁၅ | သင်ခန်းစာ ၃ - ရုပ်ပုံသင်္ကေတ (ရုပ်ပုံများအား အသုံးပြု၍ ပံ့ပိုးကူညီခြင်း) |
| ၃း၁၅ - ၃း၃၀ | လက်ဖက်ရည်သောက်နားချိန် |
| ၃း၃၀ - ၄း၃၀ | သင်ခန်းစာ ၄ - အုပ်စုဖွဲ့ လုပ်ဆောင်ခြင်း၊ ဆွေးနွေးခြင်းနှင့် ပြန်လည်တင်ပြဆွေးနွေးခြင်းကို စီမံခန့်ခွဲခြင်း |
| ၄း၃၀ - ၅း၀၀ | ဆွေးနွေးပွဲအပြီးမေးခွန်းလွှာဖြေဆိုခြင်း ၊ ပြန်လည်သုံးသပ်ခြင်း ၊ ဆွေးနွေးပွဲပြီးဆုံးခြင်း |

# ပံ့ပိုးကူညီခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲလမ်းညွှန်

**ဆွေးနွေးပွဲ ပထမနေ့**

**အလုပ်ရုံဆွေးနွေးပွဲအကြောင်း မိတ်ဆက်ခြင်း**

**သင်ခန်းစာအကျဉ်းချုပ်**

ဤသင်ခန်းစာသည် ပါဝင်သူများအား ပံ့ပိုးကူညီသူ၊ ဆွေးနွေးပွဲ ရည်ရွယ်ချက်နှင့် ဆွေးနွေးပွဲ အစီအစဉ်တို့ကို မိတ်ဆက်ပေးရန်ဖြစ်သည်။ ဆွေးနွေးပွဲတွင် ပါဝင်သူအချင်းချင်း တစ်ယောက်အကြောင်း တစ်ယောက်သိရန် ဖြစ်ပြီး မိတ်ဆက်ခြင်းအစီအစဉ်သည် လာမည့်လေ့ကျင့်ခန်းတွင် အဓိကပါဝင်မည်ဖြစ်သည်။ ပံ့ပိုးကူညီသူသည် ပါဝင်သူများနှင့်  ၎င်းတို့၏ ဆွေးနွေးပွဲအပေါ် အကြံပြုချက်များကို အလေးထားရန် အရေးကြီးသည်။

**ရည်ရွယ်ချက်**

ပါဝင်သူများအား ဆွေးနွေးပွဲ နှင့်ပတ်သက်သည့် အခြေခံသတင်းအချက်အလက်များ မျှဝေရန်။

**ကြာချိန်** - ၃၀ မိနစ်

**သင်ထောက်ကူပစ္စည်းများ**

- → အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ် လက်ကမ်းစာစောင် ၁
- → စာရေးကိရိယာ နှင့် လက်ကမ်းစာစောင်ထည့်ရန် အိတ်၊ ဖိုင်။
- → ဖလစ်ချပ်စာရွက်ကြီးအများအပြား၊ A-4 စာရွက်၊ ဖြတ်ထားသောကာလာစာရွက်များ၊ အရောင်မတူသည့် marker pen များ ၊ အရောင်မတူသည့် ကပ်ခွာ စာရွက်များ၊ ကတ်ကြေး၊ စက္ကူတိပ်၊ စာရွက်ချုပ်ရန် stapler ၊ stapler pin ၊ ကော်တောင့်။
- → နာမည်ရေးရန်ကဒ် (သီးသန့်မရှိလျှင် ဖြတ်ထားသောကာလာစာရွက်များပေါ် နာမည်ရေး၍ စက္ကူတိပ်နှင့် ကပ်နိုင်သည်။)

**ပံ့ပိုးသူကြိုတင်ပြင်ဆင်ရန်**

- → ဆွေးနွေးပွဲ၏ ထိုင်ခုံခင်းသည့်ပုံစံကို စက်ဝိုင်းပုံ (သို့) မြင်းခွာပုံ ခင်းကျင်းထားပါ။ (ပါဝင်သူများ သွားလာလှုပ်ရှားနိုင်ရန် နေရာကျယ်ကျယ်)။ ပါဝင်သူအရေအတွက် နှင့် ထိုင်ခုံအရေအတွက် ကွက်တိဖြစ်ရန်လိုအပ်ပါသည်။ ပါဝင်သူအားလုံး ဆွေးနွေးပွဲခန်းမအရှေ့တွင်ရှိသော ဖလစ်ချပ်စာရွက်ကြီးအား မြင်နိုင်ရန် သေချာပါစေ။

→ အလုပ်ရုံဆွေးနွေးပွဲအတွက် လိုအပ်သည့် အခြေခံပစ္စည်းကိရိယာများ၊ စာရေးကိရိယာများ
→ မှတ်ချက်ရေးရန် (comment board/ parking lot) ဖလစ်ချပ်စာရွက်ကြီးကို နံရံတွင်ကပ်ထားပါ။
→ အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်အား ဖလစ်ချပ်စာရွက်ကြီးတွင်ရေးထားပါ။
လက်ကမ်းစာစောင် ၁။ (ဆွေးနွေးပွဲမစတင်မီ အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်အား ကပ်ထားသည်ကို ပြမထားပါနှင့်)
→ ဆွေးနွေးပွဲတစ်ခုလုံး၏ ရည်ရွယ်ချက်ကို ဖလစ်ချပ်စာရွက်ကြီးတွင် ရေးထားပါ။
(သင့်ဆွေးနွေးချက်မတိုင်ခင် ကပ်ထားသည်ကို ပြမထားပါနှင့်)

## ဆွေးနွေးပွဲ၏ရည်ရွယ်ချက်

★ အတူတကွပူးပေါင်းသင်ယူမှု၏ အဓိကသဘောတရားများကို ဆန်းစစ်ဆွေးနွေးရန်။
★ အတူတကွ ပူးပေါင်းသင်ယူမှု လေ့ကျင့်ခန်းအမျိုးမျိုးကို စိစစ်၍ လေ့ကျင့်ရန်။
★ အုပ်စုလိုက်လေ့ကျင့်ခန်းနှင့် ဆွေးနွေးခြင်းများကဲ့သို့သော အတူတကွပူးပေါင်းသင်ယူမှု လေ့ကျင့်ခန်းများ စီမံကိုင်တွယ်ပုံကို လေ့လာရန်။
★ အကြောင်းအရာအားလုံးနှင့် ဆွေးနွေးမှုအားလုံးကို မိမိတို့၏ ကိုယ်ပိုင် သင်ကြားမှုအတွေ့ကြုံ၊ ကိုယ်ပိုင်အခြေအနေတို့နှင့် ချိတ်ဆက်ရန်။
★ ပါဝင်သူများအနေဖြင့် မိမိနှင့် မိမိတို့ပရိသတ်၏ ပြဿနာ ဖော်ထုတ်ဖြေရှင်းနိုင်စွမ်းတို့တွင် မိမိကိုယ်ကို ယုံကြည်စိတ်ချမှုရှိလာစေရန်။

## ပံ့ပိုးကူညီသူအနေနှင့် ပါဝင်သူများအား နှုတ်ခွန်းဆက်ကြိုဆိုခြင်း

→ ဆွေးနွေးပွဲတက်ရောက်သူများကို ကြိုဆိုကြောင်း ၊ အချိန်ပေး၍ ယခုဆွေးနွေးပွဲကို တက်ရောက်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောပါ။
→ ယခု အလုပ်ရုံဆွေးနွေးပွဲက ၎င်းတို့၏ အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း၊ အမှန်တကယ် အောင်မြင်သော အလုပ်ရုံဆွေးနွေးပွဲတစ်ခု ဖြစ်ရန် ပါဝင်သူများ၏ အကြံဉာဏ်များ ၊ တုံ့ပြန်ချက်များ၊ မှတ်ချက်များ လိုအပ်ကြောင်း ၊ အလုပ်ရုံဆွေးနွေးပွဲ ပို၍တိုးတက်ကောင်းမွန်ရန် ပါဝင်ဆွေးနွေးသူများအနေဖြင့် Comment Board တွင် ဆွေးနွေးပွဲ၏ အကြောင်းအရာအားလုံးနှင့်ပတ်သက်၍ (activities မှစ၍ အစားအစာများအထိ) မှတ်ချက်များကို အချိန်မရွေးရေးနိုင်ကြောင်း ၊ ကြိုက်သည့်အရာများ၊ မကြိုက်သည့်အရာများ အားလုံးအား ရေးနိုင်ကြောင်း ၊ ရေးသည့်အခါ နာမည်ထည့်ရေးစရာမလိုကြောင်း ပြောပါ။

## သင်ခန်းစာ ၁ -တစ်ယောက်အကြောင်း တစ်ယောက်သိရန်လေ့လာခြင်း

## သင်ခန်းစာအကျဉ်းချုပ်

ပါဝင်ဆွေးနွေးသူများကို အလွယ်တကူပြုလုပ်နိုင်သော ၊ မတူညီသည့် တစ်ယောက်အကြောင်း တစ်ယောက်သိရန်လေ့လာခြင်း (getting to know you) လုပ်ငန်းစဉ်များနှင့်ရင်းနှီးစေရန်ရည်ရွယ်၍ ယခုသင်ခန်းစာဖြင့် စတင်လေ့ရှိသည်။ ပါဝင်ဆွေးနွေးသူများသည် ၎င်းတို့၏ ဆွေးနွေးပွဲအပေါ် မျှော်လင့်ချက်နှင့် စိုးရိမ်မှုများကို ချရေး၍ အများမြင်နိုင်သောနေရာတွင် ကပ်ကြရပြီး အားလုံးလိုက်နာရမည့် ဆွေးနွေးပွဲစည်းကမ်းများကိုလည်း ချမှတ်ရသည်။ ထို့နောက် ဆွေးနွေးပွဲအတွင်းရှိ ပါဝင်ဆွေးနွေးသူများ၏ အခြေအနေကိုလေ့လာမည့် စောင့်ကြည့်မှတ်တမ်းတင်မည့်သူများကိုလည်း ရွေးချယ်ရသည်။ ထိုစောင့်ကြည့်လေ့လာမည့်သူများကို လျို့ဝှက်စနစ်ဖြင့်လည်း မဲနိုက်ရွေးချယ်နိုင်သည်။ နောက်ဆုံးတွင် ပါဝင်ဆွေးနွေးသူများအား အထုပ်ဖြည်လေ့လာခြင်းအကြောင်းကို မိတ်ဆက်ပြီး ပံ့ပိုးသူ တစ်ယောက်၏ ရှုထောင့်မှ ကြည့်ရှုရမည့် လုပ်ဆောင်ချက်များကို အကြမ်းဖျင်း ဆွေးနွေးရမည် ဖြစ်သည်။

**ကြာချိန်** - ၁ နာရီ

## ရည်ရွယ်ချက်

- → ပါဝင်ဆွေးနွေးသူများ တစ်ယောက်အကြောင်း တစ်ယောက် လေ့လာနိုင်စေရန်၊
- → တိတ်ဆိတ်မှုကိုဖြိုခွင်းသော ကစားနည်းများ/ရေခဲခွဲကစားနည်းများ (icebreakers) နှင့် အားလုံး ပါဝင်နိုင်သော နည်းလမ်းများဖြင့်ပြုလုပ်သော လုပ်ငန်းစဉ်ကို ဥပမာများဖြင့် လေ့လာသိရှိစေရန်၊
- → ပါဝင်ဆွေးနွေးသူများ၏ မျှော်လင့်ချက်နှင့် စိုးရိမ်မှုများကိုဖော်ထုတ်သိရှိစေရန်။

## သင်ထောက်ကူပစ္စည်းများ

- → အခြေခံစာရေးကိရိယာများ (စတင်မိတ်ဆက်ခြင်းအကြောင်းအရာတွင် ကြည့်ရန်)
- → ကြွေပန်းကန်နှင့်ဇွန်းတစ်ချောင်း (သို့) ခေါင်းလောင်း (အသံပေးရန်)
- → ပါဝင်ဆွေးနွေးသူနာမည်ရေးရန် ကာလာ A4 စာရွက်များ
- → ပုံးအလွတ်တစ်ခု (စာရွက်များစုဆောင်းရန် နှင့် ပြန်လည်ဖြန့်ဝေရန်)
- → ကပ်ခွာစာရွက်များ ( အရောင် ၂ ရောင်) (ပါဝင်ဆွေးနွေးသူ၏ မျှော်လင့်ချက်နှင့် စိုးရိမ်မှုများ ကိုချရေး ရန် လုံလောက်သော အရွယ်အစားရှိရမည်။ တစ်ယောက်လျှင် အရောင်မတူသော စာရွက် ၂ ရွက်စီ)

## ပံ့ပိုးသူကြိုတင်ပြင်ဆင်ရန်

→ ဖလစ်ချပ်စာရွက်၏အပေါ်တစ်ဝက်တွင် အောက်ပါမေးခွန်းများကို ရေးထားပါ။ ရေးထားသော ဖလစ်ချပ်စာရွက်ကို ပင်အပ်ဖြင့်ခေါက်ထိုး၍ (သို့) စက္ကူတိပ်ဖြင့်ပိတ်ထားကာ မေးခွန်းများကို တစ်ခုပြီး တစ်ခု ပြသရှင်းပြပါ။

→ သင်လက်ရှိအလုပ်လုပ်ကိုင်နေသည့်အဖွဲ့အစည်း နှင့် သင့်ရပ်ရွာလူထု၏အကောင်းဆုံးသောအရာများက ဘာလဲ။

→ ဆွေးနွေးပွဲမှ မည်သည့်အရာများ ရရှိမည်ဟု မျှော်လင့်ပါသလဲ။

**လုပ်ငန်းစဉ်များ**

**၁။ ပုံဆွဲနည်းဖြင့်မိတ်ဆက်ခြင်း - တိတ်ဆိတ်မှုကိုဖြိုခွင်းသော ကစားနည်းများ/ရေခဲခွဲကစားနည်းများ (icebreakers) (၃၀ မိနစ်)**

(က) ပါဝင်သူတစ်ဦးချင်းစီကို A4 စာရွက်နှင့် marker pen တစ်ခုစီဝေပါ။ ပါဝင်သူများအား စာရွက်ကို တစ်ဝက်ခေါက်ရန် ပြောပါ။ မိမိတို့၏နာမည်ကို ရရှိသောစာရွက်၏ အပေါ်တစ်ဝက်တွင် အင်္ဂလိပ်ဘာသာဖြင့် စာလုံးအကြီးသုံး၍ရေးရန် (U TUN TUN , DAW SU SU)၊ ထို့နောက် အမည်၏အောက်တွင် မိမိတို့အမည်တွင် ပါဝင်သော စာလုံးတစ်လုံးဖြင့် မိမိကို ကိုယ်စားပြုသော Adjective name နာမဝိသေသနကို အသုံးပြု၍ ရေးရန် ပြောပါ။ (ဥပမာ - U HTOO CHAR ဟု အမည် ရှိသောပါဝင်သူအနေဖြင့် ထူးခြားသော/ ထူးချွန်သော/ သူများထက်ထူးသော အစရှိသည့် ကြိုက်နှစ်သက်ရာ နာမဝိသေသနတစ်ခုခုကို အသုံးပြု၍ U HTOO CHAR ထူးခြားသော/ထူးချွန်သော/ သူများထက်ထူးသော ဟုရေးပါ။)

(ခ) ထို့နောက် ပါဝင်သူများအား လက်ရှိ မိမိတို့လုပ်ကိုင်နေသည့်အဖွဲ့အစည်းနှင့် မိမိတို့ရပ်ရွာလူထု၏ အကောင်းဆုံးသောအရာကို ခေါက်ထားသောစာရွက်၏ အောက်တစ်ဝက်တွင် ပုံဆွဲစေပါ။ အချိန် ၅ မိနစ်ပေးပါ။ ပုံဆွဲရာတွင် မိမိတို့သည် ပန်းချီဆရာများ မဟုတ်သည့်အတွက် မဖြစ်မနေအချိုးကျလှပအောင် ဆွဲရန် မလိုအပ်ကြောင်း အားပေးပါ။

(ဂ)အထက်ပါအတိုင်း ရေးဆွဲပါ။

(ဃ) ထို့နောက် ပါဝင်သူများအား စက္ကူတိပ်များပေး၍ အင်္ကျီရင်ဘတ်တွင် မိမိ၏စာရွက်များကို ကပ်ရန်ပြောပါ။ ထို့နောက် ဆွေးနွေးပွဲခန်းမအတွင်း အချိန် ၅ မိနစ်ပေး၍ ပါဝင်သူများအချင်းချင်း စာရွက်များကို အပြန်အလှန် လမ်းလျှောက် လှည့်လည်ကြည့်ရှု့စေပါ။ သိလိုသည်များကို အချင်းချင်းမေးမြန်းစေပါ။

(င)မိနစ်ပြည့်သွားသောအခါ ပြောလက်စစကားကို အဆုံးသတ်စေပြီး မိမိတို့၏စာရွက်များကို မိမိတို့ ထိုင်သော ထိုင်ခုံအသီးသီးတွင် စက္ကူတိပ်နှင့်ကပ်၍ မိမိခုံများတွင်ထိုင်စေပါ။

**၂။ မျှော်လင့်ချက်နှင့် စိုးရိမ်မှုများကို ဖော်ထုတ်ခြင်း - ပံ့ပိုးသူနှင့် ပါဝင်သူများအပြန်အလှန်ဆွေးနွေးခြင်း (plenary discussion) (၁၅ မိနစ်)**

(က)ပါဝင်သူများအား လူတိုင်းတွင် မျှော်လင့်ချက်များရှိကြသည့် နည်းတူ စိုးရိမ်ကြောင့်ကြမှုများလည်း ရှိကြကြောင်း ၊ ယခုကဲ့သို့ ဆွေးနွေးပွဲတက်ရောက်သည့် အချိန်တွင်လည်း ပါဝင်သူများအနေဖြင့် မျှော်လင့်ချက်နှင့်စိုးရိမ်မှုများ ရှိမည်ဖြစ်ကြောင်း ပြောပါ။ ဥပမာ တစ်ခုခုကို (ဟာသနှော၍) အသုံးပြုပါ။

(ခ) ယခုအချိန်တွင် မိမိတို့၏ ခံစားချက်များကို အများနှင့်အတူ မျှဝေကြမည်ဖြစ်ကြောင်းပြောပါ။

(ဂ) အရောင်မတူသော ကပ်ခွာစာရွက်များကို ပါဝင်သူ တစ်ယောက်လျှင် ၂ ရွက် စီ ဝေပါ။ ပါဝင်သူများအား တစ်ရွက်တွင် မိမိတို့၏ ဆွေးနွေးပွဲ အပေါ် မျှော်လင့်ချက် နှင့် အခြားတစ်ရွက်တွင် စိုးရိမ်ကြောင့်ကြမှု ကိုချရေးရန် ပြောပါ။ အချိန် ၂ မိနစ် ပေးပါ။

(ဃ) ထိုအချိန်တွင် ပံ့ပိုးသူက ဖလစ်ချပ်စာရွက် အလွတ်တစ်ခုကို တစ်ဝက်ခြမ်း၍ တစ်ဖက်စီတွင် မျှော်လင့်ချက်များ နှင့် စိုးရိမ်မှုများ ဟုခေါင်းစဉ် ကြို၍ရေးထားပြီး အများမြင်သာသော ဆွေးနွေးပွဲခန်းမ အရှေ့တွင် ကပ်ထားပါ။

(င) ထို့နောက် ပါဝင်သူများအား ရေးပြီးသော မျှော်လင့်ချက်စာရွက်များကို ၄ ခေါက်ခေါက်စေပါ။ ပံ့ပိုးသူမှ ပုံးအလွတ်ဖြင့် လိုက်လံကောက်ယူပြီး မွှေလိုက်ပါ။ ပါဝင်သူများအား တစ်ဦးလျှင် တစ်ရွက်စီယူရန်ပြောပါ။ မိမိရေးသားထားသော စာရွက်ကိုယူမိပါက ပြန်ထည့်၍ နောက်တစ်ရွက်ယူရန်ပြောပါ။ တစ်ယောက်ချင်းစီက မိမိတို့ရရှိထားသော စာရွက်ပေါ်ရှိ မျှော်လင့်ချက်ကို အသံကျယ်ကျယ်ဖြင့် ဖတ်၍ ဆွေးနွေးပွဲခန်းမအရှေ့တွင် ကပ်ထားသော မျှော်လင့်ချက်နေရာတွင် လာရောက်ကပ်စေပါ။

(စ) စာရွက်အပိုင်းအစများအား ကပ်ရာတွင် ပါဝင်သူများ ဝိုင်းဖွဲ့၍ ဆွေးနွေးပြီး အကြောင်းအရာတူညီသော စာရွက်များကို တစ်စုစီ စုထားရန် မှာကြားပါ။

(ဆ) ထို့နောက် စိုးရိမ်ပူပန်မှုစာရွက်များကို ကောက်ယူ၍ ထိုနည်းလည်းကောင်း လုပ်ဆောင်ပါ။

(ဇ) ပါဝင်သူများ၏မျှော်လင့်ချက်များထဲမှ ယခုဆွေးနွေးပွဲမှ ဖြည့်ဆည်းပေးနိုင်သောအချက်များကို ရှင်းလင်း၍ စိုးရိမ်ပူပန်မှုများထဲမှ ပံ့ပိုးသူမှ ဖြေရှင်းပေးနိုင်သောအချက်များကို ကွဲကွဲပြားပြား သိစေပါ။

(ဈ) မျှော်လင့်ချက်နှင့်စိုးရိမ်ပူပန်မှုစာရွက်များကို အများမြင်သာသောနေရာတွင် ကပ်ထားမှာဖြစ်ပြီး ဆွေးနွေးပွဲအပြီးတွင် ထိုမျှော်လင့်ချက်များကို ဆွေးနွေးပွဲမှဖြည့်ဆည်းပေးနိုင်ခဲ့ပါသလား ၊ စိုးရိမ်ပူပန်မှုများကို ပံ့ပိုးသူမှလျှော့ချပေးနိုင်ခဲ့ပါသလား ဟုကြည့်ရှုနိုင်ကြောင်း ပြောပါ။

**၃။ ဆွေးနွေးပွဲစည်းကမ်းများ ချမှတ်ခြင်း - ၂ ယောက်တစ်တွဲ ဆွေးနွေးခြင်း (buzz groups) နှင့် ပံ့ပိုးသူနှင့် ပါဝင်သူများအပြန်အလှန်ဆွေးနွေးခြင်း (plenary discussion) (၅ မိနစ်)**

(က) ကြိုတင်ရေးထားသည့် စည်းမျဉ်းစည်းကမ်းများကို ချပြပြီး ပါဝင်သူများအား ဆွေးနွေးပွဲအချိန်အတွင်း မိမိတို့လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို၂ ယောက်တစ်တွဲ စဉ်းစားကြရမည်ဖြစ်ကြောင်း ပြောပါ။ (ဥပမာ - အချိန်တိကျခြင်း ၊ ဆွေးနွေးပွဲမှန်မှန် တက်ရောက်ခြင်း ၊ ဆေးလိပ်မသောက်ခြင်း ၊ ကြားဖြတ်ပြောခြင်း အစရှိသဖြင့်)

(ခ) ၂ ယောက်တစ်တွဲဆွေးနွေးထားသော အဖွဲ့တိုင်းအား မည်သည့်အချက်များကို လိုက်နာနိုင်ကြောင်း ၊ သဘောတူ ၊ မတူ ၊ ထပ်ထည့်လိုသည့်အချက်များအား အကြံပြုစေပါ။ ၊ အခြားသူများက ထိုအချက်များကို သဘောတူလျှင် ဆွေးနွေးပွဲစည်းမျဉ်းများတွင် ထည့်သွင်းမည်ဖြစ်ကြောင်း ပြောပါ။

(ဂ) အားလုံးဆွေးနွေးရေးသားပြီးသည့်အချိန်တွင် ရေးသားထားသော ဆွေးနွေးပွဲစည်းမျဉ်းများကို "အားလုံးသဘောတူပါသလား" ဟုမေးမြန်းစေပါ။ ထို့နောက် ပံ့ပိုးသူက ရေးသားထားသောအချက်များသည်

အများသဘောတူ ရေးသားထားခြင်းဖြစ်သည့်အတွက် ပံ့ပိုးသူများအပါအဝင် အားလုံးလိုက်နာရမည် ဖြစ်ကြောင်း အကြံပြုပါ။
(ဃ) ထို ဖလစ်ချပ်ကို ဆွေးနွေးပွဲတစ်လျှောက်လုံး ပါဝင်သူများ မြင်နိုင်သော နေရာတွင် ပြသထားပါ။

## ၄။ ဆွေးနွေးပွဲရည်ရွယ်ချက်များ ရှင်းလင်းခြင်း

(က) အသင့်ပြင်ဆင်ရေးထားသော အလုပ်ရုံဆွေးနွေးပွဲ၏ အစီအစဉ်ဖလစ်ချပ်ကို ပြသပါ။ လက်ကမ်းစာစောင် ၁ - အလုပ်ရုံဆွေးနွေးပွဲ၏ အစီအစဉ်အား ဝေပေးပါ။
(ခ) ပထမနေ့တွင် ဆွေးနွေးလုပ်ဆောင်ကြမည့် သင်ခန်းစာများအကြောင်း နှင့် နောက်ရက်တွင် ဆွေးနွေးရမည့်သင်ခန်းစာများအကြောင်းကို ရှင်းလင်းပါ။
(ဂ) ပါဝင်သူများအား မေးခွန်းများရှိလျှင် မေးမြန်းနိုင်ကြောင်း ပြောဆိုရန် သတိရပါ။

## ၅။ တက်ရောက်သူများ၏ အခြေအနေကိုလေ့လာမည့် စောင့်ကြည့်မည့်သူများ (evaluation observers) ရွေးချယ်ခြင်း (၅ မိနစ်)

(က) ထိရောက်သော ဆွေးနွေးပွဲတစ်ခုဖြစ်စေရန် တက်ရောက်သူများ၏ အခြေအနေကို အကဲခတ်မည့်သူ တစ်နေ့လျှင် ၅ ဦးကို မဲနှိုက်ရွေးချယ်မည်ဖြစ်ကြောင်း ၊ ဆွေးနွေးပွဲအတွင်း ပါဝင်လုပ်ဆောင်သည့် အခြေအနေများကို မှတ်တမ်းတင်အကဲဖြတ်ရမည်ဖြစ်ပြီး ဆွေးနွေးပွဲ နောက်တစ်ရက်တွင် ထိုအခြေအနေများကို အကျဉ်းချုံး၍ ပြန်လည်တင်ပြရမည် ဖြစ်ကြောင်းပြောပါ။ ဆွေးနွေးသည့်အကြောင်းအရာများသာမက ဆွေးနွေးပွဲနှင့် ပတ်သက်သည့် အကြောင်းအရာများအားလုံးအပေါ် အကဲခတ်နိုင်ကြောင်း ပြောပြပါ။
(ခ) ထိုပြန်လည်တင်ပြချက်များသည် မိမိတို့ပါဝင်လုပ်ဆောင်နေသော အလုပ်ရုံဆွေးနွေးပွဲ ပိုမိုတိုးတက်ကောင်းမွန်စေရန်ရည်ရွယ်၍ အပြုသဘောဆောင်သော မှတ်ချက်များသာ ဖြစ်သင့်ကြောင်း ပြောပါ။

## ၆။ တက်ရောက်သူများအား ဆွေးနွေးပွဲအကြို (Pre-test) မေးခွန်းလွှာဝေပေးပါ။ ဖြေဆိုရန် အချိန်ပေးပါ။

## ၇။ အထုပ်ဖြည်လေ့လာခြင်း (Unpacking the session) - ပံ့ပိုးသူနှင့် ပါဝင်သူများအပြန်အလှန် ဆွေးနွေးခြင်း (plenary discussion) (၁၀ မိနစ်)

မှတ်ရန်- အထုပ်ဖြည်လေ့လာခြင်းအကြောင်းကို နောက်တစ်နေ့တွင် အသေးစိတ်လေ့လာကြရမည်ဖြစ်သော ကြောင့် ဤသင်ခန်းစာတွင် အချိန်မကြာသင့်ပါ။

(က) ပါဝင်သူများအား ယခုအချိန်ထိ ၄င်းတို့သည် ပံ့ပိုးသူနေရာကို ယူထားပါသလား (သို့) ပါဝင်ဆွေးနွေးသူ နေရာကိုယူထားပါသလား ဟု မေးမြန်းပါ။ (အဖြေမှာ ပါဝင်ဆွေးနွေးသူနေရာ ဖြစ်သည်။)

(ခ) ပံ့ပိုးသူမှ ယခုအလုပ်ရုံဆွေးနွေးပွဲသည် အခြားဆွေးနွေးပွဲများနှင့် မတူကြောင်း ၊ အချို့အချိန်များတွင် ပါဝင်ဆွေးနွေးသူအနေဖြင့် ပါဝင်ရမည်ဖြစ်ပြီး အချို့အချိန်များတွင် ပံ့ပိုးသူ၏ရှုထောင့်မှ ကြည့်ရှုရမည် ဖြစ်ကြောင်းပြောပါ။

(ဂ) ဤအလုပ်ရုံဆွေးနွေးပွဲတွင် အဓိကပြုလုပ်ရမည့် အကြောင်းအရာတစ်ခုမှာ သင်ခန်းစာများ နှင့် လုပ်ငန်းစဉ်များကို အထုပ်ဖြည်လေ့လာရန်ဖြစ်ကြောင်း ပြောပါ။ ဆိုလိုသည်မှာ လုပ်ငန်းစဉ်တစ်ခုချင်းစီတွင် ဘာကြောင့် ၊ ဘယ်အချိန်မှာ ၊ ဘယ်လို ပြုလုပ်ခဲ့သလဲ ၊ ဘာကြောင့် ထိုနည်းလမ်းကို အသုံးပြုခဲ့သလဲ (ဥပမာ - ပံ့ပိုးသူနှင့် ပါဝင်ဆွေးနွေးသူများ အပြန်အလှန်ဆွေးနွေးခြင်းနည်းလမ်း plenary discussion အစား ၂ ယောက်တစ်တွဲ ဆွေးနွေးခြင်းနည်းလမ်း buzz groups/pair groupsကို အသုံးပြုတာလဲ) (သို့) အုပ်စုဖွဲ့ ဆွေးနွေးခြင်းတွေကနေ အချက်အလက်တွေပြန်လည်ရရှိအောင် ပံ့ပိုးသူက မည်သည့် မေးခွန်းများ မေးခဲ့သလဲ စသည့်မေးခွန်းများ မေးရန်ဖြစ်သည်။ မိမိ၏အလုပ်ရုံဆွေးနွေးပွဲတွင် ပေးချင်သော အကြောင်းအရာများ ၊ နည်းလမ်းများကို ဆွေးနွေးပွဲရည်ရွယ်ချက်ပြည့်မှီအောင် ရွေးချယ်ကြပါသည် ၊ အထုပ်ဖြည်လေ့လာခြင်းဆိုသည်မှာ ဘာကြောင့် ထိုနည်းလမ်းများကို ရွေးချယ်ရကြောင်းကို ပြန်လည်ဆန်းစစ်ပြီး သင်ယူခြင်း ဖြစ်ပါသည် ဟုရှင်းပြပါ။

(ဃ)"နောက်နေ့အထုပ်ဖြည်လေ့လာခြင်းသင်ခန်းစာကို လေ့လာသည့်အခါ ထိုအကြောင်းအရာများကိုပြန်စဉ်းစား ကြမည် ၊ ဥပမာအနေနဲ့ ဆိုလိုသည်မှာ ဒီနေ့ ဆွေးနွေးခဲ့သောသင်ခန်းစာများကို ပံ့ပိုးသူတစ်ယောက်၏ အမြင်နဲ့ ပြန်ကြည့်စေချင်သည်" ဟုပြောပါ။

(င) ဆက်လက်ပြီး "ဆွေးနွေးပွဲမစခင်အချိန်က ဆရာ ၊ ဆရာမတို့ စိတ်ထဲမှာ ဘယ်လိုခံစားခဲ့ရလဲ ၊ အခုရော ဘာတွေပြောင်းလဲသွားလဲ" ဟုမေးပါ။

(ဃ) ထို့နောက် "ပါဝင်သူအချင်းချင်း ရင်းနှီးလာစေဖို့ ပံ့ပိုးသူတစ်ယောက်အနေနှင့် သက်တောင့်သက်သာ ဖြစ်စေတဲ့ ရင်းနှီးချစ်ခင်ဖွယ်ကောင်းတဲ့ ပတ်ဝန်းကျင်တစ်ခု ဖြစ်အောင် ပြုလုပ်ဖို့က ဘာကြောင့် အရေးကြီး တယ်လို့ထင်ပါသလဲ" ဟုမေးပါ။ (အဖြေ - ဆွေးနွေးမှုများတွင် ၄င်းတို့၏အမြင်များကို ပွင့်လင်းစွာပြောဆို နိုင်လာစေရန်)

(င) ပထမဆုံးလေ့ကျင့်ခန်းမှာ ပါဝင်ဆွေးနွေးသူတို့၏ စိုးရိမ်ပူပန်မှုများကို လျှော့ချရန် အတွက်ဖြစ်ပြီး ပါဝင်သူအချင်းချင်း ရင်းနှီးလာစေရန် ၊ သက်တောင့်သက်သာဖြစ်စေရန် ရည်ရွယ်၍ပြုလုပ်ခဲ့ကြောင်း ရှင်းပြပါ။

(စ) ယခုသင်ခန်းစာကရော "အချိန်အရမ်းကြာသည်ဟုထင်လား ၊ အရမ်းတိုသည်ဟုထင်လား ၊ အချိန်က အဆင်ပြေသည် ဟုထင်ပါသလား" ဟုမေးပါ။ ဆွေးနွေးလာရန် တိုက်တွန်းအားပေးပါ။

(ဆ) ယခုဆွေးနွေးပွဲရဲ့ လုပ်ငန်းစဉ်တွေ ၊ နည်းလမ်းတွေကို ကိုယ့်ရဲ့ရပ်ရွာလူထုနဲ့ အလုပ်လုပ်ရတဲ့အခါမှာ ပြန်အသုံးချနိုင်လား ဆိုတာကို အချိန်တိုင်း ချိတ်ဆက်စဉ်းစားရန် လိုကြောင်း ပြောပါ။ "ဒီလုပ်ငန်းစဉ်တွေ အားလုံးကို ကိုယ့်ရဲ့ရပ်ရွာမှာ (ဥပမာ - ရွာက အကြီးအကဲတွေနဲ့ အလုပ်လုပ်တဲ့နေရာမှာ) ပြန်သုံးလို့ရနိုင်လား (သို့) ဒီလိုလုပ်တာက သူတို့ကိုမလေးစားဘူးလို့ထင်နိုင်လား" ဟုမေးပါ။

(ဇ) ဆွေးနွေးလာစေရန် တိုက်တွန်းအားပေးပါ။

(ဈ) "ဒီသင်ခန်းစာကနေ ဆရာ ၊ ဆရာမတို့အနေနှင့် ဆွေးနွေးချင်တဲ့အကြောင်းအရာတွေ အများကြီး ရှိနေနိုင် ပါတယ် ၊ ဒါပေမယ့်မနက်ဖြန်မနက်ပိုင်း လက်ဖက်ရည်သောက်နားပြီးချိန်မှာ ဆွေးနွေးမယ့် အထုပ်ဖြည်လေ့လာ ခြင်း သင်ခန်းစာမှာ ပိုပြီးရှင်းသွားပါလိမ့်မယ်" ဟုပြောပါ။

(ည) မေးလိုသည့်မေးခွန်းများ ရှိပါက မေးနိုင်ကြောင်း ၊ မရှိပါက ကျေးဇူးတင်ကြောင်း ပြောပြီး အဆုံးသတ်ပါ။

## လက်ဖက်ရည်သောက်နားချိန် ( ၁၅ မိနစ်)

## သင်ခန်းစာ ၂ - အရွယ်ရောက်ပြီးသူများ သင်ယူမှုဆိုင်ရာ သီအိုရီ နှင့် လက်တွေ့လေ့ကျင့်ခြင်း

### သင်ခန်းစာအကျဉ်းချုပ်

အုပ်စုဖွဲ့နည်း (သီးစုံသုပ်) အားသစ်လောင်းကစားနည်းဖြင့်စတင်ပါ။ ပံ့ပိုးသူ နှင့် သင်တန်းဆရာတို့၏အခေါ်အဝေါ်ကို အကျဉ်းချုပ်ဆွေးနွေးပြီး အရွယ်ရောက်သူများအနေဖြင့် ကျောင်းတွင်၊ စာသင်ခန်းထဲတွင် မဟုတ်ဘဲ မည်သည့်အရာများ သင်ယူခဲ့ရကြောင်း ၊ မည်ကဲ့သို့သင်ယူခဲ့ကြောင်း ၊ မည်သည့်အရာများသည် သင်ယူမှုတွင် အကူညီဖြစ်စေပြီး မည်သည့်အရာများသည် အခက်အခဲ ဖြစ်စေကြောင်းကို နှစ်ယောက်တစ်တွဲ အုပ်စုငယ်လေးများဖြင့် ဆွေးနွေးစေပါ။ ပါဝင်သူများလက်တွေ့ လုပ်ဆောင်နေသော ရပ်ရွာလူထုလုပ်ငန်းများနှင့် ချိတ်ဆက်ပြီး သင်ခန်းစာပို့ချခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း နည်းလမ်းများအသုံးပြု၍ အရွယ်ရောက်သူများ သင်ယူလေ့လာခြင်း သီအိုရီ အကြောင်းကို ဆက်လက်ဆွေးနွေးပါ။ နောက်ဆုံးတွင် လက်ကမ်းစာစောင် ၃ ဖြင့်အနှစ်ချုပ်ကာ အဓိကအချက်များအား ဆွေးနွေးပြီး အဆုံးသတ်ပါ။

**ကြာချိန်** - ၁ နာရီ ၃ဝ မိနစ်

### ရည်ရွယ်ချက်

→ အရွယ်ရောက်ပြီးသူများ သင်ယူရာတွင် မည်သည့်အရာများက အကူညီဖြစ်စေပြီး မည်သည့်အရာများက အဟန့်အတားဖြစ်စေကြောင်း ပြန်လည်သုံးသပ်ရန်။
→ ပူးပေါင်းပါဝင်ခြင်းဖြင့် သင်ယူလေ့လာခြင်း၏ နည်းလမ်းများနှင့် အတွေးအမြင်များအား ဆွေးနွေးရန်။
→ သမာရိုးကျ သင်တန်း နှင့် ပံ့ပိုးကူညီခြင်း တို့အကြား ကွဲပြားခြားနားချက်ကိုသိရှိစေရန်။
→ အရွယ်ရောက်သူများသင်ယူလေ့လာခြင်းကို အထောက်အကူဖြစ်စေမည့် သဘောထား နှင့် အခြေအနေများကို ရင်းနှီးကျွမ်းဝင်လာစေရန်။

### သင်ထောက်ကူပစ္စည်းများ

- လက်ကမ်းစာစောင် ၂၊ ၃ နှင့် ၄ (၂- ဓါတ်ဆီဆိုင်တွင် ဆီဖြည့်သည့် ပုံစံကဲ့သို့သော ပညာရေး၊ ၃- စကားပြောသော ဦးခေါင်းလေးများ၊ ၄- သင်ယူမှုဆိုင်ရာကြောင်လိမ်စက်ဂန်းပုံစံ)
- လက်ကမ်းစာစောင် ၅ (အကြောင်းအရာများ တွဲဆက်၊ ချိတ်ဆက်သည့်လေ့ကျင့်ခန်း)

### ပံ့ပိုးသူကြိုတင်ပြင်ဆင်ရန်

- ရုပ်ပုံများ ကဲ့သို့သော သင်ထောက်ကူပစ္စည်းများကို မိတ္တူကူးထားပါ။

- အောက်ပါလုပ်ဆောင်ရမည့် လုပ်ငန်းများကို flipchart စာရွက်ကြီးပေါ်တွင်ကြိုရေးထားပါ။
  **အုပ်စုလိုက်ဆောင်ရွက်ရမည့် လုပ်ငန်း**
  → သမာရိုးကျမဟုတ်ဘဲ ကျွမ်းကျင်မှုများကို မည်ကဲ့သို့သင်ယူခဲ့သနည်း။
  → သင်ယူမှုတွင် မည်သည့်အရာများကအကူအညီ ဖြစ်စေခဲ့နည်း။
  → သင်ယူမှုမှာမည်သည့်အရာများက အဟန့်အတားဖြစ်စေခဲ့လဲ။

- အောက်ပါအချက်များကို flipchart စာရွက်ကြီးပေါ်တွင်ရေးထားပါ။
  **အရွယ်ရောက်သူများ အကောင်းဆုံးသင်ယူနိုင်သော အခြေအနေများ**
  → မိမိသဘောဆန္ဒအရသင်ယူလိုသည်ကို သူတို့ကိုယ်တိုင်ရွေးချယ်ခွင့် ရသောအခါ။
  → သက်တူရွယ်တူ၊လုပ်ငန်းတူသူများ အချင်းချင်း အတွေ့အကြုံများ မျှဝေခွင့်ရသောအခါ။
  → သူတို့ကိုယ်တိုင် တက်ကြွစွာ ပါဝင်ခွင့်ရသောအခါ။
  → သူတို့ရဲ့လက်ရှိလုပ်ကိုင်နေသော အလုပ်/ဘဝနှင့် ပတ်သက်သော သင်တန်းတွေကို တက်ရသောအခါ။
  → သူတို့၏ ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားခံရသောအခါ။

## လုပ်ငန်းစဉ်များ

### သီးစုံသုပ် (အုပ်စုခွဲ အားသစ်လောင်းကစားနည်း) ၁၀ မိနစ်

၁။ နေ့စဉ်မတူညီသော အုပ်စုများဖွဲ့မည်ဆိုသည်ကို ကြိုတင်ပြောပြထားပါ။ ထိုကြောင့်ပါဝင်သူများအနေဖြင့် မတူညီသော အုပ်စုများဖြင့်ဆွေးနွေးမှုများ လုပ်ဆောင်ရမည်ဖြစ်ပြီး မတူညီသော အုပ်စုဖွဲ့ကစားနည်းများကို သိရှိသွားမည်ဖြစ်ကြောင်းပြောပါ။
၂။ သီးစုံသုပ် ကစားနည်းကို သိသောသူ တစ်ဦးဦးများရှိပါလားဟုမေးပါ။ အကယ်၍ ကစားဖူးသူရှိပါက မည်ကဲ့သို့ ကစားရကြောင်း ၊ အဘယ်ကြောင့် ထိုကစားနည်းကို အသုံးပြုရကြောင်း မေးပါ။
(အားသစ်လောင်းရန် နှင့် အုပ်စုဖွဲ့ရန်)
၃။ ပံ့ပိုးသူမှ အုပ်စုအရေအတွက် မည်မျှဖွဲ့မည်ကို ဆုံးဖြတ်ပါ။ (ဆိုကြပါစို့ အဖွဲ့ဝင် ၄ ယောက် ၅ ယောက်ပါ သော အဖွဲ့ ၅ ဖွဲ့) ပါဝင်သူအားလုံးကို စက်ဝိုင်းပုံစံအဖြစ်ထိုင်ခုံများယူ၍ ထိုင်စေပါ။ ထိုင်ခုံ အပိုရှိ မနေစေရပါ။ (သင့်၏ ကုလားထိုင်ကို ဖယ်ထုတ်ထားပါ။) စက်ဝိုင်းအလယ်တွင် သင် ရပ်နေပါ။ သင်အုပ်စု ၅ စုလိုချင်လျှင် ပါဝင်သူများထဲမှ ၎င်းတို့ကြိုက်သော အသီး/သစ်သီး ၅ မျိုး၏ အမည်ကို မေးပါ။ (မှတ်ချက်- တစ်ယောက်ထဲအား မမေးရန်။)
၄။ သင်အုပ်စု ၄ စုလိုချင်လျှင် အသီး/သစ်သီး ၄ မျိုး၏ အမည်ကို မေးပါ။
၅။ ထို့နောက် ပါဝင်သူတစ်ယောက်ချင်းစီအား ၎င်းတို့ပြောပြထားသော သစ်သီးအမည်တစ်ခုစီကို ပါဝင်သူများ အားအစဉ်လိုက် ပေးပါ။ ထပ်မံပြန်ကျော့ပါ။ ဥပမာ - သရက်သီး၊ ငှက်ပျောသီး၊ ပန်းသီး၊ လိမ္မော်သီး၊ ဖရဲသီး။ သရက်သီး၊ ငှက်ပျောသီး၊ ပန်းသီး၊ လိမ္မော်သီး၊ ဖရဲသီး။ သရက်သီး၊ ငှက်ပျောသီး၊ ပန်းသီး၊ လိမ္မော်သီး၊ ဖရဲသီး…………………

၆။ ပါဝင်သူများအား ၎င်းတို့၏ အသီးနာမည်များ၊ အသီးတူအုပ်စုဝင်များအား မှတ်မိစေရန် အသီးနာမည်များ မေးမြန်းပြီး စစ်ဆေးပါ။ ဥပမာ - ပန်းသီးအားလုံး လက်ထောင်ပါ၊ (သို့) မတ်တပ်ရပ်ပါဟု ပြောပါ။ မိမိတို့အဖွဲ့တွင် ပါဝင်သောသူများကို သေချာမှတ်သားထားရန်ပြောပါ။ ကျန်အဖွဲ့များကိုလည်း ထိုနည်းအတိုင်းပြုလုပ်ပါ။
၇။ ပါဝင်သူများအား သစ်သီးအမည်များကို အော်မည်ဖြစ်ကြောင်းပြောပြပါ။ ထိုသို့အော်ပါက အော်လိုက်သည့် သစ်သီးများသည် မိမိတို့နေရာမှထပြီး အခြားမိမိနှင့်အဖွဲ့တူ အသီးထိုင်ခုံနေရာ များသို့ အမြန်ဆုံးပြောင်းရွှေ့ ထိုင်ရမည်ဖြစ်ကြောင်းပြောပြပါ။ ထိုနည်းအတိုင်း နှစ်ကြိမ်၊ သုံးကြိမ်ခန့် ကစားပြီးချိန်တွင်သင်ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်ပါ။ ထိုအခါ ထိုင်ခုံမရဘဲ ကျန်ခဲ့သူအား အသီးတစ်မျိုးမျိုးနာမည် အော်ပြီး နေရာဝင်ယူရန်ပြောပါ။ အကယ်၍ တစ်ယောက်ယောက်က သီးစုံသုပ် ဟု အော်လိုက်လျှင် လူတိုင်းပြေးကာ ထိုင်ခုံ နေရာ ပြောင်းရွှေ့ ရမည် ဆိုသည်ကို ပြောပါ။ (မိမိနှင့်ကပ်လျက်ခုံကိုသာပြောင်းရွှေ့ခြင်းမျိုးခွင့်မပြုရပါ။)
၈။ ထိုနည်းအတိုင်း ၆ ကြိမ် မှ ၈ ကြိမ်ခန့်ကစားပါ။ နောက်ဆုံးတွင် သင်အနေဖြင့် ထိုင်ခုံနေရာတွင် မယူဘဲ ရပ်နေပါ။
၉။ ပါဝင်သူများအား မိမိတို့အသီးအုပ်စုများ အားမှတ်မိပါသလား ဟုမေးပါ။ ထို့နောက် ယနေ့တစ်နေကုန် ယခုအုပ်စုအတိုင်း အုပ်စုဖွဲ့ဆွေးနွေးမှုများပြုလုပ်ရမည်ဆိုသည်ကို ပြောပါ။

**သင်တန်း နှင့် ပံ့ပိုးကူညီခြင်း ခြားနားချက်- (ပံ့ပိုးသူနှင့် ပါဝင်သူများ အပြန်အလှန် ဆွေးနွေးခြင်း- ၅ မိနစ်)**

၁။ အောက်ပါအတိုင်းကြိုတင်ရေးထားသော Flipchart ကိုပြပါ။

က။ ကျောင်းဆရာ နှင့် ကျောင်းသား

ခ။ သင်တန်းဆရာ နှင့် သင်တန်းသား

ဂ။ ပံ့ပိုးကူညီသူ နှင့် ပါဝင်ဆွေးနွေးသူ

၂။ ထို ၃ မျိုး၏အဓိပ္ပါယ် တူပါသလား။ အောက်ပါ အတွေးအမြင်များဆီဦးတည်ပြီး ဆွေးနွေးမှုများဖြစ်လာစေရန် ပြုလုပ်ပါ။

(က) ကျောင်းဆရာ နှင့် သင်တန်းဆရာသည် အများအားဖြင့် တူပါသည်။ ၎င်းတို့သည် ကျောင်းသား (သို့) သင်တန်းသား များကို ၎င်းတို့ပေးချင်သော ဗဟုသုတများ သတင်းအချက်အလက် အဖြေများသည် ရှိပြီးသားဖြစ်ပါသည်။

(ခ) ပံ့ပိုးကူညီသူများသည် ပါဝင်ဆွေးနွေးသူများ၏အတွေ့အကြုံများ ဗဟုသုတများကို လေးစားတန်ဖိုး ထားသည်၊ သူတို့ဆီတွင်ရှိနေသော သူတို့၏ပြဿနာကို တွေ့မြင်နိုင်စေရန် ကူညီဖော်ထုတ် ပေးပြီးသူတို့၏ပြဿနာကို အကောင်းဆုံး ဖြေရှင်းနိုင်မည်နည့်နည်းလမ်းများကို အုပ်စုနှင့်အတူ ရှာဖွေဖော် ထုတ်နိုင်ရန် ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးပါသည်။

၃။ ၎င်းတို့၏ ကွဲပြားခြားနားမှုကို ပါဝင်သူများကောင်းစွာ နားလည်သဘောပေါက်သွားပြီဆိုလျှင် အသေးစိတ်ဆွေးနွေးမှုလုပ်ငန်းများလုပ်ဆောင်ရန် ဆက်သွားပါ။

(မှတ်ချက် - အကယ်၍ ပါဝင်သူများထဲမှ သင်တန်းဆရာတစ်ယောက်သည် အခြားနည်းလမ်းဖြင့်လည်းလုပ်ဆောင် နိုင်သည်ဟု မလျှော့တမ်းပြောနေလျှင် ထိုအချက်ကို လက်ခံလိုက်ပါ။ သင့်အနေဖြင့် ပံ့ပိုးကူညီသူနဲ့ ပါဝင်ဆွေးနွေးသူတို့ရဲ့ အခေါ်အဝေါ် အသုံးအနှုန်းကို ပါဝင်သူများ ဇဝေဇဝါ မဖြစ်ဘဲ

သေချာစေရုံမျှသာ ပြောပါ။ (ယနေ့ခေတ်တွင် ဆရာတော်တော်များများသည် PRA ဟုခေါ်သော အားလုံးပူးပေါင်းပါဝင်နိုင်သည့်နည်းလမ်းများကို အသုံးပြုလာကြပြီ ဖြစ်သောကြောင့်ဖြစ်သည်။)

**သမာရိုးကျ (ကျောင်း၊ စာသင်ခန်းထဲ၊ တက္ကသိုလ်၊ သင်တန်း) တွင်မဟုတ်ဘဲ မည်သည့်အရာများ သင်ယူခဲ့ကြပါသလဲ။ - တစီစီဆွေးနွေးခြင်း /နှစ်ယောက်တစ်တွဲဆွေးနွေးခြင်း (၅ မိနစ်)**

၁။ အရွယ်ရောက်ပြီးသူများသင်ယူလေ့လာသော နည်းလမ်းများနှင့် ပတ်သက်၍ အမျိုးမျိုးသော လုပ်ငန်းများ ကို ယခုသင်ခန်းစာတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ၊ ထိုလုပ်ငန်းများတွင် ကျွန်ုပ်တို့ မည်ကဲ့သို့ သင့်တော်သော ပံ့ပိုးကူညီမှုနည်းလမ်းများကို လုပ်ဆောင်သွားမလဲ ဆိုသည်ကို ကြည့်ကြရမည်ဖြစ်ကြောင်း ပြောပါ၊
၂။ (ကျောင်းတွင်၊ စာသင်ခန်းထဲတွင်၊ တက္ကသိုလ်တွင်၊ သင်တန်းတွင်) မဟုတ်ဘဲ တတ်မြောက်ခဲ့သော အရာ ၊ လုပ်နိုင်သောအရာများကို စာရင်းပြုစုစေချင်ကြောင်း ပြောပါ။ (တစ်ချို့သည် ကလေးဘဝထဲတွင် သင်ယူခဲ့သောအရာ၊ တစ်ချို့သည် အရွယ်ရောက်မှသင်ယူခဲ့သော အရာများ, ဥပမာ- စက်ချုပ်၊ ရေကူး၊ ဆောက်လုပ်ရေး၊ စက်ဘီးစီး၊ ဆိုင်ကယ်စီး၊ ကားမောင်း၊ ထမင်းချက်၊ ကလေးထိန်း၊ စိုက်ပျိုးမွေးမြူရေး၊ လယ်လုပ်တတ်၊ ဝင်ငွေရလုပ်ငန်းလုပ်တတ်ခြင်း၊...........................။စသည်တို့ကို ဥပမာပေးပါ။)
၃။ မိမိ၏ပါတနာနဲ့ နှစ်ယောက်တစ်တွဲ ဆွေးနွေးရမည်။ တစ်ယောက်လျှင် ၅ ချက်မှ ၁ဝ ချက်ထိ ချရေးထားရပါမည်။ ၄င်းအတွက်အချိန် ၅ မိနစ်ရမည် ဖြစ်ကြောင်းပြောပါ။

**အရွယ်ရောက်သူတွေရဲ့ သင်ယူမှုမှာ ဘာတွေကအကူအညီ ဖြစ်စေခဲ့ပြီး ဘာတွေက အဟန့်အတား ဖြစ်စေခဲ့လဲ။ - အုပ်စုဖွဲ့ဆွေးနွေးခြင်း နှင့် ပြခန်းတွင်းလှည့်လည်ကြည့်ရှုခြင်း (၃၅ မိနစ်)**

၁။ ယခုဆက်၍ မနက်ခင်းအချိန်တွင်ခွဲထားသော အသီးအုပ်စု အတိုင်း flipchart ပေါ်တွင် ရေးထားသော မေးခွန်း ၃ ခု ကို ဆွေးနွေးကြရမည် ဖြစ်ကြောင်း ပြောပါ။
**အုပ်စုဖွဲ့ဆောင်ရွက်ရမည့် လုပ်ငန်း**

→ အရွယ်ရောက်သူများ မည်သည့်အရာများကို မည်သို့သင်ယူခဲ့သလဲ။
→ သင်ယူမှုတွင် မည်သည့်အရာများက အကူအညီ ဖြစ်စေခဲ့သလဲ။
→ သင်ယူမှုတွင် မည်သည့်အရာများက အဟန့်အတားဖြစ်စေခဲ့သလဲ။

၂။ သင်ယူရာတွင် တစ်ယောက်ယောက်မှ စောင့်ကြည့်ပေးခြင်းသည် အကူအညီဖြစ်စေပြီး မိမိကို လူတွေရီမှာကြောက်ခြင်း စသည်တို့သည် သင်ယူရာတွင် အဟန့်အတားဖြစ်စေပါသည် ဆိုသည်ကို ဥပမာပေးပါ။ ထို့နောက် အထက်ပါမေးခွန်းများကို Flipchart ပေါ်တွင် အုပ်စုလိုက်ဆွေးနွေးပေးရမည်ဖြစ်ကြောင်း ပြောပါ။
၃။ မိမိတို့အုပ်စုအလိုက် ထိုင်ရန်ပြောပါ။ Flipchart နှင့် Marker pen များဝေပေးပါ။ ဆွေးနွေးရန် အချိန် မိနစ် ၂ဝ ရကြောင်းပြောပါ။
၄။ အချိန်ပြည့်ရန် ၅ မိနစ်အလိုတွင် အချိန် ၅ မိနစ်သာကျန်တော့ကြောင်း သတိပေးပါ။ ဆွေးနွေးမှုကို လက်စသတ်ရန် ပြောပါ။
၅။ အချိန်စေ့သောအခါ မိမိတို့ဆွေးနွေးထားသော စာရွက်ကြီးများကို နံရံတွင်ကပ်စေပါ။ ပါဝင်သူအားလုံးအား အခြားအဖွဲ့များ၏ ဆွေးနွေးချက်များကို လှည့်လည်ကြည့်ရှုစေကာ မိမိတို့အဖွဲ့ဆွေးနွေးထားသော

ဆွေးနွေးချက်များနှင့် မည်သည်အရာများသည် တူညီကြပြီး မည်သည့်အရာများသည် ကွဲပြားကြသည်ဆိုသည်ကို ကြည့်ရှုမှတ်သားစေပါ။ အရေးကြီးသော အချက်များကို ဆွေးနွေးပါ။ "တခြားအဖွဲ့များ၏ ဆွေးနွေးချက်များမှ အတွေးအခေါ်သစ်များရရှိခဲ့ပါသလား။ ရရှိခဲ့ပါက ဘာတွေသင်ယူရရှိခဲ့ပါသလဲ"ဟုမေးပါ။

၆။ "ပါဝင်သူများတွင် ကလေးရှိသောသူ ဘယ်နှစ်ယောက်ပါသလဲ"ဟုမေးပါ။ ရှိလျှင် "ကလေးတစ်ယောက်အား လေ့ကျင့်သင်ကြားဖူးပါသလား။ ကလေးတစ်ယောက်ကိုဒီလိုနည်းလမ်းတွေနဲ့ လေ့ကျင့်သင်ကြားရင်ဘယ်လို နေမယ်ထင်လဲ၊ ယခုကဲ့သို့သော နည်းလမ်းများဖြင့် လေ့ကျင့်သင်ကြားလျှင် မည်ကဲ့သို့ ဖြစ်မည် ထင်ပါသလဲ။ လိုက်လုပ်နိုင်မည်ဟုထင်ပါသလား။" ဟုမေးပါ။ (အဖြေမှာ - အခက်အခဲတွေရှိတယ်။ အချိန်အရမ်းကုန်တယ်)

၇။ ယခုလိုနည်းလမ်းများကို ကျွန်ုပ်တို့ရဲ့လုပ်ငန်းတွေမှာ မည်ကဲ့သို့အသုံးချနိုင်သနည်း။ ရပ်ရွာလူထုနှင့် အလုပ်လုပ်ရာတွင် မည်သည့်အရာများကို ပြုလုပ်သင့်ပြီး မည်သည့်အရာများကိုရှောင်ရှားသင့်လဲ ဟုမေးပါ။

## အရွယ်ရောက်သူများ သင်ယူမှုဆိုင်ရာ သီအိုရီ - သတင်းအချက်အလက်ပေးခြင်း နှင့် ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။"အရွယ်ရောက်သူတစ်ဦးအတွက် ကျောင်းတွင်သင်ကြားခဲ့သောနည်းလမ်းများ သည် ထိရောက်သောသင်ကြားခြင်း နည်းလမ်း ဖြစ်ပါသလား" ဟုမေးပါ။ "ဖြစ်တယ်ဆိုရင် ဘာကြောင့်ဖြစ်တယ်လို့ထင်ရတာလဲ၊ မဖြစ်ဘူးဆိုရင် ဘာကြောင့် မဖြစ်ဘူး ထင်ရတာလဲ" ဆိုသည်ကိုဆက်လက်မေးမြန်းပါ။ (အချို့သူများသည် ကိုယ်တိုင်ပါဝင် လေ့လာရသောနည်းလမ်းများဖြင့် သင်ကြားခံခဲ့ရသောသူများလည်း ရှိနိုင်ပါသည်၊ အများအားဖြင့် အဆင်သင့်ခွံကျွေးသောပုံစံ ၊ အလွတ်ကျက်မှတ်ခြင်းနည်းနဲ့ သင်ကြားသောပုံစံ ကိုသင်ကြားခံခဲ့ရတာ များပါသည်။)

၂။ ပုံ ၁ **the petrol-pump education picture** (ဓါတ်ဆီဆိုင်တွင် ဆီဖြည့်သည့်နည်းကဲ့သို့ သင်ကြားခြင်း) လက်ကမ်းစာစောင်ပုံကိုဝေပါ။ ယခုပုံထဲတွင်သင်ကြားသောနည်းသည် မည်ကဲ့သို့သောသင်ကြားနည်းမျိုး ဖြစ်သနည်းဟု မေးပါ။ အဖြေမှန်ရစေရန် လမ်းညွှန်မေးခွန်းများကို အသုံးပြုပြီး ဦးဆောင်ဆွေးနွေးပါ။

(က) ဆီမရှိသော ကားထဲသို့ ဆီဖြည့်နေသော ပုံ သည် ဘာမှမသိသေး မရှိသေးသော ကျောင်းသားများ၏ ဦးခေါင်း ထဲသို့ အစစအရာရာ အကုန်သိနေသော ဆရာမှ သတင်းအချက်အလက် များကို လောင်းထည့် နေ ခြင်းနဲ့တူ ပါသည်။ ၎င်းကို နောက်တစ် နည်းအားဖြင့် banking education ဟုလည်း ခေါ်ပါသည်။ အဘယ့်ကြောင့် ထိုကဲ့သို့ခေါ်သည်ဟု ထင်ပါသလဲ ဟုမေးပါ။ (အစပိုင်းတွင် ဘဏ်ထဲမှာ မည်သည့်ပိုက်ဆံမှ မရှိသေးပါ။ လူတွေက စုရင်းစုရင်းနဲ့မှ ပိုက်ဆံတွေများများလာခြင်း ဖြစ်သည်။ ကျောင်းသားများ၏ဦးနောက်ထဲတွင်လည်း ငယ်စဉ်ကကျောင်းတက်ကာစတွင် အသိပညာများမရှိသေးပဲ ဆရာများက သတင်းအချက်အလက်များလောင်းထည့်ပေး၍ အသိပညာများ များပြားလာခြင်းနှင့် တူညီသည်။ )

(ခ) ယခုကဲ့သို့သောသင်ကြားခြင်းနည်းလမ်းသည် အရွယ်ရောက်ပြီးသောသူများအတွက် ထိရောက်သော နည်းလမ်း ဖြစ်သည်ဟုထင်ပါသလား ဟုမေးပါ။ မထင်ပါဟုဆိုလျှင် အဘယ်ကြောင့်ယခုသင်ကြားသောနည်းလမ်းသည် အရွယ်ရောက်ပြီးသူများအတွက် ထိရောက်မှု မရှိရသနည်း ဟုမေးပါ။ (အရွယ်ရောက်ပြီးသောသူများမှာ သူတို့ဘဝတွင် လေ့လာခဲ့သော အသိပညာ ဗဟုသုတများရှိကြောင်း ၊ ဖြတ်သန်းခဲ့သော အတွေ့အကြုံများ ရှိကြောင်း ၊ သူတို့ခေါင်းထဲမှာ ဘာမှမရှိတာ မဟုတ်ကြောင်း ပြောထွက်လာစေရန် ပံ့ပိုးကူညီပါ။)

၃။ ၄င်းနဲ့ပတ်သက်၍ ပိုမိုအသေးစိတ်သော သုတေသနလေ့လာချက်များကို လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ကြပါသည်။ ၄င်းနဲ့ပတ်သက်ပြီး အရွယ်ရောက်သောသူများ မည်ကဲ့သို့သောအခြေနေများတွင် အကောင်းဆုံးသင်ယူနိုင်ကြကြောင်း ( လက်ကမ်းစာစောင် ၆ - **Adult learning principles )** ကို flipchart စာရွက်ကြီးတွင် ရေးကာ နံရံတွင် ကပ်ပါ။ flipchart ပေါ်တွင် ရေးထားသော အချက်များနှင့် ပါဝင်သူများ အုပ်စုဖွဲ့ဆွေးနွေးထားသော သူတို့ကိုယ်ပိုင်သင်ယူမှုတွင် မည်သည့်အရာများသည် အကူအညီဖြစ်စေပြီး၊ မည်သည့်အရာများသည် အဟန့်အတားဖြစ်စေလဲ ဆိုသော အချက်များကို ချိတ်ဆက်ပါ။

၄။ သူတို့၏ ရပ်ရွာလူထုနှင့်လုပ်ကိုင်နေသော လုပ်ငန်းတွင် မည်ကဲ့သို့ချိတ်ဆက်နေသည်ကို တစ်ချက်ချင်း စီကို ပြန်လည်ဆွေးနွေးပါ။

(က) အရွယ်ရောက်သောသူများသည် သူတို့လေ့လာသင်ယူချင်သော အကြောင်းအရာကို သူတို့ကိုယ်တိုင် သူတို့စိတ်ဆန္ဒနဲ့ ရွေးချယ်ခွင့်ရသောအခါ။

"ယခုအလုပ်ရုံဆွေးနွေးပွဲကို မိမိတို့စိတ်ဆန္ဒနှင့်လာတက်ကြတာလား၊ ဒါမှမဟုတ် တစ်ယောက်ယောက်ကတက်ဖို့ တိုက်တွန်းလို့လာတက်ကြတာလား" ဟုမေးပါ။ "တစ်ယောက်ယောက်မှ တက်ရန် တိုက်တွန်းသောကြောင့် လာတက်ရသည်ဆိုလျှင် သင်ယူမှုတွင် မည်ကဲ့သို့ အကျိုးသက်ရောက်မည်ဟုထင်လဲ" ဟုမေးပါ။

(ခ) သူတို့နဲ့စိတ်တူကိုယ်တူ၊ ဘဝတူတွေအချင်းချင်း၊ (သက်တူရွယ်တူအချင်းချင်း) သူတို့ရဲ့အတွေ့အကြုံတွေကို အပြန်အလှန် မျှဝေခွင့်ရသောအခါ။

(ဂ) သူတို့ကိုယ်တိုင်တက်တက်ကြွကြွ ပါဝင်ခွင့်ရသောအခါ။

(ဃ) သင်ယူရတဲ့အကြောင်းအရာသည် သူတို့ရဲ့ဘဝ၊သူတို့ရဲ့ အလုပ်အကိုင်နဲ့ကိုက်ညီမှုရှိသောအခါ။

(င) သူတို့ရဲ့ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထား ဆက်ဆံခံရသောအခါ။

၅။ အရွယ်ရောက်သောသူများ၏ လေ့လာသင်ယူမှုနဲ့ပတ်သက်ပြီး မည်ကဲ့သို့သင်ယူလျှင် အကောင်းဆုံး မှတ်မိနိုင်လဲဆိုသည်နှင့် ပတ်သက်သောနည်းလမ်းများကို စမ်းသပ်ခဲ့ကြသည်။ **talking heads** စကားပြောသောဦးခေါင်းကလေးများ ရုပ်ပုံစာရွက်အား လက်ကမ်းဝေငှပါ။ **learning pyramid** ပုံကို flipchart စာရွက်ကြီးတွင် ကြိုတင်ရေးဆွဲထားပါ။

က။ မတူညီသောနည်းလမ်းများကို အသုံးပြုခြင်းဖြင့် ကျွန်ုပ်တို့အတွက် မှတ်မိသိရှိနိုင်မှု မည်မျှကျန်ခဲ့သနည်းဆိုသည်ကို ယခုပုံမှ ရှင်းရှင်းလင်းလင်းပြသပေးသည်။ ယခုပုံကို သင်ယူခြင်းပိရမစ် ဟုခေါ်သည် ဟုပြောပါ။

၆။ ပါဝင်သူများအား သင်ယူခြင်းပိရမစ်ဖလစ်ချပ်အားကြည့်စေပါ။

က။ ဖတ်ပဲဖတ်လျှင် ၁၀%

ခ။ ကြားလျှင် ၂၀%

ဂ။ မြင်လျှင် ၃၀%

ဃ။ မြင်လည်းမြင်၍ ကြားလည်းကြားလျှင် ၅၀ %

င။ တခြားသူများနှင့် ထိုအကြောင်းအရာများကို ဆွေးနွေးလျှင် ၇၀%

စ။ အတွေ့အကြုံယူ၊ လက်တွေ့လုပ်ဆောင်လျှင် ၈၀%
ဆ။ တခြားသူများကို ပြန်သင်ပေးလျှင် ၉၅% မှတ်မိကြသည်။

၇။ သင်ကြားသောသူများသည် မည်ကဲ့သို့သောပုံစံမျိုးဖြင့် သင်ကြားသင့်သနည်း။

က။ သင်ကြားခြင်းထက် လေ့လာသင်ယူနိုင်စေရန် လုပ်ဆောင်ပေးသင့်သည်။

ခ။ သူတို့သင်ယူချင်သော အကြောင်းအရာတစ်ခုကို သူတို့ကိုယ်တိုင် ရှာဖွေနိုင်သော အခြေအနေကို ဖန်တီးပေးသင့်သည်။

ဂ။ သင်ကြားသောသူများသည် စကားနဲနဲသာပြောပြီး ၊သင်ယူသောသူများကို စကားများများပြောစေကာ သူတို့ဘဝတူအချင်းချင်းပြောဆိုဆွေးနွေးစေခြင်းဖြင့် သူတို့ အကောင်းဆုံးမှတ်မိနိုင်ကြသည်။

၈။ သတင်းအချက်အလက်အသစ်များကို ဘယ်တော့မှ မရရှိနိုင်ဘူးဟု မဆိုလိုပါ။ သို့သော်လည်း ထိုသတင်း အချက်အလက်အသစ်များကို သင်ယူသူများက မိမိတို့ကိုယ်တိုင်ရှာဖွေဖော်ထုတ်ခြင်း၊ ဖြစ်စဉ်ပေါ် ဆင်ခြင်သုံးသပ်ခြင်း နှင့် လေ့လာဆန်းစစ်ခြင်း တို့ဖြင့်သာရရှိသင့်သည်ဟု ပြောပါ။

**သင်ယူမှုဆိုင်ရာ ကြောင်လိမ်စက်ဝန်း နှင့် ပူးပေါင်းပါဝင်သောနည်းဖြင့်သင်ကြားခြင်း - နှစ်ယောက်တစ်တွဲ နှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း (၂၅ မိနစ်)**

၁။ ယခုကဲ့သို့သော အရွယ်ရောက်သောသူများကို သင်ကြားပို့ချသောနည်းလမ်းသည် ၁၉၇၀ နောက်ပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်တယ်။ ၁၉၇၀ ရှေ့ပိုင်းတွင် petrol pump education ၊ Banking education သင်ကြားမှုမျိုးကိုသာ အသုံးပြုခဲ့ကြသည်။ ယခုကဲ့သို့ သင်ယူသောနည်းလမ်းအသစ်များကို PLA (Participatory Learning and Action) or PRA (Participatory Reflection and Action) or, Participatory Rural Appraisal/Approach) ပူးပေါင်းပါဝင်သောနည်းဖြင့်ချဉ်းကပ်သင်ကြားခြင်း ဟုခေါ်ကြသည်။

၂။ **သင်ယူမှု ဆိုင်ရာကြောင်လိမ်စက်ဝန်း** ရေးထားသော ဖလစ်ချပ်စာရွက်ကို ကပ်ပါ။ လက်ကမ်းစာစောင် ဝေငှပါ။ ပါဝင်သူများကို ပထမဆုံးအချက်အား ဖတ်စေပါ။နံပါတ် ၁ သည် "အတွေ့ကြုံယူခြင်းဖြစ်သည်။" တစ်ခုခုကို လုပ်ဆောင်လိုက်ပြီးငှင်းမှ အတွေ့အကြုံယူသည်။ ထို့နောက် နောက်တစ်ဆင့်ကို ဖတ်စေပါ။ "ပြန်လည်ဆင်ခြင်သုံးသပ်သည်။" ကျွန်ုပ်တို့တွေ့ကြုံလိုက်သော အတွေ့အကြုံပေါ် ပြန်လည်ဆင်ခြင်သုံးသပ်သည် (reflect လုပ်သည်၊ Analyze လုပ်သည်)၊ ဆက်လက်ပြီး နောက်တစ်ဆင့် ဖတ်စေပါ။ နောက်တစ်ဆင့်သည် "ခြုံငုံကောက်ချက်ချသည်။" အတွေ့အကြုံပေါ် ဆင်ခြင်သုံးသပ်ထားခြင်းတွင် မည်သည့်အရာကို အားရသည်၊ မည်သည့်အရာများသည် အားနည်းသည်။ အားသာချက်၊ အားနည်းချက်များကို ရှာဖွေပြီး နောက်တစ်ကြိမ်တွင် ယခုအကြိမ်ထက် ပိုမိုကောင်းမွန်စေရန် မည်ကဲ့သို့ပြုလုပ်မည် ဟု ဆိုပြီး Conclusion လုပ်သည်၊ ခြုံငုံကောက်ချက်ချလိုက်သည် ။ နောက်ဆုံးတွင် "ပြန်လည်အသုံးချသည်။" ထိုစက်ဝိုင်းသည် လည်ရင်းလည်ရင်းဖြင့် အပေါ်ကိုတက်သွားမည် ဟုပြောပါ။ ကြောင်လိမ်လှေကားအား မြင်ဘူးပါသလား ဟုမေးပါ။ ကြောင်လိမ် လှေကားသည် အဝိုင်းလိုက်

လည်ပြီးအပေါ်ကိုတက်သွား သကဲ့သို့ ကျွန်ုပ်တို့၏သင်ယူမှုသည်လည်း လည်ရင်း လည်ရင်း အပေါ်တက်သွားမည်။ တိုးတက်လာမည်။ ထိုအခါတွင် ကျွန်ုပ်တို့၏ ကျွမ်းကျင်မှုများ၊ သင်ယူမှုများသည်လည်း ပိုကောင်းလာမည်။ ၄င်းသည်အရွယ်ရောက်ပြီးသူများ၏ သင်ယူမှု ကြောင်လိမ်စက်ဝန်း ဖြစ်သည် ဟုရှင်းပြပါ။

နောက်တစ်ဆင့် အနေဖြင့် အသီးအုပ်စုများအတိုင်း အုပ်စုလိုက်လုပ်ဆောင်မှု တစ်ခုလုပ်မည် ဖြစ်ကြောင်း ပြောပါ။ **matching game** (အကြောင်းအရာများ တွဲဆက်၊ ချိတ်ဆက်သည့်လေ့ကျင့်ခန်း) လုပ်ဆောင်ရန် **handout 5** ကိုဝေပေးပါ။ ယခုအုပ်စု လိုက်အနေဖြင့် အရွယ်ရောက်သောသူများ၏ **သင်ယူမှု အကောင်းဆုံး အချိန်တွင်** ပံ့ပိုးသူ တစ်ယောက်အနေ ဖြင့် **ပံ့ပိုးသူ၏ တာဝန်က** မည်သည့်အရာများ လုပ်ဆောင်ရမည်ကို ဟိုဘက် ဒီဘက်ယှဉ်တွဲ ပေးရမည်ဖြစ်သည်ဟုပြောပါ။

၃။ အုပ်စုလိုက် လုပ်ဆောင်ရန် အချိန် ၁၅ မိနစ်ပေးပါ။

၄။ အချိန်စေ့သွားသောအခါ အုပ်စုလေးစုစီမှ ကိုယ်စားပြုအဖြေစာရွက်တစ်ရွက်ကိုယူ၍ အပြန်အလှန် လဲလှယ်စစ်စေပါ။ အဖြေတိုက်စစ်ရန် **Handout 6 –Adult learning principles** ကိုဝေပေးပါ။

၅။ ထို့နောက် ယခုယှဉ်တွဲရသည်မှာ အချက် ၁၂ ချက်လုံးမဟုတ်ပဲ အချက် ၆ ချက်ကိုသာ ယှဉ်တွဲရခြင်းဖြစ်ကြောင်း ၊ ယခုအချက်များသည် အရွယ်ရောက်သောသူများ မည်သို့ လေ့လာသင်ယူကြကြောင်း နိယာမဖြစ်ကြောင်း ၊ ကျန်သည့်အချက်များကို မိမိတို့အနေဖြင့် ထပ်မံ ဖတ်ရှုရန် လိုကြောင်းပြောပါ။

၆။ အခုနောက်ဆုံးအနေဖြင့် "နံနက်ပိုင်း Adult Learning ခေါင်းစဉ်တွင် မည်သည့်အရာများဆွေးနွေးခဲ့သည် ဆိုတာနဲ့ပတ်သက်ပြီး unpacking ပြန်လုပ်ပါမည်။ အရွယ်ရောက်သောသူများသည် မည်ကဲ့သို့သော အခြေအနေမှာ အကောင်းဆုံး လေ့လာသင်ယူနိုင်ကြလဲ။ မည်ကဲ့သို့သင်ယူလျှင် အကောင်းဆုံး မှတ်မိလဲဆိုသည်ကို ဆွေးနွေးခဲ့တယ်။ အရွယ်ရောက်သောသူများ၏သင်ယူမှုတွင် ပံ့ပိုးကူညီသူ တစ်ယောက် အနေဖြင့် မည်သည့်အခန်းကဏ္ဍမှ ပါဝင်သင့်လဲဆိုသည်ကို ဆွေးနွေးခဲ့ပါသည်။ ယခုသင်ခန်းစာနဲ့ပတ်သက်ပြီး မေးခွန်းများရှိလျှင် မေးလို့ရပါသည်။ ဆွေးနွေးချင်သော အရာများ ဆွေးနွေး လို့ရပါသည်။ မေးလာသောမေးခွန်းများရှိပါက ပြန်လည်ရှင်းလင်းပါ။ အကယ်၍ အချိန်မရှိတော့ပါက comment board ပေါ်တင်ထားပြီး နောက်ပိုင်းပြန်လည် ရှင်းလင်းပေးမည်" ဟုပြောကြားပြီး ကျေးဇူးတင်စကား ပြောကာ သင်ခန်းစာကို နိဂုံးချုပ်ပါ။

## နေ့လည်စာထမင်းစားနားချိန် ( ၁ နာရီ)

## သင်ခန်းစာ ၃ - ထိရောက်မှုရှိသော ပံ့ပိုးကူညီခြင်း နှင့် ထိရောက်မှုမရှိသော ပံ့ပိုးကူညီခြင်း

## သင်ခန်းစာအကျဉ်းချုပ်

ယခုသင်ခန်းစာသည် နေ့လည်စာစားပြီးချိန်ဖြစ်သောကြောင့် ပါဝင်သူများတက်ကြွစွာ ပါဝင်နိုင်စေရန် အားသစ်လောင်းကစားနည်းဖြင့် စတင်လေ့ရှိသည်။ ထို့နောက် ရပ်ရွာအတွင်းရှိ လူထုများသည် အစည်းအဝေးတစ်ခုကိုလာရောက်သော်လည်း ပံ့ပိုးသူ၏မှားယွင်းနေသော သဘောထားအပြုအမူကြောင့် အစည်းအဝေးမှ လူထုများ အစည်းအဝေးမပြီးမီ ထွက်သွားရသောရုပ်ပုံကို အသုံးပြုပါသည်။ ထိုပုံကိုအသုံးပြု၍ အရွယ်ရောက်ပြီးသူများ ပါဝင်သောလုပ်ငန်း တစ်ခု အဆင်ပြေရန် ယခင်ပြီးခဲ့သောသင်ခန်းစာမှ ထွက်ပေါ်လာသော ဆွေးနွေးချက်များနှင့် ချိတ်ဆက်ပါ။ ထို့နောက်ပါဝင်သူများကို ထိရောက်သောပံ့ပိုးကူညီခြင်းနှင့် မထိရောက်သော ပံ့ပိုးကူညီခြင်းတွင် မည်သည့်အချက်များပါဝင်သည်ကို ပုံဆွဲခြင်းအားဖြင့် အဖွဲ့လိုက်ဆွေးနွေးမှုကို ပြုလုပ်စေပါ။ အဖွဲ့လိုက်ဆွေးနွေးမှုအပြီးတွင် ပြခန်းတွင်းလှည့်လည် ကြည့်ရှုခြင်း နည်းဖြင့် မိမိတို့အဖွဲ့နှင့် အခြားသောအဖွဲ့တို့၏ ဆွေးနွေးမှုရလဒ်များကို နှိုင်းယှဉ်စေပါ။ နောက်ဆုံးအနှစ်ချုပ်အနေဖြင့် ပံ့ပိုးသူတစ်ယောက်အတွက် အသုံးဝင်သော အချက်များ၊အကြံပြုချက်များကို အဆင့်သတ်မှတ်ပေးရန် Handout 3 ကိုဖတ်ရှုလုပ်ဆောင်စေပါ။

**ကြာချိန်** - ၁ နာရီ ၃၀ မိနစ်

## ရည်ရွယ်ချက်

→ အရွယ်ရောက်ပြီးသူများသင်ယူခြင်း သီအိုရီတွင် ပါဝင်သော ပံ့ပိုးသူ၏ကျွမ်းကျင်မှုနှင့် ဝိသေသလက္ခဏာများအကြောင်းကို လက်တွေ့လုပ်ဆောင်နိုင်ရန်။
→ ထိရောက်သောပံ့ပိုးကူညီခြင်း နှင့် မထိရောက်သောပံ့ပိုးကူညီခြင်းအယူအဆများကို ရှင်းလင်းစွာ သိစေရန်။
→ အရွယ်ရောက်ပြီးသူများ လေ့လာသင်ယူရာတွင် အားပေးသောအရာများနှင့် အားမပေးသော အရာများကို သင်ယူသိရှိနိုင်စေရန်။

## သင်ထောက်ကူပစ္စည်းများ

→ လက်ကမ်းစာစောင် ၉ - ပံ့ပိုးသူအတွက် ထိပ်တန်းအသုံးဝင်သောအချက်များ (တစ်ယောက်လျှင် တစ်ရွက်စီ)
→ ရုပ်ပုံ ၈ က/ခ/ဂ ပါဝင်သော စာရွက် တစ်စုံစီ

## ပံ့ပိုးသူ ကြိုတင်ပြင်ဆင်ရန်

၁။လက်ကမ်းစာစောင် ၈ က/ခ/ဂ ပုံ ၃ ပုံကို ပါဝင်သူအရေအတွက်အတိုင်း အစုံလိုက် ကြိုတွဲထားရန်

## လုပ်ငန်းစဉ်များ

### ကြောင်နှင့်ကြွက် - အားသစ်လောင်း ကစားနည်း (၁၀ မိနစ်)

မှတ်သားရန် : ယခုကစားနည်းကိုကျယ်ဝန်းသော အခန်းနေရာလွတ်မရှိလျှင် ဆွေးနွေးပွဲခန်းမ၏ အပြင်ဘက်တွင် ကစားပါ။

၁။ ပါဝင်ဆွေးနွေးသူများအား ကြောင်နှင့်ကြွက် ကစားနည်းကို ယခင်က ကစားဖူးပါသလား (သို့) ကြားဖူးပါသလား ဟုမေးပါ။ ကြားဖူးသော (သို့) ကစားဖူးသော မည်သူမဆို ၄င်းကစားနည်း ကို ကျန်မသိသေးသောပါဝင်ဆွေးနွေးသူများကို ရှင်းပြစေပါ။ ဤကစားနည်းသည် စက်ဝိုင်း ပုံဝိုင်းထားသော ပါဝင်ဆွေးနွေးသူများအလယ်ရှိ ကြွက်အဖြစ်သရုပ်ဆောင်သူကို ကြောင်မှဖမ်းမိနိုင်ရန် ကြိုးစားရမည် ဖြစ်ကြောင်း လိုအပ်ပါက ထပ်မံရှင်းပြပါ။

၂။ ပါဝင်ဆွေးနွေးသူများအား စက်ဝိုင်းပုံ မတ်တပ်ရပ်ရန် ပြောပါ။

၃။ ပါဝင်ဆွေးနွေးသူထဲမှ စေတနာ့ဝန်ထမ်း ၂ ဦး အား ဖိတ်ခေါ်၍ တစ်ယောက်အား ကြောင်အဖြစ်ပါဝင်ကစားစေပြီး ကျန်တစ်ယောက်အား ကြွက်အဖြစ်ပါဝင်ကစားစေပါ။ ကြောင်အဖြစ်ပါဝင်ကစားမည့်သူကို စက်ဝိုင်းအပြင်ဘက်နှင့် ကြွက်အဖြစ်ပါဝင်ကစားမည့်သူကို စက်ဝိုင်းအတွင်းဘက်တွင် မတ်တပ်ရပ်ရန် ပြောပါ။

၄။ စက်ဝိုင်းပုံရပ်နေသော ပါဝင်ဆွေးနွေးသူများအား လက်ချင်းသေချာချိတ်ထားရန် ပြောပါ။

၅။ ကြောင်မှ ချိတ်ထားသောလက်များကိုဖြတ်ပြီး အဝိုင်းတွင်းရှိ ကြွက်ကိုမိအောင် ဖမ်းရမည် ဖြစ်ကြောင်း ရှင်းပြပါ။ ကြွက်သည် ကြောင်၏တည်နေရာပေါ် မူတည်ပြီး အဝိုင်းအတွင်းနှင့်အပြင်ဘက် ပြေးနိုင်သည်။

၆။ စက်ဝိုင်းပုံရပ်နေသော ပါဝင်ဆွေးနွေးသူများမှလည်း ကြောင်ကိုအဝိုင်းထဲသို့ မဝင်နိုင်စေရန်နှင့် ကြွက်ကို သူလိုအပ်သည့်နေရာသို့ ပြေးလွှားနိုင်ရန် အကောင်းဆုံး ကြိုးစားကာကွယ် ပေးရမည်။ သို့ရာတွင် လက်များကိုသေချာချိတ်ထားရမည်ဖြစ်ကြောင်း ပြောပါ။ ကြွက်ကို သေချာစွာဖမ်းမိရန် လိုအပ်သည်။ (လက်ဖျားဖြင့် ထိရုံထိမိခြင်းသည် ဖမ်းမိခြင်းအဖြစ် အကျုံးမဝင်ပါ။)

1. ပါဝင်ဆွေးနွေးသူအားလုံး အသင့်ဖြစ်၊မဖြစ် မေးမြန်းပြီး စတင်ကစားနိုင်သည်။
2. ကြွက်ကိုဖမ်းမိသည့်အချိန်အထိ (သို့) ကြောင်က လက်လျှော့အရှုံးပေးသည် အထိကစားပါ။
3. ဖမ်းမိပြီးလျှင် အခြားစေတနာ့ဝန်ထမ်း ၂ တွဲကို ထပ်မံဖိတ်ခေါ်၍ ထိုနည်းအတိုင်း နောက်ထပ် ၂ ကြိမ်ထပ်မံကစားစေပါ။
4. ပြီးလျှင် လူတိုင်းကိုပြန်ထိုင်စေပြီး သူတို့၏ခံစားချက်နှင့် သင်ခန်းစာဆက်သွားရန် အဆင်သင့်ဖြစ်မဖြစ် မေးပါ။

### မည်သည့်အရာက မှားသွားခဲ့သလဲ။ - ရုပ်ပုံသင်္ကေတ ၊ ပံ့ပိုးသူနှင့် ပါဝင်သူများအပြန်အလှန် ဆွေးနွေးခြင်း (၂၅မိနစ်)

(မှတ်သားရန် : ရုပ်ပုံသင်္ကေတ၏ အဓိကအချက်မှာ ပါဝင်ဆွေးနွေးသူများအနေဖြင့် ပုံထဲတွင် မည်သည့် အရာများဖြစ်ပျက်နေသည်ကို ခန့်မှန်းပြောဆိုရန် ဖြစ်သည်။ ပါဝင်ဆွေးနွေးသူများက ထိုပုံများမှ ရှာဖွေတွေ့ရှိခဲ့သော (သို့) လေ့လာခဲ့ရသောအကြောင်းအရာများကို သူတို့၏ကိုယ်ပိုင် တွေ့ကြုံခဲ့ရသော အခြေအနေများနှင့် ချိတ်ဆက်ဆွေးနွေးရန်ဖြစ်သည်။ ဤလေ့ကျင့်ခန်း၏ အဓိကအချက်သည် ဆွေးနွေးမှု

အတွက် မှန်ကန်သော ပုံများရွေးချယ်ရန် နှင့်  ပံ့ပိုးသူအနေဖြင့် သမာရိုးကျ သင်ကြားသောနည်းလမ်းကို ရှောင်ကြဉ်ရန်ဖြစ်သည်။

ပုံ ၈ က - တနင်္လာနေ့ ညနေ ၄ နာရီခွဲအချိန် ၊ လူကြီးများသည် သူတို့၏နေ့စဉ်ဘဝတွင်အရေးကြီးသော လုပ်ငန်းဆောင်တာများကို ထားခဲ့ပြီး အစည်းအဝေးသို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကို တက်ရောက်ရန် ခန်းမတစ်ခုသို့ သွားနေကြသည်။

ပုံ ၈ ခ - နာရီဝက်ကြာပြီးနောက် အစည်းအဝေးပြုလုပ်နေသည်ကို ကျွန်ုပ်တို့ မြင်တွေ့ရမည်။ ပံ့ပိုးသူသည် မျက်နှာထားတင်းကာ စာသင်ကျောင်းကဲ့သို့သော ပတ်ဝန်းကျင်ကို ဖန်တီး ထားသည်။ ပံ့ပိုးသူသည် တက်ရောက်သူတို့၏ ဗဟုသုတကို အသုံးပြု၍ အတူတကွအဖြေရှာရမည့်အစား အဖြေမှန်ကို မသိသောသူများကဲ့သို့ အပြစ်တင်ဆူပူနေသည်။

ပုံ ၈ ဂ - အစည်းအဝေးတက်ရောက်သူအများစုသည် ဆင်ခြေအမျိုးမျိုးပြုလုပ်ကာ အစည်းအဝေးမှ ထွက်သွားကြသည်။

ပါဝင်ဆွေးနွေးသူများအား ယခုအခြေအနေကို ရပ်ရွာလူထုနှင့်ပတ်သက်သော မိမိတို့၏ကိုယ်ပိုင်အတွေ့အကြုံ များနှင့် ချိတ်ဆက်မေးမြန်းပါ။)

၁။ ရုပ်ပုံအတွဲကိုဆွေးနွေးကြမည် ဖြစ်ကြောင်းရှင်းပြပါ။ တွဲထားသော ရုပ်ပုံတွဲ တစ်စုံစီဝေပါ။

၂။ မေးပါ - "ပုံမှာ ဘာတွေဖြစ်နေတာကိုတွေ့ရလဲ။ အချိန်ဘယ်လောက်ရှိပြီလဲ။ လူတွေရဲ့အခြေ အနေကရော ဘယ်လိုဖြစ်နေလဲ။" (ပုံထဲမှ ဖြစ်ပျက်နေသော အကြောင်းအရာများ အားလုံး ပါဝင်ဆွေးနွေးသူများ ပြောသည်အထိ ဆက်လက်မေးမြန်းပါ။) ပါဝင်ဆွေးနွေးသူများမှ ပြောသမျှသော အကြံဉာဏ်များကို အတည်ပြုပေးခြင်း (သို့) ငြင်းဆန်ခြင်း မပြုလုပ်ပဲ လက်ခံပေးပါ။ နောက်ဆုံးတွင် ဆက်လက်ပြီး မည်သည့်အရာများဆက်ဖြစ်နေကြောင်း ကြည့်ရန် ပြောပါ။

၃။ ပါဝင်ဆွေးနွေးသူများအား ဒုတိယပုံကို ဆက်ကြည့်ရန်ပြောပါ။ ထို့နောက် အောက်ပါမေးခွန်းတို့ကို မေးပါ - "ပုံမှာ ဘာတွေဖြစ်နေတာကိုတွေ့ရလဲ။ အချိန်ဘယ်လောက်ရှိပြီလဲ။ လူတွေရဲ့အခြေအနေ ကရော ဘယ်လိုဖြစ်နေလဲ။ ပံ့ပိုးသူရဲ့ အခြေအနေကရောဘယ်လိုနေလဲ။"

၄။ ယခင်ကဲ့သို့ အကြံပေးချက်အားလုံးကို လက်ခံပါ။ သို့သော်မှန်ကန်သော ဆိုလိုရင်းရရှိရန် ပါဝင်ဆွေးနွေးသူများအား လမ်းညွှန်ပေးပါ။ (မှန်ကန်သောဆိုလိုရင်းကို အရှေ့တွင် ကြည့်ရန် ၊ ပုံထဲမှ ဖြစ်ပျက်နေသော အကြောင်းအရာများ အားလုံးပါဝင်ဆွေးနွေးသူများ ပြောသည်အထိ ဆက်လက် မေးမြန်းပါ။)

၅။ ပါဝင်ဆွေးနွေးသူများအားနောက်ဆုံး တတိယပုံကို ကြည့်ရန်ပြောပါ။ ထို့နောက်အောက်ပါမေးခွန်း တို့ကို မေးပါ - "ပုံမှာ ဘာတွေဖြစ်နေတာကိုတွေ့ရလဲ။ အချိန်ဘယ်လောက်ရှိပြီလဲ။ လူတွေရဲ့ အခြေအနေကရော ဘယ်လိုဖြစ်နေလဲ။ ပံ့ပိုးသူရဲ့ အခြေအနေကရောဘယ်လိုနေလဲ။"

၆။ ဆက်လက်၍ အောက်ပါမေးခွန်းများကို မေးမြန်းပြီး ဆွေးနွေးမှုကို အားပေးပါ။

- ဘာကြောင့် ယခုကဲ့သို့ဖြစ်ပျက်ရသနည်း။ ပါဝင်ဆွေးနွေးသူများမှ တက်ရောက်သူများကိုသာ အပြစ်တင် ပြောဆိုနေလျှင် ပံ့ပိုးသူ၏အပြုအမူကိုလည်း ကြည့်ရန်ပြောဆိုပါ။ ပံ့ပိုးသူက မည်ကဲ့သို့သော ပတ်ဝန်းကျင်ကိုဖန်တီးထား သလဲ။ တက်ရောက်သူများ၏ အတွေ့အကြုံ ဗဟုသုတကို အလေးထားခြင်းရှိမရှိ မေးမြန်းပါ။

- သင်တွေ့ကြုံခဲ့သော ရပ်ရွာလူထုသည် သင်တန်း (သို့) အလုပ်ရုံဆွေးနွေးပွဲကို တက်ကြွစွာ စတင်တက်ရောက်သော်လည်း နောက်ပိုင်း သင်တန်း (သို့) အလုပ်ရုံဆွေးနွေးပွဲမှ မပြီးမီ ထွက်သွားခြင်းကို ကြုံဖူးကြခြင်း ရှိမရှိ မေးမြန်းပါ။
- ကြုံဖူးခဲ့လျှင် မည်သည့်အကြောင်းကြောင့် ထိုသို့ဖြစ်သွားခဲ့သည်ဟု ထင်ကြောင်း ၊ မည်သို့ဖြေရှင်းခဲ့ကြောင်း မေးပါ။
- မကြုံဖူးခဲ့လျှင် အရမ်းကောင်းမွန်ကြောင်း ပြောပြီး မည်သည့်အချက်များက ပါဝင်သူများကို အစည်းအဝေး ပြီးဆုံးသည်အထိရှိနေစေကြောင်း မေးပါ။

၇။ ယခုသင်ခန်းစာမှရရှိလာသော အတွေးအမြင်များကို ယခင်ပြီးခဲ့သောသင်ခန်းစာမှ အရွယ်ရောက် ပြီးသူများ အကောင်းဆုံးသင်ယူနိုင်သောအချိန်တွင်ပါဝင်သည့်အချက်များနှင့် ယခု ၄င်းတို့ ဆွေးနွေးခဲ့သော သင်ယူရာတွင် အထောက်အကူဖြစ်စေသောအရာနှင့်အဟန့်အတားဖြစ်စေသောအရာများနှင့် ချိတ်ဆက်ဆွေးနွေးပါ။

၈။ ဆွေးနွေးမှု၏ အဓိကအချက်များကို အနှစ်ချုပ်ပါ။

**ထိရောက်သောနှင့် မထိရောက်သောပံ့ပိုးကူညီသူများ (အုပ်စုလိုက်ပုံရေးဆွဲခြင်း၊ ပြခန်းတွင်းလှည့်လည်ကြည့်ရှုခြင်း၊ ပြန်လည်သတင်းပို့တင်ပြခြင်း ) မိနစ် ၃၀ (၂၀/၁၀)**

၁။ ထိရောက်သော ပံ့ပိုးကူညီခြင်းတွင် ပါဝင်ရမည့် အချက်များကို ပါဝင်ဆွေးနွေးသူများအား မေးမြန်းပါ။ ပါဝင်ဆွေးနွေးသူများ၏ ဆွေးနွေးချက်များကို flip chart ပေါ်တွင် လိုက်လံရေးမှတ်ပါ။

(ဥပမာ။ ။ အချိန်၊ မျက်နှာအမူအရာ၊ ကိုယ်နေဟန်ထား၊ အသံ၊ ဝတ်စားဆင်ယဉ်မှု၊ ယဉ်ကျေးပျူငှာမှု၊ သဘောထား.....စသဖြင့်)

၂။ ယခုအခါ ထိရောက်သော ပံ့ပိုးကူညီခြင်းအကြောင်းနှင့် မထိရောက်သော ပံ့ပိုးကူညီခြင်းနှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးသူများ၏ အကြံဉာဏ် အတွေးအမြင်များကို သစ်သီးအဖွဲ့အတိုင်း အတူတကွ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ရှင်းပြပါ။

၃။ အဖွဲ့များအား flip chart နှင့် marker pen များ ဝေပါ။

၄။ပုံဆွဲသည့်အခါ ဖလစ်ချပ်ကို အလယ်တည့်တည့်မှ ၂ ပိုင်းပိုင်း၍ ထိရောက်သော ပံ့ပိုးကူညီခြင်းနှင့် မထိရောက်သော ပံ့ပိုးကူညီခြင်းဟု ခေါင်းစဉ်တပ်စေပါ။ ပါဝင်ဆွေးနွေးသူများသည် ပန်းချီပညာရှင်များ မဟုတ်ကြောင်း အဓိကအချက်မှာ မိမိတို့၏အတွေးအမြင်များကိုဖော်ပြနိုင်ရန် ဖြစ်ကြောင်း သတိပေးပြောဆိုပါ။

၅။ ပုံဆွဲရန် အချိန်မိနစ် ၂၀ ရမည်ဖြစ်ကြောင်းပြောပါ။ လိုအပ်ပါက အချိန်ပိုပေးပါ။ အဖွဲ့များ အတူတကွ လုပ်ဆောင်မှုများကို လိုက်လံကြည့်ရှုပါ။

၆။ အဖွဲ့လိုက်ပုံရေးဆွဲခြင်း ပြီးဆုံးလျှင် ဆွဲထားသောပုံများကို နံရံပေါ်တွင် ကပ်ထားကြရန်ပြောပါ။ တစ်ဖွဲ့ဆီမှ မိမိတို့အဖွဲ့ဆွဲထားသောပုံနှင့်ပတ်သက်၍ မေးခွန်းများကိုဖြေဆိုရန် အဖွဲ့ကိုယ်စား ပြုတစ်ယောက်ကို ချန်ထားခဲ့ပြီး ကျန်အဖွဲ့ဝင်များအားလုံး အခြားအဖွဲ့မှဆွဲထားသောပုံများကို လှည့်လည်ကြည့်ရှုကာ မိမိတို့ဆွဲထားသောပုံနှင့် မည်သည့်အချက်များက တူညီကြောင်း ၊ မည်သည့်အချက်များက ကွာခြားနေကြောင်း နှိုင်းယှဉ်ကြည့်ရှုရန် ပြောပါ။ (၄င်းကို ပြခန်းတွင်းလှည့်လည်ကြည့်ရှုခြင်း gallery walk ဟုခေါ်ကြောင်း ပြောပါ။) အချိန်အကြာကြီးမယူသင့်ပါ။ (တစ်ဖွဲ့ချင်းစီ၏ပုံဆွဲဖော်ပြချက်အား ကြည့်ရှုရန် အချိန် ၁ မိနစ်ခန့်သာ ခွင့်ပြုပါ)

၇။ အဖွဲ့များအားလုံး၏ ပုံများကို ပါဝင်ဆွေးနွေးသူများလိုက်လံကြည့်ရှုပြီးလျှင် မိမိတို့၏နေရာတွင် ပြန်လည်နေရာယူရန်ပြောဆိုပြီး ဆွေးနွေးမှုအတွက် အောက်ပါမေးခွန်းများကို မေးပါ။

- ပန်းချီကားများ အားလုံးတွင် မည်သည့်အချက်များက တူညီကြသနည်း။
- မည်သည့်အချက်များက ကွဲပြားကြသနည်း။
- အခြားအဖွဲ့ဆွဲထားသောပုံများမှ အတွေးအခေါ်အသစ်များ ရရှိခဲ့ပါသလား။
- အခြားသောအဖွဲ့ဆွဲထားသောပုံများနှင့် ပတ်သက်၍ သဘောမတူသည့်အရာများရှိပါသလား။

**ပံ့ပိုးသူအတွက် အရေးကြီးသည့်အချက်များ : လက်ကမ်းစာစောင် ၇ အား နှစ်ယောက်တစ်တွဲဆွေးနွေးခြင်း - ၅ မိနစ် မှ ၁၀ မိနစ်)**

၁။ လက်ကမ်းစာစောင် ၇ အားဝေပေးပါ။ ၂ ယောက်တစ်တွဲ ဆွေးနွေးစေပါ။
၂။ လက်ကမ်းစာစောင်ပါ အချက်(၁၂)ချက်အနက်မှ အရေးကြီးဆုံးဟုထင်သော အချက် ၃ ချက်ကို ၂ ယောက်တစ်တွဲအလိုက် ရွေးထုတ်ရမည်ဖြစ်ကြောင်း ပြောပါ။
၃။ အချိန် ၁၀ မိနစ် သတ်မှတ်ပါ။
၄။ ထို့နောက် ထို၃ချက်အနက်မှ အရေးကြီးဆုံးဟုထင်သော အချက် ၁ချက်ကို ထပ်မံရွေးချယ်ရန် ပြောပါ။ အချိန်ပြည့်သောအခါ အဖွဲ့တိုင်းအား မည်သည့်အချက်ကို ရွေးချယ်ထားကြောင်းနှင့် မည်သည့် အတွက်ကြောင့်ရွေးချယ်ထားကြောင်းမေးပါ။
၅။ ယေဘုယျအားဖြင့် ၄င်းအချက်များတွင် အရေးကြီးဆုံးအချက် (အဖြေမှန်) ဟူ၍မရှိပါ။ အချက်အားလုံးသည် အရေးကြီးပါသည်။ ပံ့ပိုးသူမှ ဖန်တီးသည့် ပတ်ဝန်းကျင်နှင့် ခံယူချက်သဘောထားသည်သာ အဓိက ဖြစ်ပါသည်။
၆။ နောက်ဆုံးတွင် ယခုသင်ခန်းစာ၏ အဆင့်များကို ပြန်လည်မေးမြန်းပြီး အထုပ်ဖြည်ရှင်းလင်းခြင်းပြုလုပ်ပါ။ ယခုသင်ခန်းစာနှင့်ပတ်သက်၍ မေးလိုသည်များကို မေး၍ရကြောင်း ၊ ဆွေးနွေးလိုသည်များကို ဆွေးနွေး၍ရကြောင်း ပြောပါ ။ မေးလာသောမေးခွန်းများရှိပါက ပြန်လည်ရှင်းလင်းပါ။ အကယ်၍ အချိန်မရှိတော့ပါက comment board ပေါ်တင်ထားပြီး နောက်ပိုင်းပြန်လည် ရှင်းလင်းပေးမည်ဆိုတာ ပြောကြားပြီး ကျေးဇူးတင်စကား ပြောကာ သင်ခန်းစာကို နိဂုံးချုပ်ပါ။

**လက်ဖက်ရည်သောက်နားချိန် ( ၁၅ မိနစ်)**

## သင်ခန်းစာ ၄ - ငြင်းခုန်ခြင်းဖြင့် ပံ့ပိုးကူညီခြင်း

### သင်ခန်းစာ အကျဉ်းချုပ်

ဤသင်ခန်းစာတွင် ပါဝင်ဆွေးနွေးသူများအနေဖြင့် အငြင်းပွားဖွယ်ရာ ဖော်ပြချက်များကို ဆွေးနွေးရန်အတွက် မတူကွဲပြားခြားနားသော လေ့ကျင့်ခန်းသုံးခုဖြင့် တင်ပြပါမည်။ ပထမတစ်ခုအဖြစ် ပါဝင်ဆွေးနွေးသူများက ရေးသားထားသောဖော်ပြချက် ၅ ခုအပေါ် ကျောက်တုံးဖြင့် ဆန္ဒမဲပေးခြင်း၊ ဒုတိယတစ်ခုအဖြစ် နောက်ထပ် ဖော်ပြချက် ၅ ခုအတွက် ဖော်ပြချက် တစ်ချက်ချင်းစီအပေါ် ပါဝင်ဆွေးနွေးသူများ၏ ထင်မြင်ချက်များကို ပြသသည့်အနေဖြင့် အမှတ်အသားများရေးသားထားသော နံရံများအောက်အနီးတွင် သွားရောက်ရပ်တည် စေခြင်း၊ တတိယတစ်ခုအဖြစ် နောက်ထပ်ဖော်ပြချက် ၅ ချက်ကို အုပ်စုငယ်ဖွဲ့ဆွေးနွေးစေပြီး သဘောတူညီမှု

ရရှိစေခြင်းတို့ဖြစ်သည်။ ပါဂင်ဆွေးနွေးသူများ၏ ဆွေးနွေးမှုများနှင့် လေ့ကျင့်ခန်းများအပေါ် ခွဲခြမ်းစိတ်ဖြာစေခြင်းဖြင့် အဆုံးသတ်ပါ။

မှတ်ချက်။ ။ သာမန်အားဖြင့် ဤနည်းစနစ်များထဲမှ တစ်ခုကိုသာ အသုံးပြုသင့်သည် ဖြစ်သော်လည်း ယခုသင်ခန်းစာ၏ ရည်ရွယ်ချက်မှာ အငြင်းပွားဖွယ်ရာဖော်ပြချက်များအပေါ် လုပ်ဆောင်နိုင်သည့် နည်းလမ်းအမျိုးမျိုးကို သိရှိစေရန် မိတ်ဆက်ပေးခြင်းဖြစ်သည်။ မနက်ဖြန်တွင် ပါဂင်ဆွေးနွေးသူများအနေဖြင့် ဤသင်ခန်းစာလေ့ကျင့်ခန်းများကို ပြန်လည်သုံးသပ်ခွဲခြမ်းစိတ်ဖြာခြင်းနှင့် မတူညီသော အခြားလေ့ကျင့်ခန်းများကိုလည်း မည်သို့စီမံခန့်ခွဲကိုင်တွယ်ရမည်ကို ဆွေးနွေးကြရမည်။

**ကြာချိန်** - ၁နာရီ ၄၅ မိနစ်

**ရည်ရွယ်ချက်**

- → ပံ့ပိုးကူညီခြင်းနှင့်ပတ်သက်သည့် အတွေးအခေါ်နှင့် ရှုထောင့်အမျိုးမျိုးတို့ကို ဆွေးနွေးစေရန်၊
- → ဆွေးနွေးမှုဖြစ်ပေါ်လာစေရန် အငြင်းပွားဖွယ်ရာဖော်ပြချက်အမျိုးမျိုးပါဂင်သော လေ့ကျင့်ခန်းများအသုံးပြု၍ လေ့ကျင့်ပေးရန်၊

**သင်ထောက်ကူပစ္စည်းများ**

- → လက်ကမ်းစာစောင် ၉ မိတ္တူ ၊ အငြင်းပွားဖွယ်ရာ ဖော်ပြချက်များ- တစ်ဦးလျှင် တစ်စောင်စီ၊
- → လက်ကမ်းစာစောင် ၅ မှ အငြင်းပွားဖွယ်ရာဖော်ပြချက်များ ၁ မှ ၅ အထိကို ဖြတ်ထားသော ဖလစ်ချပ်စာရွက်ပေါ်တွင် တစ်ချက်စီရေးထားသည့် ဖလစ်ချပ်ပိုင်း ၅ ချပ်၊ (အလွယ်တကူ ဖတ်နိုင်အောင် စာရွက်ထုတ်ထားခြင်း (သို့) marker pen ဖြင့် ရေးထားခြင်း)
- → သဘောတူသည် ဟု ရေးထားသော A4 ၅ ရွက် နှင့် သဘောမတူပါ ဟုရေးထားသော A4 ၅ရွက်
- → ပါဂင်ဆွေးနွေးသူတစ်ဦးစီအတွက် ပဲစေ့/သစ်စေ့/ကျောက်ခဲလုံး/ချိုချဉ် ၅ ခုစီ (ဥပမာ- ပါဂင်ဆွေးနွေးသူ ၂၀ ဦးအတွက် ပဲစေ့ ၁၀၀ လိုပါမည်)
- → မှန်၊ မှား၊ မသေချာ ဟု တစ်ခုချင်းစီ ရေးထားသော A4 စာရွက် ၃ ရွက် (နံရံတွင် ကပ်ထားရန်)

**ပံ့ပိုးသူ ကြိုတင်ပြင်ဆင်ရန်**

- → လက်ကမ်းစာစောင် ၉ ထဲမှ အမှတ်စဉ် ၁ မှ ၅ အထိ ဖော်ပြချက်ကို ဖြတ်ထားသော flip chart စာရွက်တစ်ရွက်စီပေါ်တွင် ရေးထားသောစာရွက်များ ၊ သဘောတူသည် သဘောမတူပါဟုရေးထားသော A4 စာရွက်များနှင့်ယှဉ်တွဲဖော်ပြရန် ကြိုတင်ရေးသားထားပါ။

**မှတ်ရန် - တတိယလေ့ကျင့်ခန်း မပြီးမချင်း လက်ကမ်းစာစောင် ၉ ကို ပါဝင်သူများအား ကြိုတင်ဝေငှထားခြင်း မပြုပါနှင့်။**

**ကျောက်တုံးများဖြင့် ဆန္ဒမဲပေးခြင်း - ငြင်းခုန်ခြင်းဖြင့် ပံ့ပိုးကူညီခြင်းလေ့ကျင့်ခန်း (၁) (၂၅ မိနစ်)**

၁။ ပံ့ပိုးကူညီခြင်းနှင့် ပတ်သက်သော ဖော်ပြချက်များအကြောင်းကို ဆွေးနွေးမည်ဟု ရှင်းပြပါ။ပါဝင်ဆွေးနွေးသူများအနေဖြင့် ထိုအငြင်းပွားဖွယ်ရာဖော်ပြချက်များအပေါ် သဘောမတူနိုင်သောမတူညီသည့် အမြင်များရှိခြင်းမှာ ပြဿနာမရှိကြောင်း ရှင်းလင်းပြောဆိုပါ။

၂။ မတူညီသော လုပ်ဆောင်ချက်လေ့ကျင့်ခန်း ၃ မျိုးကို လုပ်ဆောင်သွားမည်ဟု ပြောပါ။ပထမတစ်ခုမှာ ကျောက်တုံးများဖြင့် မဲဆန္ဒပေးခြင်း ဟု ခေါ်ကြောင်းရှင်းပြပါ။(ပုတီးစေ့/သစ်စေ့များလည်း အသုံးပြုနိုင်ပါသည်)။ ပါဝင်ဆွေးနွေးသူတစ်ဦးစီကို ပဲစေ့/သစ်စေ့/ကျောက်တုံး/ချိုချဉ် ၅ ခုစီဝေပါ။

၃။ ကြမ်းပြင်ပေါ်တွင် ဖော်ပြချက် ၅ ခုပါသော ဖြတ်ထားသော ဖလစ်ချပ်ပိုင်းများနှင့် A4 စာရွက်များကို ဖြန့်ခင်းထားပါ (လွင့်ထွက်မသွားစေရန် တခုခုဖြင့်ဖိထားပါ)။ ထို ဖြတ်ထားသော ဖလစ်ချပ်ပိုင်းများ တစ်ခုချင်းစီဘေးတွင် သဘောတူသည်၊ သဘောမတူပါ ဟုရေးထားသော A4 စာရွက်များ တစ်ဖက်တစ်ချက်စီ ချထားပါ။

၄။ ပါဝင်ဆွေးနွေးသူများအား လှည့်လည်ဖတ်ရှုစေပြီး ဖော်ပြချက်အပေါ် သဘောတူပါက သဘောတူသည် ဟုရေးထားသော ကတ်ပြားပေါ်တွင် လည်းကောင်း၊ သဘောမတူပါက သဘောမတူပါဟုရေးထားသော ကတ်ပြားပေါ်တွင်လည်းကောင်း မိမိ၏ ဆန္ဒအလျောက် ပဲစေ့/ချိုချဉ် တစ်ခုစီ ထည့်ကာ မဲပေးရပါမည်။ ဆုံးဖြတ်ချက်မချနိုင်ပါက ဖော်ပြချက် စာရွက်ပေါ်တွင် ပဲစေ့/ချိုချဉ် ကို ချထားခဲ့ရန် ရှင်းပြပါ။

၅။ ပါဝင်ဆွေးနွေးသူများအားလုံးမှ ပဲစေ့/ချိုချဉ်ဖြင့်မဲပေးခြင်းကို ပြုလုပ်ပြီးပါက ပါဝင်ဆွေးနွေးသူများထဲမှ စေတနာ့ဝန်ထမ်း ၅ဦးကို ဖိတ်ခေါ်၍ မဲအရေအတွက်စုစုပေါင်းကို ရေတွက်စေပါ။ မဲရေတွက်ရာတွင် မဲများကို ရောနှောခြင်းမပြုမိစေရန်သတိပေးပါ။ ပါဝင်ဆွေးနွေးသူအရေအတွက်နှင့် မဲပေးထားသည့်အရေအတွက် ကိုက်ညီမှုရှိရပါမည်။ ကိုက်ညီမှုမရှိပါက မဲဆန္ဒပေးခြင်းကို ပြန်လည်လုပ်ဆောင်ရပါမည် ဖြစ်သည်။

၆။ စေတနာ့ဝန်ထမ်းတစ်ဦးကို ဖိတ်ခေါ်၍ ပထမဦးဆုံး ဖော်ပြချက်ကို အသံကျယ်ကျယ်ဖြင့်ဖတ်ကြားစေပါ။ ထို့နောက် ပါဝင်ဆွေးနွေးသူများအား မည်သည့်နေရာတွင် မဲအရေအတွက် အများဆုံး ရှိနေသလဲ၊ အခြားမည်သည့်နေရာများတွင် ရှိနေသလဲဟုမေးပါ။

၇။ သဘောတူသည့်ကတ်ပြားပေါ်တွင် ပဲစေ့/ချိုချဉ် များနေပါက ဘာ့ကြောင့်သဘောတူသလဲဟုမေးပါ။ ထို့နောက် သဘောမတူသည့်ဘက်မှ အမြင်များကိုလည်း ဖိတ်ခေါ်ဆွေးနွေးစေပါ။ ဆုံးဖြတ်ချက် မချနိုင်သူများရှိလျှင် ၎င်းတို့၏ အမြင်များအား မေးမြန်းပါ။ ၎င်းတို့အနေဖြင့် သဘောတူသည့်ဘက်မှ အမြင်များ၊ သဘောမတူသည့်ဘက်မှ အမြင်များကို ကြားပြီးနောက် မည်သည့်ဘက်သို့ ရွှေ့လိုကြောင်းမေးပါ။ အကယ်၍ ဤနေရာတွင်ပင် ဆက်လက်ရှိနေရန် ဆန္ဒရှိပါက အတင်းမတိုက်တွန်းပါနှင့်။ပါဝင်ဆွေးနွေးသူ အရေအတွက်ပေါ်မူတည်၍ ဖော်ပြချက်တစ်ခုချင်းစီကို အများဆုံး လူ (၃)ဦးထက် မပိုပါစေနှင့်။ ဖိတ်ခေါ်ဆွေးနွေးမှုများပြုလုပ်ရာတွင် ဆွေးနွေးချိန်ကြာရှည်ခြင်းမဖြစ်စေရန် သတိပြုပါ။

၈။ သတင်းစကားများ ရရှိစေမှုသည် ပံ့ပိုးသူထံမှ ရရှိခြင်းထက် ပါဝင်ဆွေးနွေးသူများ၏ ဆွေးနွေးမှုများမှ ရရှိခြင်းက အကောင်းဆုံးဖြစ်သည်ကို သတိပြုပါ။ ဖော်ပြချက်များအားလုံးဆွေးနွေးပြီးပါက ကြမ်းပြင်ပေါ်ရှိ ကတ်ပြားများနှင့်ပဲစေ့/ချိုချဉ်များကို ရှင်းလိုက်ပါ။

မှတ်ချက်။ ။လူအများစု၏ အတွေးအခေါ်များသည် ပုံမှန် PRA သီအိုရီနှင့် ဆန့်ကျင်နေလျှင် - ပံ့ပိုးကူညီသူမှပြောသင့်သည်မှာ "ဟုတ်ပါပြီ… သက်ဆိုင်တဲ့ကျွမ်းကျင်သူသာ (ဒီဆွေးနွေးပွဲမှာရှိခဲ့ရင်)ဖြေရှင်းနိုင်ပါလိမ့်မယ်"

(ရယ်မောကာ)။ "ပံ့ပိုးကူညီသူအများစုရဲ့ အတွေးကတော့........... (ဆက်လက်ရှင်းပြပါ)…..'' ။ သို့သော်ပံ့ပိုးသူ၏ အတွေးအမြင်များကို ထည့်မပြောမိစေရန် သတိပြုပါ။

**မိမိ၏သဘောထားအမြင်ကို ရပ်တည်ဖော်ပြခြင်း** *(Line-up)*

**(ငြင်းခုန်ခြင်းဖြင့် ပံ့ပိုးကူညီခြင်း လေ့ကျင့်ခန်း -၂) မိနစ် (၂၀)**

၁။ ထို့နောက် ယခုဆက်ပြီးအသုံးပြုမည့် နည်းလမ်းမှာ နောက်ထပ် ဖော်ပြချက် ၅ ခုအပေါ် သင်တို့ရဲ့ အမြင်များကို အခန်းရဲ့ မတူညီတဲ့ ထောင့်အသီးသီးမှာ သွားရောက်ရပ်တည်ခြင်းဖြင့် ဖော်ပြနိုင်မည့် နည်းလမ်းဖြစ်ပါသည် ဟု ရှင်းပြပါ။

၂။ မှန်၊ မှား၊ မသေချာ ဟုရေးထားသော အညွှန်း A4 စာရွက် အသီးသီးကို အခန်း၏ မတူညီသော ထောင့်နံရံပေါ်တွင် မြင်သာအောင်ကပ်ပါ။

၃။ လက်ကမ်းစာစောင် ၉ မှ ဖော်ပြချက် အမှတ်စဉ် (၆) ကို ဖတ်ပြပါ။ ပါဝင်ဆွေးနွေးသူများ နားလည်စေရန် နောက်တစ်ခေါက် ထပ်ဖတ်ပြပါ။

၄။ ပါဝင်ဆွေးနွေးသူများအား မိမိတို့၏ထင်မြင်ယူဆချက်ကို ဖော်ပြမည့် ထောင့်အသီးသီးသို့ သွားရောက်မတ်တပ်ရပ်နိုင်ကြောင်းပြောပါ။ ထို့နောက် မှန် နှင့် မှား နေရာများတွင် ဘာ့ကြောင့် ရပ်ရတာလဲဟု မေးပါ။ မသေချာ သည့်နေရာတွင် ရပ်နေသူများကိုလည်း ၎င်းတို့၏ အမြင်များအား မေးမြန်းပါ။ ၎င်းတို့အနေဖြင့် မှန်/မှား နေရာများသို့ ဆန္ဒရှိလျှင် ရွှေ့နိုင်ကြောင်း ပြောပါ။အကယ်၍ ဤနေရာတွင်ပင် ဆက်လက်ရှိနေရန် ဆန္ဒရှိပါက အတင်းမတိုက်တွန်းပါနှင့်။

၅။ လူအများစုသည် ယေဘုယျအားဖြင့် ပြောတတ်ကြသည်မှာ "ဒါပေမယ့်/ ခါတိုင်းလိုပဲ" စသဖြင့် ၎င်းတို့၏ အမြင်များကို ထုတ်ဖော်ပြောဆိုရန် ရှောင်ရှားတတ်ကြသည်။

၆။ ဖော်ပြချက် ၇မှ၁၀ အထိ အထက်ပါအတိုင်းဆက်လက်လုပ်ဆောင်ပါ။ ကြာရှည်လွန်းသော ဆွေးနွေးမှုများ မဖြစ်အောင် သတိပြုသင့်သည်။ သို့မဟုတ်ပါက လူအများစိတ်ဝင်စားမှု လျော့နည်းသွားတတ်ပါသည်။

၇။ ဤနည်းလမ်းကို မိမိ၏သဘောထားအမြင်ကို ရပ်တည်ဖော်ပြခြင်း (Line-up) ဟုခေါ်ကြောင်း ပြောပြပါ။

**အုပ်စုဖွဲ့ဆွေးနွေးခြင်း - ငြင်းခုန်ခြင်းဖြင့်ပံ့ပိုးကူညီခြင်း လေ့ကျင့်ခန်း ၃ - (၁၅)မိနစ်**

မှတ်ချက်။ ။ ယခု ဖော်ပြချက်အချို့သည် ယခင်ကထက် ပိုမိုရှုပ်ထွေးနိုင်သည်။ ပါဝင်ဆွေးနွေးသူများ အနေဖြင့် ပိုမိုကောင်းမွန်တဲ့ အဖြေရရှိရန် လိုအပ်နိုင်သည်။ဒါပေမယ့် ပြဿနာမရှိပါ။

၁။ ပါဝင်ဆွေးနွေးသူအားလုံးကို ပြန်လည် ထိုင်စေပါ။ တတိယနည်းလမ်းကတော့ ဖော်ပြချက်များကို အသုံးပြုပြီး အုပ်စုလိုက် ဆွေးနွေးကြရန်ဖြစ်သည်။ သို့သော် ပထမဦးစွာ တစ်ဦးချင်းအမြင်နှင့်ဆုံးဖြတ်ချက်ချရန် လိုပါသည်။

၂။ လက်ကမ်းစာစောင် ၉ ကို တစ်ဦးချင်းထံ ဖြန့်ဝေပါ။ ထိုထဲမှ အပိုင်း (၃)ရှိ ဖော်ပြချက်များကို ဖတ်ရှုလေ့လာကာ ထိုဖော်ပြချက်အနီးတွင် အမှန်ခြစ် (သို့မဟုတ်) ကြက်ခြေခတ် (သို့မဟုတ်) "?" မေးရန်အမှတ်အသား တစ်ခုခုကို အသုံးပြု၍ ၎င်းတို့၏ ထင်မြင်ယူဆချက်အတိုင်း ဖြည့်ရန်ရှင်းပြပါ။ ထိုသို့ပြုလုပ်ရန် (၂)မိနစ်ခန့် အချိန်ပေးပါ။

၃။ ထို့နောက် မနက်က ဖွဲ့ခဲ့သော သီးစုံသုပ်အုပ်စုများအတိုင်း ဆွေးနွေးစေပါ။ ဖော်ပြချက် တစ်ခုချင်းအလိုက် မှန်/မှား/မေးခွန်း စသဖြင့် အုပ်စုအတွင်း သဘောတူညီမှုရရှိစေရန် အတူတကွ ဆွေးနွေးစေပါ။ ဆွေးနွေးရန် အချိန် မိနစ် ၂၀ ရသည် ဟုပြောပြပေးပါ။

၄။ ပံ့ပိုးသူမေးရန် - အုပ်စုအတွင်း မည်သည့်ဖော်ပြချက်ကို သဘောတူညီမှုမရရှိခဲ့ကြပါသလဲ။ မတူညီသော အမြင်များအား ဆွေးနွေးရန် ဖိတ်ခေါ်ပါ။ အခြားအုပ်စုများကိုလည်း ဤတူညီတဲ့ဖော်ပြချက်အပေါ် ဆွေးနွေး ငြင်းခုန်မှုများရှိခဲ့ကြပါသလား ၊အခြား မည်သည့်ဖော်ပြချက်တွေကို ငြင်းခုန်ဆွေးနွေးကြရသေးလဲ ဟု မေးပါ။အုပ်စုအတွင်းထပ်မံ ဆွေးနွေးမှုများမဖြစ်စေပဲ မတူညီသော အတွေးအမြင်များကိုသာ အနှစ်ချုပ်ပေးရန် သတိပြုပါ။

၅။ သမာရိုးကျအတွေးအမြင်များကို လိုအပ်ပါက ရှင်းပြပါ။ သို့သော် အတင်းအကြပ် လက်ခံစေခြင်းမျိုး ဖြစ်အောင် တွန်းအားမပေးရပါ။

၆။ ဆွေးနွေးခဲ့ရသော အကြောင်းအရာများအပေါ် မေးစရာရှိပါသလား၊ မေးခွန်းများရှိပါက မှတ်ထားပြီး မနက်ဖြန်သင်ခန်းစာ၏ Facilitator's hat တွင် ပြန်လည်ဆွေးနွေးနိုင်ပါသည်ဟု ပြောကာ အဆုံးသတ်ပါ။

**သင်ခန်းစာကို အထုပ်ဖြည် ရှင်းလင်းခြင်း - ပံ့ပိုးသူနှင့်ပါဝင်သူများအပြန်အလှန်ဆွေးနွေးခြင်း (၁၀ မိနစ်)**

၁။ ပါဝင်သူများအားယခု ပြုလုပ်ခဲ့သော လေ့ကျင့်ခန်း ၃ ခုကို ပံ့ပိုးသူတစ်ယောက်အနေဖြင့် ပြန်လည်စဉ်းစား စေလိုကြောင်း ပြောပါ။

၂။ အောက်ပါမေးခွန်းများကို မေးခြင်းဖြင့် ဆွေးနွေးမှုဖြစ်အောင် အားပေးပါ။ အချိန်အများကြီးမယူပဲ မနက်ဖြန် သင်ခန်းစာတွင် အထုပ်ဖြည်ရှင်းလင်းခြင်းအကြောင်းပါဝင်မည်ဖြစ်၍ အသေးစိတ် ထပ်မံဆွေးနွေးနိုင်ကြမည် ဖြစ်ကြောင်းပြောပါ။

(က) ယခုလေ့ကျင့်ခန်းမှ သင့်အနေဖြင့် မည်သည်တို့ကို အသစ်သင်ယူခဲ့ရလဲ။သို့မဟုတ် မည်သို့သော အကြောင်း အရာအသစ်ကို စတင်စဉ်းစားမိသွားသလဲ။

(ခ) ယခု လေ့ကျင့်ခန်းကို ပူးပေါင်းပါဝင်နိုင်တဲ့နည်းလမ်းအဖြစ် ဖော်ပြလိုပါသလား၊ ဘာ့ကြောင့်လဲ၊ ဘာ့ကြောင့် မဟုတ်တာလဲ။

(ဂ) သင့်ရပ်ရွာတွင် ယခုနည်းလမ်း (၃)ခုထဲမှ တစ်ခုခုကို အသုံးပြုဖူးပါသလား။ မည်သည့်အကြောင်းအရာကို မည်ကဲ့သို့ပြုလုပ်ခဲ့သနည်း။ မည်သည့် ပြဿနာများ ကြုံတွေ့ခဲ့ရသလဲ။

၃။ ပံ့ပိုးကူညီသူအတွက် ကိုင်တွယ်ရ အခက်ခဲဆုံးအပိုင်းမှာ ကျောက်တုံးများဖြင့်မဲပေးခြင်း (voting with stones)နှင့် မိမိ၏သဘောထားအမြင်များကို ရပ်တည်ပြခြင်း (Line-up) နည်းလမ်းတို့ ဖြစ်သည်။

၄။ လူတိုင်းက မတ်တပ်ရပ်နေရပြီး ပင်ပန်းနိုင်သဖြင့် လျင်မြန်သွက်လက်စွာ လုပ်ဆောင်သင့်သည်။

- → ဆွေးနွေးချက်များကို ထပ်ကျော့မပြောပါနှင့်။ သို့သော် ဖော်ပြချက်တစ်ခု ဆွေးနွေးပြီးတိုင်း ဆွေးနွေး ငြင်းခုန်မှုကို ဘက်လိုက်မှုမရှိပဲ အနှစ်ချုပ်ပေးရမည်။
- → ပါဝင်ဆွေးနွေးသူများ၏ အမြင်မတူမှုများသည် ပုံမှန်ဖြစ်ပြီး ၎င်းတို့အား အတင်းအကြပ်လက်ခံစေခြင်း မျိုး မပြုလုပ်ပါနှင့်။

၅။ ယခု လေ့ကျင့်ခန်းများအပေါ် ပါဝင်ဆွေးနွေးသူများအနေဖြင့် ဝေဖန်အကြံပြုချင်တာများ ရှိပါသလား ဟု မေးပါ။

၆။ ဤနည်းလမ်း ၃ ခုလုံး သုံးမည့်အစား သင့်လျော်သည့် နည်းလမ်း တစ်ခုကိုသာ သုံးပါက ပိုကောင်းနိုင် သည်ဟု ထောက်ပြခဲ့လျှင် မှန်ကန်ကြောင်း ချီးမွမ်းပြောဆိုပါ။ ယခု ဆွေးနွေးပွဲမှာ နည်းလမ်း ၃ ခုလုံးသိရှိ အောင်

လုပ်ဆောင်ရတဲ့ ရည်ရွယ်ချက်ရှိပါသည်။ ဘာ့ကြောင့်ဟု ထင်ပါသလဲ ဟုမေးပါ။ (နည်းလမ်းအားလုံးအား လက်တွေ့ဘယ်လို လုပ်ဆောင်သလဲဆိုတာကို အတွေ့အကြုံရရှိစေရန်)

၇။ မနက်ဖြန်တွင် လေ့လာမည့် အထုပ်ဖြည်ရှင်းလင်းခြင်းအစီအစဉ်တွင် အတွေးအခေါ် အကြံဉာဏ်များနှင့် အမြင်များကို အသေးစိတ် ဆွေးနွေးနိုင်ဦးမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲ နောက်ဆုံးရက်တွင်လည်း ဆွေးနွေးပွဲများ စီမံခန့်ခွဲခြင်းသင်ခန်းစာ တစ်ခုပါဝင်မည် ဖြစ်ကြောင်း ပြောပြပါ။

၈။ နောက်ဆုံးတွင် သင်ခန်းစာတစ်ခုလုံးကို အထုပ်ဖြည်ရှင်းလင်းခြင်း ပြုလုပ်ပါ။ ယခုသင်ခန်းစာနဲ့ ပတ်သက် ပြီး မေးချင်သောအကြောင်းအရာများကို မေးနိုင်ပါသည်။ ဆွေးနွေးချင် ဆွေးနွေးနိုင်ပါသည်။ မေးလာသော မေးခွန်းများ ရှိပါက ပြန်လည်ဖြေရှင်းပါ။ အကယ်၍ အချိန်မရှိတော့ပါက comment board ပေါ်တင်ထားပြီး နောက်ပိုင်းတွင် ပြန်လည်ရှင်းလင်းပေးမည်ဟု ပြောကြားပြီး ကျေးဇူးတင်စကားပြောကာ သင်တန်းစာကို နိဂုံးချုပ်ပါ။

## တစ်နေ့တာ အတွက် အဆုံးသတ်ခြင်း

## သင်ခန်းစာအကျဉ်းချုပ်

ဤအပိုင်းတွင် ပါဝင်ဆွေးနွေးသူများအား တစ်နေ့တာတွင် ၎င်းတို့၏ အပျော်ရွှင်ဆုံးအချိန် နှင့်အခက်ခဲဆုံး အချိန်ကို စက်ဝိုင်းပုံဝိုင်း၍ မျှဝေစေပြီး အများအားဖြင့် အခြေခံ ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်များ ပါဝင်ပါ သည်။ထို့နောက် စိတ်ခံစားချက်ပြဇယား နှင့် မှတ်ချက်ရေးသားနိုင်သော စာရွက်ကြီးပေါ်တွင် ဖြည့်ကြရမည်။ လိုအပ်ပါက ပြုလုပ်ရမည့်လုပ်ငန်းစဉ်ကို ရှင်းပြပါ။

**ကြာချိန်** - ၁၅ မိနစ်

**ရည်ရွယ်ချက်**

→ ယနေ့သင်ခန်းစာနှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးသူများ၏ စိတ်ခံစားချက်နှင့် ထင်မြင်ချက်များ ရယူရန်၊
→ ပါဝင်ဆွေးနွေးသူများအား ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဥပမာများကိုပေးရန်၊
→ ယနေ့ ဆွေးနွေးပွဲ၏ အဓိကမှတ်သား သင်ယူစရာအချက်များကို အနှစ်ချုပ်ရန်။

**သင်ထောက်ကူပစ္စည်း**

→ စိတ်ခံစားချက်ပြဇယား( Mood Meter)

**ပံ့ပိုးသူကြိုတင်ပြင်ဆင်ရန်**

→ Flip chart ပေါ်တွင် စိတ်ခံစားချက်ပြဇယား( Mood Meter)ကို ကြိုဆွဲထားရန် နှင့် ဆွေးနွေးပွဲခန်းမ ထွက်ပေါက် အပြင်ဘက်တွင်ကပ်ထားရန်။

**လုပ်ငန်းစဉ်များ**

**စက်ဝိုင်းပုံဝိုင်း၍ လက်များဆန့်ထုတ်ခြင်း - ၁၀မိနစ်**

၁။ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်သည် အလုပ်ရုံဆွေးနွေးပွဲတိုင်းတွင် အရေးကြီးကြောင်း၊တနေ့ပြီး တနေ့ အလုပ်ရုံဆွေးနွေးပွဲသည်မည်ကဲ့သို့ဖြစ်ပျက်နေကြောင်းသိရှိနိုင်ရန် လုပ်ဆောင်ရန်လိုအပ်ကြောင်းရှင်းပြပါ။
၂။ ယခုအခါ ပါဝင်သူအားလုံး၏ ခံစားချက်နှင့် သဘောထားအမြင်များကို ဖော်ပြရန် ပေါ့ပေါ့ပါးပါးလေ့ကျင့်ခန်း တစ်ခုကိုပြုလုပ်မည် ဖြစ်ကြောင်း ပြောပါ။ ပထမဆုံးအနေဖြင့် ဆွေးနွေးပွဲအတွင်း ကြုံတွေ့ရသော အခက်အခဲ တစ်ခုနှင့် အပျော်ရွှင်ဆုံးသောအရာတစ်ခုကို မျှဝေရမည်။ ဤအကြောင်းအရာများကိုစဉ်းစားရန်အချိန်ခဏပေး ပါ။
၃။ ပါဝင်ဆွေးနွေးသူများအားလုံး အတူတကွစက်ဝိုင်းပုံ မတ်တပ်ရပ်ကြရန်ပြောပါ။ ပါဝင်ဆွေးနွေးသူတစ်ဦးအား ယနေ့အတွက် မပျော်ရွှင်ဆုံးသော/အခက်အခဲဖြစ်စေသောအရာတစ်ခုအားပြော၍ သူ၏ဘယ်ဘက်လက်ကို ဆန့်တန်းစေပါ။
၄။ ထိုသူသည် သူ၏လက်ကို ဆက်လက်ဆန့်ထားရမည်။ ကျန်ပါဝင်ဆွေးနွေးသူများအား တစ်ဦးချင်းစီ အစဉ်လိုက်ထိုနည်းအတိုင်း စက်ဝိုင်းတစ်ပတ်ပြည့်ရန် ဆက်လက်လုပ်ဆောင်စေကာ လက်များကို ထပ်ထား စေပါ။
၅။ ယခုအခါ ညာဘက်လက်များကိုသုံးပြီး ယနေ့အတွက် အပျော်ရွှင်ဆုံးသော အကြောင်းအရာကို ပြောရမည် ဖြစ်ကြောင်းပြောပါ။
၆။ ပါဝင်ဆွေးနွေးသူတစ်ဦးအား ယနေ့အတွက် အပျော်ရွှင်ဆုံးသောအကြောင်းအရာတစ်ခုအားပြော၍ သူ၏ ညာဘက်လက်ကို ဆန့်တန်းစေပါ။
၇။ ထိုသူသည် သူ၏လက်ကို ဆက်လက်ဆန့်ထားရမည်။ ကျန်ပါဝင်ဆွေးနွေးသူများအား တစ်ဦးချင်းစီ အစဉ် လိုက်ထိုနည်းအတိုင်း စက်ဝိုင်းတစ်ပတ်ပြည့်ရန် ဆက်လက်လုပ်ဆောင်စေကာ လက်များကို ထပ်ထားစေပါ။
၈။ကျွန်ုပ်တို့၏လက်များသည် ကျွန်ုပ်တို့ အားသာချက်ကိုကိုယ်စားပြုပြီး အဖွဲ့တစ်ဖွဲ့အနေနှင့် ကြုံတွေ့ရမည့် ခက်အခဲများကို အတူတကွဖြေရှင်းကြမည်ဖြစ်ကြောင်းပြောဆိုအဆုံးသတ်ပါ။

**စိတ်ခံစားမှုပြဇယား (Mood meter) နှင့် comment board - အကြံပြုခြင်းနှင့်ပြန်လည်သုံးသပ်ခြင်း- ၂မိနစ်**

၁။ စိတ်ခံစားမှုပြဇယားကို ပြုလုပ်ဖူးသလားဟုမေးပါ။ မည်ကဲ့သို့ပြုလုပ်ခဲ့သနည်း။လိုအပ်ပါက ၎င်းသည် ဆွေးနွေးပွဲတနေ့တာနောက်ဆုံးအချိန်တွင် ပါဝင်ဆွေးနွေးသူများ မည်သို့ခံစားနေကြကြောင်း ဖော်ပြရန် မြင်သာသောနည်းလမ်းတစ်ခုဖြစ်ကြောင်းရှင်းပြပါ။ အသင့်ဆွဲထားပြီးသော စက္ကူကားချပ်ကိုကပ်ပါ။ အကယ်၍ဆွေးနွေးပွဲသည် မနက်နှင့်ညနေ နှစ်ပိုင်းဖြစ်လျှင် မနက်ပိုင်းနှင့်ညနေပိုင်းဟူ၍ အကွက်နှစ်ကွက် ဆွဲရမည်။
၂။ မည်သို့ခံစားရကြောင်း ရေးဆွဲထားသော စက္ကူကားချပ်ပေါ်တွင် အမှတ်အသားပြုလုပ်သွားကြရန် ပြောပါ။

- ပျော်ရွှင်သည်ဟုခံစားရလျှင် အပေါ်ဆုံးအကွက်တွင်ခြစ်ရန်၊
- အဆင်ပြေသည် ပုံမှန်ပါပဲဟု ခံစားရလျှင် အလယ်အကွက်တွင် ခြစ်ရန်၊
- မပျော်ရွှင်ပါဟု ခံစားရလျှင် အောက်ဆုံးအကွက်တွင်ခြစ်ရန်၊

၃။ တနေ့တာအတွင်း ပါဝင်သူများ၏ အားထုတ်မှုနှင့် ပါဝင်ပံ့ပိုးမှုများအတွက် ကျေးဇူးတင်ကြောင်းပြောပါ။

**နောက်ဆုံးအချိန်- အားသစ်လောင်းကစားခြင်းအတွက်စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်း (ဤအပိုင်းကို Energizers and Icebreakers session ပံ့ပိုးမည့်သူမှ လုပ်ဆောင်ရန်)**

၁။ စေတနာ့ဝန်ထမ်းများအားနောက်တနေ့ နေ့ခင်း ပထမဆုံးအချိန်တွင် အားသစ်လောင်းကစားနည်း ၃ မျိုးဖြင့်စတင်မည်ဖြစ်ပြီး တစ်ယောက်လျှင်ကစားနည်းတစ်မျိုးစီ ဦးဆောင်ကစားကြရမည်ဖြစ်ကြောင်း ပြောပါ။ကစားနည်းများမှာ လေတိုက်ပြီ၊ ပင်လယ်ထဲကကျွန်းများ၊ လမ်းနှင့်လမ်းကြား တို့ဖြစ်သည်။ ကစားနည်းပါသောစာရွက်မိတ္တူကို ညအချိန်တွင် ၎င်းတို့လေ့လာနိုင်ရန် ဝေပေးပါ။ ပင်လယ်ထဲက ကျွန်းများကစားနည်းကိုဦးဆောင်မည့် စေတနာ့ဝန်ထမ်းအား လိုအပ်သောစက္ကူချပ်များသည် ပံ့ပိုးသူတွင် ရှိကြောင်းပြောပါ။ မေးခွန်းများရှိခဲ့လျှင် မနက်ဖြန် လက်ဖက်ရည်သောက်နားချိန်သို့မဟုတ် ထမင်းစားနား ချိန်တွင်မေးနိုင်သည် ဟုပြောပါ။ စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်းပြောပါ။

**ဆွေးနွေးပွဲ ဒုတိယနေ့**

**ဒုတိယနေ့ သင်ခန်းစာပြန်လည်စတင်ခြင်း**

**သင်ခန်းစာအကျဉ်းချုပ်**

ယခုသင်ခန်းစာကို မနေ့က ပါဝင်သူများဖြေဆိုခဲ့သော ဆွေးနွေးပွဲသုံးသပ်လွှာ (Evaluation forms)၊ စိတ်ခံစားချက်ပြဇယား (Mood meter) ၊ မှတ်ချက်များရေးရန် (Comment Board) နှင့် ဆွေးနွေးပွဲ အခြေအနေကိုစောင့်ကြည့်လေ့လာသူ (Evaluation Observers) များ၏ ပြန်လည် တင်ပြချက်များဖြင့် စတင်လေ့ရှိသည်။ ထို့နောက် ဒုတိယနေ့အတွက် သင်ခန်းစာအစီအစဉ်ကို အသိပေးရှင်းပြ ပါ။ ထို့နောက် ပါဝင်သူများအချင်းချင်း ဆက်ဆံရေး ပိုမိုအားကောင်းလာစေရန် အုပ်စုဖွဲ့အားသစ်လောင်း ကစားသည့် လေ့ကျင့်ခန်းကို လုပ်ဆောင်ရသည်။

**ကြာချိန်** - ၂၀ မိနစ်

**ရည်ရွယ်ချက်များ**

→ မနေ့က ပါဝင်ဆွေးနွေးသူများဖြေဆိုခဲ့သော သုံးသပ်လွှာတွင် ပါဝင်သည့်မေးခွန်းများကို ဆွေးနွေးနိုင်ရန်
→ ယနေ့အတွက် လေ့လာရမည့်သင်ခန်းစာများကို သိရှိစေရန်
→ ပါဝင်သူများ၏ အချင်းချင်းနားလည်နိုင်စွမ်းကို ပိုမိုတိုးတက်လာစေရန်

**သင်ထောက်ကူပစ္စည်းများ**

→ Evaluation forms
→ Mood meter
→ Comment Board

→ Workshop Agenda

**ပံ့ပိုးသူကြိုတင်ပြင်ဆင်ရန်**

→ မှတ်ချက်များ ရေးသားထားသော (Comment Board) ကို ခန်းမ၏ အများမြင်သာသောနေရာတွင် ကပ်ထားရန်

→ အဖွဲ့ (၄) ဖွဲ့ဖွဲ့ရန် တက်ရောက်လာသော ပါဝင်သူဦးရေကို ကြိုတင်ရေတွက်ထားရန်။ ဥပမာများကို အောက်တွင်ကြည့်ရှုပါ။

**လုပ်ငန်းစဉ်များ**

**ပထမနေ့ဆွေးနွေးပွဲအပေါ်ပြန်လည်သုံးသပ်ခြင်း ( ၁၀ မိနစ် )**

1. တက်ရောက်လာသူများအား ဆွေးနွေးပွဲဒုတိယနေ့မှပြန်လည်ကြိုဆိုကြောင်း ပြောပါ။
2. ထို့နောက် ပထမနေ့၏ mood meter ကိုပြန်လည်သုံးသပ်ပါ။ mood meter တွင် ပါဝင်သူမည်မျှ ပါဝင်သုံးသပ်ထားကြောင်း ၊ အများစု၏ စိတ်အခြေအနေသည် ပြုံး (သို့) တည် (သို့) မဲ့ မည်သည့်နေရာတွင်ရှိကြောင်း ပြောပါ။ အကယ်၍ ပါဝင်သူအချို့သည် တည် (သို့) မဲ့သည့်နေရာတွင် အမှန်ခြစ်ထားပါက မည်သည့်အကြောင်းအရာကြောင့်ဖြစ်ရကြောင်းကို မေးမြန်းပါ။ ဖြေဆိုသူမရှိလျှင် ဆွေးနွေးပွဲအခြေအနေကိုစောင့်ကြည့်လေ့လာသူများအား မည်သည့်အကြောင်းအရာ ဖြစ်နိုင်ပါသလဲ ၊ သတိထားမိတာရှိပါသလားဟု မေးပါ။
3. Comment Board တွင်ဖော်ပြထားသော အကြောင်းအရာများ ၊ မေးခွန်းများကိုလည်း အားလုံးပူးပေါင်း ပါဝင်နိုင်သောနည်းလမ်းများသုံး၍ ဆွေးနွေးလာနိုင်စေရန် ပံ့ပိုးကူညီပါ။
4. အကယ်၍ Comment Board တွင် မည်သည့်အကြောင်းအရာမျှ မရေးထားလျှင် Comment Board မှာဒီနေ့တော့ မှတ်ချက်ဘာမှမရေးထားကြောင်း ၊ ဆွေးနွေးပွဲအပေါ် မှတ်ချက်များရှိလျှင် အချိန်မရွေး Comment Board တွင် ရေးနိုင်ကြောင်းပြောပါ။
5. ထို့နောက် ပထမနေ့၏ဆွေးနွေးပွဲအခြေအနေကိုစောင့်ကြည့်လေ့လာသူများအား အရှေ့သို့ ကျေးဇူးပြု၍ ထွက်လာပေးရန် ပြောပါ။ စောင့်ကြည့်လေ့လာသူများအား ယခင်နေ့ဆွေးနွေးပွဲ အခြေအနေအပေါ် သုံးသပ်ချက်များကို တစ်ယောက်ပြီးတစ်ယောက် ပြန်လည်တင်ပြစေပါ။
6. ကျန်သောပါဝင်သူများအား evaluation observers များ၏သုံးသပ်ချက်များအပေါ် တစ်စုံတစ်ရာ မှတ်ချက်ပေးလိုပါသလား ဟုမေးမြန်းပါ။

**မှတ်ရန်** - ပါဝင်သူများက မကောင်းသောမှတ်ချက်များပေးလျှင် ၊ ဝေဖန်လျှင်လည်း စိတ်မကောင်း မဖြစ်ပါနှင့် ။ ကာကွယ်တုံ့ပြန်ပြောဆိုခြင်း မပြုပါနှင့် ။ လူအများစုသည် တစ်စုံတစ်ရာကို ပြီးပြည့်စုံသည်ဟု ပြောဆိုရန်ခက်ခဲလေ့ရှိပြီး ပါဝင်သူများအနေဖြင့် ဆွေးနွေးပွဲလုပ်ဆောင်ချက်များကို အာရုံစိုက်လေ့လာရန်သာ ယခုဆွေးနွေးပွဲ၏အဓိကအစိတ်အပိုင်းဖြစ်ပါသည်။

7. ပြီးလျှင် ယနေ့အတွက် evaluation observers ၅ ယောက်ရှိကြောင်း ၊ ၎င်းတို့သည်လည်း ယနေ့ဆွေးနွေးပွဲအခြေအနေများအပေါ် လေ့လာသုံးသပ်ကြရမည်ဖြစ်ပြီး မနက်ဖြန်မနက်တွင် ပြန်လည်တင်ပြရမည် ဖြစ်ကြောင်း ပြောပါ။

**ယနေ့ဆွေးနွေးပွဲအစီအစဉ် ( ၂ မိနစ် )**

Flip chart ပေါ်တွင် ကြိုတင်ရေးသားထားသော ဆွေးနွေးပွဲအစီအစဉ်အား အကျဉ်းချုံးပြောပြပါ။ အခုအချိန်ထိ ရှင်းလင်းပါသလား ဟုမေးပါ။

**နံပါတ်များဖြင့် အုပ်စုဖွဲ့ခြင်း ( ၅ မိနစ် )**

ယခုလေ့ကျင့်ခန်း မစတင်မီ ပါဝင်သူများအရေအတွက်ကို ကြိုတင်ရေတွက်ထားပါ။ လူအရေအတွက်ပေါ် မူတည်၍ မိမိဖွဲ့ချင်သောအုပ်စုအရေအတွက်ကို စိတ်မှန်းဖြင့် ကြိုတင်ခွဲထားပါ။ (ပါဝင်သူအရေအတွက် ၂၄ ယောက်ထက်များလျှင် ယနေ့သင်ခန်းစာများဆွေးနွေးရန် အုပ်စု ၄ ဖွဲ့ခွဲသင့်သည်။)

ဥပမာ - ပါဝင်သူ၂၃ ယောက်ရှိလျှင် လေ့ကျင့်ခန်းပြုလုပ်ရန် အောက်ပါအတိုင်း တစ်ခုပြီးတစ်ခု အော်နိုင်သည်။

- → ၅ ယောက် ၃ ဖွဲ့ ၊ ၂ ယောက် ၄ ဖွဲ့
- → ၁၀ ယောက် ၂ ဖွဲ့ ၊ ၁ ယောက် ၁ ဖွဲ့
- → ၁ ယောက် ၁၂ ဖွဲ့ ၊ ၁ ယောက် ၁၁ ဖွဲ့
- → ၂ ယောက် ၈ ဖွဲ့ ၊ ၁ ယောက် ၇ ဖွဲ့
- → ၂ ယောက် ၄ ဖွဲ့ ၊ ၃ ယောက် ၅ ဖွဲ့
- → ၃ ယောက် ၆ ဖွဲ့ ၊ ၁ ယောက် ၅ ဖွဲ့

1) ပါဝင်သူများအား ခန်းမ၏အလယ်တွင် လာရပ်ရန်ပြောပါ။ ပြီးနောက် ယခုလေ့ကျင့်ခန်း သည် အုပ်စုဖွဲ့သည့် လေ့ကျင့်ခန်းဖြစ်ကြောင်း အသိပေးပါ။ ပံ့ပိုးသူမှ "ဒီလေ့ကျင့်ခန်းမှာ ကျွန်တော်/ကျွန်မက အုပ်စုဖွဲ့ရမယ့်လူအရေအတွက် နဲ့ အုပ်စုအရေအတွက်ကို အော်ပါမယ်။ ဆရာ၊ ဆရာမတို့က အော်လိုက်တဲ့နံပါတ်အတိုင်း အုပ်စုဖွဲ့ပေးရမယ်။ အုပ်စုဖွဲ့တဲ့နေရာမှာ မြန်မြန်ဆန်ဆန် သွက်သွက်လက်လက်နဲ့ အုပ်စုဖွဲ့ဖို့လိုအပ်ပါတယ်" ဟုရှင်းပြပါ။
2) ပါဝင်သူများအား ခန်းမအတွင်း လမ်းလျှောက်သွားလာနေကြရန် ပြောပါ။ ထို့နောက် စဉ်းစားထားသည့် ပထမဆုံးအတွဲအစပ် "၅ ယောက် ၃ ဖွဲ့ ၊ ၂ ယောက် ၄ ဖွဲ့" ဟု အော်ပါ။ ပါဝင်သူများထိုအတွဲအစပ်အတိုင်း ဖွဲ့ထားခြင်း ရှိမရှိလိုက်လံကြည့်ရှုပါ။
3) ထို့နောက် ကျန်ရှိသော အခြားအတွဲအစပ်များကိုလည်း ထိုနည်းလည်းကောင်း အော်ပါ။ အကြိမ်တိုင်းတွင် ပါဝင်သူများအား မြန်မြန်သွက်သွက်အုပ်စုဖွဲ့ရန် သတိပေးပါ။ မိမိနှင့်ရင်းနှီးသောသူများနှင့်သာ အုပ်စုဖွဲ့ခြင်းမပြုလုပ်ရန် သတိပေးပါ။
4) နောက်ဆုံးတွင် ပါဝင်သူအရေအတွက်ပေါ် မူတည်၍ စိတ်မှန်းဖြင့်ကြိုတင်ခွဲထားသောအုပ်စု အတွဲအစပ်ကို အော်ပါ။ အုပ်စုများဖွဲ့ပြီးလျှင် "ဒီလေ့ကျင့်ခန်းကတော့ ဒီလောက်ပါပဲ ၊

ယခုအုပ်စုအတိုင်း ဆရာ ၊ ဆရာမတို့ ဒီနေ့တစ်နေ့စာ အတူတူဆွေးနွေးအလုပ်လုပ်ရမှာ ဖြစ်ပါတယ် ၊ နေရာပြန်ယူလို့ရပါပြီ ၊ ကိုယ့်အုပ်စုအတိုင်းကပ်ထိုင်ပေးပါ။” ဟုအဆုံးသတ်ပါ။

5) ပါဝင်သူများအနေဖြင့် မိမိအဖွဲ့အား မိမိတို့သွားရောက်လည်ပတ်လိုသည့် နေရာ၏အမည် တစ်ခုကို ရွေးချယ်စေပါ။ ထိုနာမည်သည် မိမိတို့၏အဖွဲ့အမည်ဖြစ်ကြောင်း ပြောပါ။ (သို့) ပါဂင်သူများအား ၎င်းတို့အဖွဲ့အမည်ကို နှစ်သက်ရာ အမည်ပေးနိုင်ကြောင်း ပြောပါ။

## သင်ခန်းစာ ၁ - ပံ့ပိုးကူညီသူနှင့် သူ၏ရပ်ရွာလူထု

### သင်ခန်းစာ အကျဉ်းချုပ်

ပထမဆုံးလုပ်ဆောင်ချက်အနေဖြင့် ပါဝင်ဆွေးနွေးသူများအား ၎င်းတို့အလုပ်လုပ်သည့် ရပ်ရွာလူထု အကြောင်းကို နာမဝိသေသနဖြင့် ထုတ်ဖော်ပြသစေပါ။ မည်ကဲ့သို့သော နာမဝိသေသနများ ရှိသည်ကို ဆွေးနွေးပါ။ ထို့နောက် ရပ်ရွာလူထုအနေဖြင့် ၎င်းတို့တွင်ရှိသော လိုအပ်ချက်များကို မည်ကဲ့သို့လက်ခံထားသနည်း၊ ထိုခံယူချက်များနှင့် ပတ်သက်သည့်အကြောင်းအရာများပါဝင်သော ဖြစ်ရပ်မှန်ဇာတ်လမ်းကို ဆွေးနွေးရမည်။ နောက်ဆုံးတွင် လုပ်ငန်းစဉ် ၂ ခု နှင့်ပတ်သက်သည့် အထုပ်ဖြည် ရှင်းလင်းခြင်းကို လုပ်ဆောင် ရမည်ဖြစ်သည်။

**ကြာချိန်** - ၁ နာရီ ၃ဝ မိနစ်

### ရည်ရွယ်ချက်

→ ရပ်ရွာလူထုနှင့် ဆက်ဆံရေး၊ ရပ်ရွာလူထု၏ သဘောထားအမြင်များ ကို သတိပြုမိလာစေရန်။
→ ရပ်ရွာထဲတွင်ရှိသော လူအုပ်စုများအားစီမံခန့်ခွဲရာတွင် ခက်ခဲရှုပ်ထွေးမှုများ ရှိကြောင်းကို ပါဝင်ဆွေးနွေး သူများ သိမြင်လာစေရန်။

### သင်ထောက်ကူပစ္စည်းများ

→ လက်ကမ်းစာစောင် ၁ - ရွာကလေးရဲ့ကျန်းမာရေး ပုံပြင် (တစ်ယောက်တစ်စုံ)
→ လက်ကမ်းစာစောင် ၁ (က)- ရွာကလေးရဲ့ကျန်းမာရေး နှင့်ပတ်သက်သောအချက်များ

### လုပ်ငန်းစဉ်များ

သင့်ရပ်ရွာနှင့်ပ**တ်သ**က်သောဖော်ပြချက်များ- နှစ်ယောက်တစ်တွဲ နှင့် ပံ့ပိုးသူနှင့်ပါဝင်သူများ အပြန်အလှန် ဆွေးနွေးခြင်း ( မိနစ် ၄ဝ)

၁။ ပံ့ပိုးသူအနေဖြင့် ဆရာဆရာမတို့ကို တစ်ချို့လုပ်ငန်းကိစ္စများအပေါ်အခြေခံပြီး သင်တန်းဆရာတစ်ယောက်၊ ရပ်ရွာဖွံ့ဖြိုးရေး လုပ်သားတစ်ယောက်အနေဖြင့် ရပ်ရွာလူထုထံ သွားရောက်ခဲ့သည်ကို ပြန်ကြည့် စေချင်ပါသည် ဟုပြောပါ။

၂။ ရပ်ရွာလူထုနှင့် အလုပ်လုပ်သည့်အခါ၊ သင်တန်းပေးသည့်အခါ မကြာခဏအများဆုံး ကြုံတွေ့ရသည့် လူများကို ကိုယ်စားပြုသော နာမဝိသေသန ၅ ခု ကိုရေးစေပါ။ ရေးသည့်အခါ ရိုးသားပါ၊ မိမိတို့စိတ်ထဲတွင် ပထမဆုံး ပေါ်လာသည့် စကားလုံးကိုသာ ချရေးပါ ဟု ပြောပါ။

၃။ ရေးရန် အချိန် ၅ မိနစ်ပေးပါ။

၄။ အချိန်ပြည့်သွားသောအခါ - ပထမဆုံးနှစ်ယောက်တွဲတစ်တွဲမှ စပြီးသူတို့ရေးထားသော အချက်များထဲမှ တစ်ချက်စီသာ ပြောစေပါ။ နောက်တစ်တွဲကို တခြားဘက်မှ(နာမည်ခေါ်ပြီး) "ဘယ်သူတို့အတွဲကတော့ဖြင့် ပြောပါဦး" ဆိုပြီး တစ်ချက်စီမေးပါ။ ထိုနည်းလမ်းဖြင့် အားလုံးထံမှ အချက်များကို ရယူပါ။ Flipchart ပေါ်တွင် co –Facilitator မှလိုက်လံရေးသားပါ။ရှေ့အတွဲများမှ ပြောပြီးသွားသည့် အချက်များ မိမိတို့တွင် ပါလျှင်ထပ်မံမပြောပဲ မပါသေးသောအချက်များကိုသာ ပြောရန် ရှင်းပြပါ။

၅။ နောက်ထပ် Flipchart ပေါ်တွင် ကော်လံ ၃ ခု ခွဲပြီး **Positive (+)**, **Negative (-)** and **Neutral** ဟု ကြိုရေးထားပါ။ ထို့နောက် အားလုံးထံမှ ရယူထားသောအချက်များ ရေးထားသည့် စာရွက်ထဲမှ ပထမဆုံးတစ်ချက်ကို ပါဝင်ဆွေးနွေးသူများအနေဖြင့် ထိုအချက်ကို ကော်လံ ၃ ခုထဲမှ မည်သည့်ကော်လံ ထဲသို့ ထည့်ချင်ပါသလဲဟု မေးပါ။ အားလုံး၏သဘောထားဆန္ဒအရဖြင့်သာ သူတို့ထည့်ချင်သော ကော်လံ ထဲသို့ထည့်ပေးပါ။ အကယ်၍ သဘောထားကွဲလွဲမှုများရှိခဲ့လျှင်၊ ပါဝင်ဆွေးနွေးသူများအနေဖြင့် မဆုံးဖြတ်နိုင်ခဲ့လျှင် ကော်လံ ၂ ခုစလုံးထဲသို့ ထည့်နိုင်ပါသည်။

၆။ ကော်လံ ၃ခုထဲခွဲထည့်သည့်အခါ ဘာကြောင့်သူတို့ ထိုကော်လံထဲသို့ထည့်ရသည့် အကြောင်းအား မျှဝေပေးရန်ပြောပါ။ သဘောတူညီမှု မရှိသူများမှလည်း သူတို့ဘာကြောင့် သဘော မတူရသလဲဆိုသည်ကို မျှဝေပေးရန်ပြောပါ။သို့သော် အချိန်ကိုကြည့်ပါ။ ထိုလုပ်ငန်းစဉ်အတွက် ၁၅ မိနစ်ထက် မကျော်စေရန် သတိထားပါ။ စကားလုံးတစ်ခုအပေါ်တွင် ကြာရှည်ထစ်ငေါ့မနေစေရန် သတိပြုပါ။ သဘောတူညီမှုရရန် မဖြစ်နိုင်လျှင် သင့်အနေဖြင့် ထိုအငြင်းပွားဖွယ် စကားလုံးကို ကော်လံ ၂ ခုထဲသို့ ထည့်ပြီးနောက်တွင် "?" ထည့်ထားပါ။

၇။ ထို့နောက် ကော်လံ ၃ ခုတွင် ထည့်ထားသော စာရင်းအရေအတွက်ကို ပေါင်းပြီး ရသည့်ဂဏန်းကို စာလုံးကြီးကြီးဖြင့် ရေးမှတ်ပါ။ ရသည့်ဂဏန်း ၃ ခုကို နှိုင်းယှဉ်ကြည့်စေပါ။ ဘယ်ကော်လံက ပိုများသလဲ ဟုမေးပါ။ ထိုအချက်များသည် သူတို့အနေဖြင့် သူတို့၏ရပ်ရွာလူထုပေါ် ထားရှိသည့်သဘောထား အမြင်များ ဖြစ်ကြောင်းပြောပြပါ။ အဆိုးမြင်သော ဆက်ဆံရေး၊ အကောင်းမြင်သော ဆက်ဆံရေးနှင့် ပတ်သက်သည့် တစ်ခုခု၏ အကြောင်းပြချက်ကို မေးပါ။ သူတို့၏ရပ်ရွာလူထုပေါ်တွင် မည်ကဲ့သို့သော သဘောထားများ ထားရှိသင့်သလဲ ဟုမေးပါ။ ပြဿနာနဲ့ပတ်သက်ပြီး ဘယ်လိုကိုင်တွယ် ဖြေရှင်းသင့်သလဲ ဆိုသည်များကို ပါဝင်ဆွေးနွေးသူများ အချင်းချင်း အကြံဉာဏ်မျှဝေစေပါ။

**မှတ်သားရန်** - သီအိုရီအရ ရပ်ရွာလူထု၏ သဘောထားထက် ဖွံ့ဖြိုးရေးလုပ်သား တစ်ယောက်၏ ရပ်ရွာလူထုအပေါ်မြင်သည့် သဘောထားခံယူချက်က ထိုစာရင်းတွင် ပိုပြီးထင်ဟပ်ပါသည်။ ထို့အတွက် သူတို့ကို မဝေဖန်ပါနဲ့။ ဒီလေ့ကျင့်ခန်းမှ သူတို့မည်ကဲ့သို့သော ပြဿနာရင်ဆိုင်ကြုံတွေ့နေရသည်ကို သိမြင်စေရန်။ သို့မဟုတ် သူတို့အနေဖြင့် ရပ်ရွာလူထုနှင့် ဆက်ဆံရေးပိုကောင်းအောင် ဘယ်လိုတည်ဆောက်ရမည် ကို သိရှိစေသည့် အခွင့်အလမ်းတစ်ခုသာ ဖြစ်သည်။

**ဖြစ်ရပ်မှန်ဇာတ်လမ်း - အုပ်စုဖွဲ့ဆွေးနွေးခြင်း (မိနစ် ၃၀)**

၁။ ယခုအခါ ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် ဇာတ်လမ်းတစ်ပုဒ်ကို အုပ်စုလိုက်ဆွေးနွေးရသော လေ့ကျင့်ခန်းတစ်ခု လုပ်မည် ဖြစ်ကြောင်းရှင်းပြပါ။

၂။ မနက်က ခွဲထားသော အုပ်စုအတိုင်း အုပ်စုလိုက်နေရာယူရန်ပြောပါ။ လက်ကမ်းစာစောင် ၂ ကို ပါဝင်ဆွေးနွေးသူများတိုင်းအား ဝေပေးပါ။လက်ကမ်းစာစောင်ကိုဖတ်ပြီး ဒီဇာတ်လမ်းနှင့်ပတ်သက်ပြီး မေးထားသည့်မေးခွန်းကို အုပ်စုလိုက်ဆွေးနွေးဖြေကြားပေးရမည် ဖြစ်ကြောင်းပြောပါ။ ဆွေးနွေးချိန် ၁၅ မိနစ်ရမည် ဖြစ်ကြောင်းပြောပါ။ သို့သော် အချိန်ပြည့်သွားသည့်တိုင်အောင် ဆွေးနွေးမှုမှာ မပြီးပြတ်သေးလျှင် အချိန် အနည်းငယ် ထပ်ပေးပါ။

၃။ အချိန်ပြည့်သွားသောအခါ အုပ်စုများထံမှ ဆွေးနွေးချက်များပြန်လည်ရယူပါ။ မေးခွန်းတိုင်းအတွက် မတူညီသော အုပ်စုတိုင်းထံမှ အဖြေရယူပါ။ အခြားအဖွဲ့များအား မှတ်ချက်ပေးစေပါ။ ဇာတ်လမ်းထဲမှ အကြောင်းကိစ္စကို ဆွေးနွေးခြင်းမှာ အဆင်ပြေပါသည် သို့သော် ဆွေးနွေးစဉ် သင့်ကိုယ်ပိုင်အမြင်များကို ထုတ်ဖော်ပြောကြားခြင်းမပြုရန် သတိရပါ။ သူတို့အား မည်သို့ပြုလုပ်သင့်သည်ဟု ညွှန်ကြားမည့်အစား သူတို့၏ လုပ်ငန်းအတွေ့အကြုံပေါ် လေးစားမှု ရှိပါစေ။ ပံ့ပိုးသူက ပါဝင်ဆွေးနွေးသူများ၏ ကိုယ်ပိုင်အတွေ့အကြုံပေါ် အခြေခံ၍ ရပ်ရွာလူထုနှင့်အလှူရှင်များကြားရှိ ပြဿနာများကို မည်သို့ကိုင်တွယ်ဖြေရှင်း သင့်ကြောင်း မေးမြန်းပါ။

၄။ ပါဂင်ဆွေးနွေးသူများအနေဖြင့် တခြားအမြင်များ ထည့်သွင်းဆွေးနွေးကာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချင်ပါကလည်း ဆွေးနွေးပါစေ။ ပါဝင်ဆွေးနွေးသူများ၏ရှုထောင့်မှ အမျိုးမျိုးသော လက်တွေ့ကျတဲ့ ပြဿနာများကို ပံ့ပိုးကူညီသူများ နားလည်သဘောပေါက်လာနိုင်မည်။

**မှတ်သားရန်** - အောက်ပါ အတွေးအမြင်များသည် အကြံပြုချက်များအဖြစ် အထောက်အကူဖြစ်နိုင်သည်။

၁။ ယခုဇာတ်လမ်းမှ ဖော်ပြနေသည်မှာဖွံ့ဖြိုးရေး စီမံချက်များသည် ကောင်းမွန်သော ရလဒ်ကို ရည်ရွယ်သော်လည်း မမျှော်လင့်ထားသော ရလဒ်များကို ရရှိတတ်ကြောင်း၊ လူများသည် အမြဲတမ်းသူတို့ မည်သည့်အရာများ လိုအပ်သည် ကို အကောင်းဆုံးသိနိုင်ကြောင်း ဖော်ပြနေပါသည်။

၂။ အဝီစိရေတွင်းကိုတောင်းဆိုသူများသည် အမျိုးသားများ /သက်ကြီးရွယ်အိုများ ဖြစ်နိုင်ချေရသည်။ ထိုသို့မဟုတ်ပဲ အခြားအုပ်စုများဖြစ်သော လူငယ်များ၊ အမျိုးသမီးများ၊သက်ကြီး ရွယ်အိုများ နှင့် အပစ်ပယ်ခံလူနည်းစုကိုပါ ဘေးဖယ်မထားဘဲ တိုင်ပင်ဆွေးနွေးရန် လိုအပ်ပါသည်။

၃။ ပါဝင်ဆွေးနွေးသူများအနေဖြင့် ရပ်ရွာလူထုထဲတွင် ချမ်းသာသောအုပ်စု၊ စီးပွားအဆင့်အတန်း အမျိုးမျိုးရှိသောအုပ်စု၊ လူငယ်၊လူကြီး အမျိုးသားအုပ်စု၊ မိန်းကလေးအုပ်စု၊ အမျိုးသမီးကြီးအုပ်စု၊ အလွန်ဆင်းရဲနွမ်းပါးသော အုပ်စု၊ ဖယ်ကျဉ်ခံထားရသည့် အုပ်စု (ဥပမာ - မိဘမဲ့ဦးဆောင်သောအိမ်ထောင်စု) ကဲ့သို့သော မတူညီသည့် အုပ်စုများ များစွာ ရှိသည်ကို သတိပြုမိရမည်။ အုပ်စုတိုင်းတွင် သူတို့၏လိုအပ်ချက် အလိုက် မတူညီသော အတွေးအမြင်များ ရှိလိမ့်မည်။

၄။ ဤအချက်ကို ပါဝင်ဆွေးနွေးများ၏ အလုပ်တွင် မည်သို့ အသုံးချနိုင်မလဲ ဟု မေးပါ။

၅။ စီမံချက် လုပ်ငန်းအမျိုးအစားကို အလှူရှင်များကသာ ကြိုတင်ဆုံးဖြတ်ထားပြီးဖြစ်သည်။ ဥပမာ - ရေကာတာအတွက် အသုံးပြုမည့် ငွေကြေးကို ကျန်းမာရေး ဆေးခန်းတွင် အသုံးပြု၍ မရပါ၊ ဖွံ့ဖြိုးရေးလုပ်သားများအနေဖြင့် အလှူရှင်များ၏ စိတ်ဝင်စားမှု၊ အတွေးအမြင်အယူအဆ နှင့် ရပ်ရွာလူထု၏လိုအပ်ချက် ၊ ဆန္ဒများ အကြား မတူညီမှုများကို နှစ်ဖက်ညီမျှအောင် ချိန်ညှိလုပ်ဆောင်ရန်လိုအပ်သည်။

၆။ "သင်တို့ရဲ့စီမံချက်ဒေသမှာ ဘာပြဿနာတွေရှိနေလဲ၊ ဒါကိုသင်တို့အနေနဲ့ဘယ်လိုမျိုး ဟန်ချက်ညီညီ လုပ်ဆောင်နိုင်မလဲ" ဟူသောမေးခွန်းများ မေးပါ။ မည်သည့်နေရာတွင်မဆို လက်တွေ့ကျသော ဥပမာများ ၊ အတွေ့အကြုံများ ပေးစေပါ။

၇။ စီမံကိန်းအရာရှိများက သူတို့စီမံချက်တွေအတွက် ရပ်ရွာလူထုကို ထောက်ပံ့တဲ့ပစ္စည်းတွေပေးလိုကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပေးလှူခြင်းသည် ရပ်ရွာလူထုထဲတွင် မျက်နှာပွင့်စေသောကြောင့် ဖြစ်သည်။ ထိုသို့ပေးတာက ကောင်းကျိုးဖြစ်စေလား (သို့) ဆိုးကျိုးဖြစ်စေလား ဟုမေးပါ။

၈။ ဒီလိုပေးကမ်းလှူဒါန်းတာတွေက ရပ်ရွာလူထုကို မှီခိုမှုဖြစ်အောင်လုပ်သည်ဟု ထင်မှတ်ခြင်းက အယူအဆမှား ဖြစ်ပါသည်။ ဆိုင်ကလုံးမုန်တိုင်းဖြစ်ပွားပြီးကာလတွင် ရွာတစ်ရွာအား အစားအစာထောက်ပံ့မှု ပြုလုပ်ခဲ့လျှင် ထိုရွာရှိ ရွာသူရွာသားများသည် နောက်နှစ်တွင် သူတို့စားရန် သူတို့၏ ကိုယ်ပိုင်စိုက်ပျိုးရေး လုပ်ငန်းကို မစိုက်ပဲနေလိမ့်မည်ဟု ဆိုလိုပါသလား ဟုမေးပါ။

**သင်ခန်းစာအား အထုပ်ဖြည်ရှင်းလင်းခြင်း (၁၀ မိနစ်)**

၁။ သင်ခန်းစာအဆုံးမှာ အဓိကအကြောင်းအရာများကို အနှစ်ချုပ်ဆွေးနွေးပါ။သတိပြုရမည့်အရာသည် ပါဝင်ဆွေးနွေးသူအများစုအတွက် လွယ်ကူသော (နားလည်လွယ်သော) အဖြေရှိမည် မဟုတ်ပါ။

၂။ ပါဝင်ဆွေးနွေးသူများအား ပထမဦးဆုံးလုပ်ဆောင်ခဲ့တဲ့ activity နဲ့ပတ်သက်တဲ့ ဖြစ်စဉ်များကို ပြန်စဉ်းစားစေပါ။ ပံ့ပိုးသူနှင့် ပါဝင်သူများ အပြန်အလှန်ဆွေးနွေးခြင်း မပြုလုပ်မီ နှစ်ယောက်တစ်တွဲ နာမဝိသေသနများကို စာရင်းပြုစု ရသည်။ ထိုကဲ့သို့ ၂ ယောက်တစ်တွဲ ဆွေးနွေးပြီးမှ plenary ပုံစံဆွေးနွေးတာက ထပ်တလဲလဲနဲ့ ငြီးငွေ့ဖွယ်ကောင်းလား၊ (သို့မဟုတ်) နှစ်ယောက်တစ်တွဲဆွေးနွေးလိုက်ခြင်းသည် မိမိရဲ့အမြင်ကို အများနဲ့ဆွေးနွေးသည့်အခါ ဖော်ထုတ်ပြောဆိုရာမှာ လွယ်ကူစေသလား ဟုမေးပါ။ (၎င်းတို့အနေနဲ့ ထိုအကြောင်းအရာမှာ နှစ်ယောက်တစ်တွဲဆွေးနွေးခြင်းသည် မလိုအပ်ဘူးလို့ ခံစားရနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းအကြောင်းအရာသည်အလွန်လွယ်ကူရိုးရှင်းနေသောကြောင့်ဖြစ်သည်။) အခြားခေါင်းစဉ်များအား ထိုနည်းလမ်းနဲ့ အသုံးပြုပြီး ဆွေးနွေးသည့်အခါ ပါဝင်ဆွေးနွေးသူများက ၎င်းတို့ရဲ့အမြင်တွေကို plenary တွင် သက်သောင့်သက်သာနှင့် ဆွေးနွေးနိုင်သည် ဟူသောအချက်ကို ထောက်ပြပါ။

၃။ ဤလုပ်ငန်းစဉ် ၂ ခုသည် ပါဝင်ဆွေးနွေးသူများအတွက် အသုံးဝင်သည်ဟု ထင်ပါသလား။ အသုံးဝင်လျှင် ဘာကြောင့် အသုံးဝင်သလဲ၊ အသုံးမဝင်လျှင် ဘာကြောင့်အသုံးမဝင်သလဲ ဟုမေးပါ။

၄။ (အကြံပြုအဖြေ- ဟုတ်ပါတယ်၊ ပထမ လုပ်ငန်းစဉ်သည် မိမိ၏ရပ်ရွာလူထုအပေါ်ထားသော ကိုယ်ပိုင်ခံယူချက် သဘောထားများကို ပြန်ကြည့်ဖြစ်စေပြီး ထိုလုပ်ငန်းစဉ်သည် မိမိ၏အလုပ်တွင် မည်သို့ အကူအညီဖြစ်စေသလဲ ဆိုသည်ကို သတိမူမိစေပါသည်။ ဒုတိယလုပ်ငန်းစဉ်သည် ရပ်ရွာလူထုဆီမည်ကဲ့သို့ ချဉ်းကပ်ဝင်ရောက် ရမည်ဖြစ်ကြောင်းကို သင်ပြခြင်းမဟုတ်ပဲ ရပ်ရွာလူထုအတွင်းတွင် ဖြစ်ပေါ်နေသော ပြဿနာများကို ဖော်ထုတ်ရန် ၊ ဖြစ်ရပ်မှန်ဇာတ်လမ်းမှ အရေးကြီးသော အကြောင်းအရာများအား ဖော်ထုတ်ရန် ၊ ရပ်ရွာလူထု၏အတွေ့အကြုံ နှင့် အတွေးအမြင်များကို မျှဝေခြင်းဖြင့် ဆွေးနွေးမှုကိုဖြစ်ပေါ်စေရန် ရည်ရွယ်သည်။)

၅။ ယခုအသုံးပြုသော ဖြစ်ရပ်မှန်ဇာတ်လမ်း နည်းလမ်းအား အခြားသင်ခန်းစာတွင် မတူညီသော ရည်ရွယ်ချက်ဖြင့် အသုံးပြုသည်ကို ပြန်လည်မြင်တွေ့ရမည် ဖြစ်ကြောင်း ၊ နှစ်ယောက်တစ်တွဲ အုပ်စုဆွေးနွေးမှုသည်လည်း နောက်သင်ခန်းစာတွင် ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း ပြောပါ။

၆။ ယခုသင်ခန်းစာသည် ပါဝင်ဆွေးနွေးသူများအနေဖြင့် မိမိတို့လုပ်ငန်းတိုးတက်ကောင်းမွန်လာစေရန် ၊ ရပ်ရွာလူထုနှင့် ပိုမိုစည်းလုံးစေရန်သာ ရည်ရွယ်ခြင်းဖြစ်ပြီး သိပြီးသား အကြောင်းအရာများကို ထပ်ကာထပ်ကာ ပြောဆိုနေခြင်း မဟုတ်ကြောင်း ပြောပြပါ။ ပါဝင်ဆွေးနွေးသူများအနေဖြင့် ဖြစ်ရပ်မှန်ဇာတ်လမ်းအား အသုံးပြုသည့် လုပ်ငန်းစဉ်ကို စတင်လုပ်ဆောင်နေချိန်တွင် ပါဂင်ဆွေးနွေးသူတို့အနေဖြင့် လုပ်ဆောင်ကြရပြီး နောက်ပိုင်းတွင် ပံ့ပိုးသူအနေဖြင့် ဖြစ်ရပ်မှန်ဇာတ်လမ်း၏ ဝိသေသလက္ခဏာများ နှင့် မည်သို့ အသုံးပြုနိုင်သည်ကို လေ့လာသုံးသပ်ကြရကြောင်း ပြောပါ။ အချို့အခြေအနေများတွင် ပါဝင်ဆွေးနွေးသူများအနေဖြင့် မိမိတို့ကိုယ်တိုင် ဖြစ်ရပ်မှန်ဇာတ်လမ်း ဖန်တီးရနိုင်သည်။ အကြောင်းအရာတစ်ခုကို ၄င်းတို့အနေနှင့် ကျွမ်းကျင်ပြီးသားဖြစ်လျှင် သုံးမည့် နည်းလမ်းကို သူတို့ အာရုံစိုက် စီမံသင့်သည်။ ဥပမာ - မည်သည့်အဆင့်များ လုပ်မည် ၊ မည်သည့်ညွှန်ကြားချက်များပေးမည်၊ အဘယ့်ကြောင့် နှစ်ယောက်တစ်တွဲ (သို့) အုပ်စုဖွဲ့ဆွေးနွေးခြင်း (သို့) plenary လုပ်ရမည် ဆိုသည်ကို စဉ်းစားထားရမည် ဖြစ်သည်။

## လက်ဖက်ရည်သောက်နားချိန် ( ၁၅ မိနစ်)

## သင်ခန်းစာ ၂ - အထုပ်ဖြည်လေ့လာခြင်း

### သင်ခန်းစာအကျဉ်းချုပ်

ပံ့ပိုးကူညီသူနှင့် ပါဂင်ဆွေးနွေးသူများ အထုပ်ဖြည်လေ့လာခြင်း၏ ယေဘုယျအတွေးအမြင်များကို အပြန်အလှန်ဆွေးနွေးကြပြီးနောက် ယခင်နေ့က သင်ခန်းစာများကို မေးခွန်းများနှင့်တကွ အုပ်စုလိုက်ဆွေးနွေးကြသည်။ ထိုသင်ခန်းစာများကို မည်သို့ စီမံခန့်ခွဲခဲ့သလဲ၊ ဘာ့ကြောင့် ထိုသင်ကြားမှုနည်းလမ်းတွေကို အသုံးပြုရသလဲဟူသောအချက်များကို ဆက်လက်ဆွေးနွေးကြသည်။ နောက်ဆုံးတွင် အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်သော သိလိုသည်များကို မေးမြန်းနိုင်ရန် အခွင့်အလမ်းများဖန်တီးပေးသည့် "In the Hat" နည်းလမ်းကို ပြုလုပ်ပါ။

**ကြာချိန်** - ၁နာရီ ၄၅ မိနစ်

### ရည်ရွယ်ချက်များ

→ ပါဂင်ဆွေးနွေးသူများအနေဖြင့် ပထမနေ့ လုပ်ငန်းစဉ်များကို အသေးစိတ်ပြန်လည် ခွဲခြမ်းစိတ်ဖြာနိုင်စေရန်

→ ထိုလုပ်ငန်းစဉ်များကို အဘယ်ကြောင့် ရွေးချယ်ခဲ့သလဲဆိုတာကို နားလည်စေရန်
→ လုပ်ငန်းစဉ်များကို စီမံခန့်ခွဲရာတွင်ပါဝင်သော ရွေးချယ်မှုများကို လေ့လာဆွေးနွေးနိုင်စေရန်
→ သင်ခန်းစာတစ်ခုအတွင်း မတူညီသော လုပ်ငန်းစဉ်များအကြား ဆက်စပ်မှုများကို ဆန်းစစ်နိုင်စေရန်

**သင်ထောက်ကူပစ္စည်းများ**

→ လက်ကမ်းစာစောင် (၂) -ယခင်နေ့က သင်ခန်းစာများအကြောင်းပါဝင်သော မေးခွန်းများ
→ စာရွက်ပိုင်းများ စုဆောင်းရန် ဦးထုပ်/အိတ်/ခြင်းတောင်း/ပုံး တစ်လုံး
→ မေးခွန်းများရေးရန် စာရွက်ပိုင်းငယ်များ - ပါဝင်သူ တစ်ဦးလျှင် ၂ - ၃ ရွက်ခန့်စီ

**ပံ့ပိုးသူကြိုတင်ပြင်ဆင်ရန်**

→ အကယ်၍ သင်သည် ပထမနေ့သင်ခန်းစာများကို လွတ်သွားပါက ထိုနေ့က အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်စေရန် လက်ကမ်းစာစောင်များနှင့် ညွှန်ကြားချက်များကို ပြန်လည်ဖတ်ရှုထားပါ။
→ လက်ကမ်းစာစောင် ၂ ကို လေ့လာ၍ ၎င်းမှ အကြောင်းအရာများကို ကြိုတင်တွေးတော စဉ်းစားထားပါ။

**လုပ်ငန်းစဉ်များ**
**အထုပ်ဖြည်လေ့လာခြင်း ဆိုတာ ဘာလဲ - သတင်းအချက်အလက်များ ထည့်သွင်းခြင်း (၁၀ မိနစ်)**

၁။ယခင်နေ့သင်ခန်းစာများအဆုံးတွင်တက်ရောက်သူများအားပါဝင်ဆွေးနွေးသူတစ်ယောက်အဖြစ်မဟုတ်ပဲ ပံ့ပိုးသူတစ်ယောက်အနေဖြင့် လုပ်ငန်းစဉ်များကို ပြန်စဉ်းစားကြည့်ရန် ပြောပါ။ ယခုအချိန်မှစ၍ ထိုလုပ်ငန်းစဉ်များကို ပို၍အသေးစိတ် လေ့လာဆွေးနွေးသွားမည်ဖြစ်ကြောင်း ပါဝင်ဆွေးနွေးသူများအား အသိပေးပါ။

၂။ ယခင်နေ့မှအစီအစဉ်များကို ပြန်လည်စဉ်းစား၍ မတူညီသော ရွေးချယ်မှုများကို ဘာ့ကြောင့်၊ ဘယ်လို အတူတကွ ထည့်သွင်းလုပ်ဆောင်ခဲ့သလဲ ဆိုတာ သိမြင်နိုင်ရန် ဆွေးနွေးကြမည် ဖြစ်ကြောင်း ရှင်းပြပါ။ ဆွေးနွေးမှုတွင် ပါဝင်ခဲ့သောအဆင့်များနှင့်ပတ်သက်သည့် မေးခွန်းများမေးမြန်း၍ မည်သည့်အချိန်တွင် မည်သည့်လုပ်ငန်းများ လုပ်ဆောင်ကြောင်း၊ အားလုံးပူးပေါင်းပါဝင်နိုင်စေရန် မည်သည့်နည်းလမ်းများ အသုံးပြုကြောင်း ဆန်းစစ်ရမည်ဖြစ်ပြီး ကျေးရွာလူထုအတွင်း ၎င်းတို့ လုပ်ဆောင်ခဲ့သော လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်စဉ်းစားလာနိုင်မည် ဖြစ်သည်။

၃။ "အထုပ်ဖြည်လေ့လာခြင်းဆိုတာ ဘယ်လိုနားလည်လဲ" ဟုမေးပါ။ အထောက်အကူဖြစ်စေရန် ဤဥပမာကို ပေးပါ- ခုလေးတင် ပြုလုပ်ခဲ့ပြီးသော သင်ခန်းစာ နှင့် ယခု စတင်နေသောသင်ခန်းစာ ၂ခုလုံးတွင် လေးလေးနက်နက်စဉ်းစားရသည့် လေ့ကျင့်ခန်းများလုပ်ဆောင်ခဲ့ရသည်။ ထိုလေ့ကျင့်ခန်းများကို နံနက်ပိုင်းအစီအစဉ်တွင် ထည့်သွင်းလေ့ရှိသည်-အဘယ်ကြောင့်ဖြစ်မည်နည်း။

မနေ့က သင်ခန်းစာတွင် ပါဂင်ဆွေးနွေးသူများအနေဖြင့် မနက်ပိုင်းနှင့်ညနေပိုင်းတွင် ၎င်းတို့အနေဖြင့် ဘယ်အချိန်က လေးလေးနက်နက်စဉ်းစားခဲ့ရပြီး ဘယ်အချိန်က ပေါ့ပေါ့ပါးပါးဖြစ်စေခဲ့သလဲ ဟုမေးပါ။
ယနေ့နေ့လည်ခင်းအချိန်တွင် လှုပ်လှုပ်ရှားရှားဖြစ်စေပြီး ပေါ့ပါးလွယ်ကူသည့် အားသစ်လောင်း ကစားနည်းများ လုပ်ဆောင်သွားဖို့ရှိပါသည်။ အဘယ်ကြောင့် ပေါ့ပေါ့ပါးပါးလေ့ကျင့်ခန်းများကို နေ့ခင်းပိုင်းတွင် ပြုလုပ်လေ့ရှိသည်ဟုထင်ပါသလဲ။ (အဖြေ-- လူတိုင်းသည် နေ့လည်ခင်းအချိန်တွင် အင်အားများ လျော့နည်းတတ်သောကြောင့် လှုပ်လှုပ်ရှားရှားဖြစ်စေရန် လိုအပ်သည်။) သင်ခန်းစာ (သို့) အလုပ်ရုံဆွေးနွေးပွဲတစ်ခုအတွက် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများ (သို့) ဒီဇိုင်းရေးဆွဲရန် သူတို့ကိုယ်တိုင် အထုပ်ဖြည်လေ့လာခြင်းကို ပြုလုပ်ရာတွင် ဤမေးခွန်းများကို မေးမြန်းရမည်။ ဘာ့ကြောင့် ထိုအဆင့်များကို ပြုလုပ်ရပါသလဲ။ မိမိအနေဖြင့် ပိုမိုကောင်းမွန်အောင် မည်သို့ပြုလုပ် နိုင်ပါသလဲ။

၄။ ပါဝင်သူတို့ကို သင်ယူလေ့လာခြင်းတွင် မှတ်မိစေလိုသော အဓိကအချက်ကို အလေးထားပြောဆိုပါ။
လုပ်ငန်းစဉ်တစ်ခုကိုလုပ်တိုင်းတွင် ရွေးချယ်ရသော အကြောင်းရင်းများရှိကြောင်း ပြောပြပါ။
နေ့တစ်နေ့၏ မည်သည့်အချိန်တွင် မည်သည့်လုပ်ငန်းစဉ်များ ပြုလုပ်လေ့ရှိသလဲ။
ထိုလုပ်ငန်းစဉ်များကို ပံ့ပိုးသူနှင့်ပါဂင်သူများ အပြန်အလှန်ဆွေးနွေးခြင်း၊ အုပ်စုလိုက် (သို့) ၂ယောက်တစ်တွဲဆွေးနွေးခြင်း၊ တစ်ဦးချင်း (သို့) မတူညီသောအုပ်စုအလိုက် ဆွေးနွေးစေခြင်း စသဖြင့် မည်သည့်နည်းလမ်းများကိုအသုံးပြု၍ မည်သည့်အချိန်တွင် ပြုလုပ်မည်ကို ကြိုတင်ရွေးချယ်ထားရန်လိုကြောင်းပြောပါ။ မတူညီသော အခြေအနေများနှင့် မတူညီသော ရည်ရွယ်ချက်များအတွက် ကွဲပြားသော လုပ်ငန်းစဉ်များ လိုအပ်သည်။ အလုပ်ရုံဆွေးနွေးပွဲတစ်ခု၏ လုပ်ငန်းစဉ်များကို အထုပ်ဖြည်ဆွေးနွေးရာတွင် ဘယ်လိုမေးခွန်းများမေးရမည် ကို လေ့လာနေရမည် ဖြစ်ပြီး မိမိကိုယ်တိုင် အလုပ်ရုံဆွေးနွေးပွဲတစ်ခုစီစဉ်၍ ပြုလုပ်ချိန်တွင် မည်သည့်နည်းလမ်းများ အသုံးပြုမည်ကို ကြိုတင်ရွေးချယ်ထားရန် လိုအပ်သည်။

၅။ ဤဉပမာမေးခွန်းများပေး၍ မေးပါ။
(က) ဒီအချိန်မှာ အားသစ်လောင်းကစားနည်းတစ်ခုကို ပြုလုပ်သင့်လား။ လုပ်ရမည်ဆိုလျှင် အဘယ်ကြောင့်လိုအပ်သလဲ၊ မည်ကဲ့သို့သောအားသစ်လောင်းကစားနည်းကို ပြုလုပ်ပေးရန် လိုအပ်သနည်း။
(ခ) အကြောင်းအရာတစ်ခုကို သင်ကြားလိုပါက တိုက်ရိုက်သင်ခန်းစာပို့ချခြင်း (သို့) ဖြစ်ရပ်မှန် လေ့လာခြင်း (သို့) ပံ့ပိုးသူနှင့်ပါဂင်သူများအပြန်အလှန်ဆွေးနွေးခြင်း တို့အနက် မည်သည့်နည်းလမ်းကို အသုံးပြုသင့်ပါသလဲ။
(ဂ) ပံ့ပိုးသူနှင့်ပါဂင်သူများအပြန်အလှန်ဆွေးနွေးခြင်း မပြုလုပ်မီ နှစ်ယောက်တစ်တွဲ ဆွေးနွေးခြင်း (တဂီဂီ) ကို ပြုလုပ်သင့်ပါသလား (သို့မဟုတ်) အပြန်အလှန်ဆွေးနွေးမှု အလယ်တွင် နှစ်ယောက်တစ်တွဲ ကြားဖြတ်ဆွေးနွေးမှုကို ပြုလုပ်သင့်ပါသလား။
(ဃ) ပံ့ပိုးသူနှင့်ပါဂင်သူများအပြန်အလှန်ဆွေးနွေးခြင်းကို ကြာရှည်စွာ ပြုလုပ်ပြီးဖြစ်သည်။ ယခုအခါ မတူညီသော မည်သည့်နည်းလမ်းကို အသုံးပြုသင့်ပါသလဲ။

**အထုပ်ဖြည် ဆွေးနွေးခြင်း - အုပ်စုဖွဲ့ဆွေးနွေးခြင်း (၂၀ မိနစ်)**

၁။ ပါဝင်သူများအနေဖြင့် မနေ့က မတူညီသောသင်ခန်းစာများကို လေ့လာကြည့်ရှုရန် အုပ်စု ၄ စုဖွဲ့ကာ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။ လက်ကမ်းစာစောင် (၂) ကို ဖြန့်ဝေပါ။ အုပ်စု တစ်ခုစီတိုင်းသည် မနေ့က သင်ခန်းစာတစ်ခုစီအတွက် မေးခွန်းများကို ဖြေကြားပေးရမည် ဖြစ်ကြောင်း ရှင်းပြပါ။
၂။ အုပ်စုအမည်များကို အသုံးပြုပြီး သင်ခန်းစာများကို သတ်မှတ်ပေးပါ။
(က) အုပ်စု ၁ သည် မိတ်ဆက်ခြင်းနှင့် သင်ခန်းစာ ၁ ကို လေ့လာဆွေးနွေးရမည်
(ခ) အုပ်စု ၂ သည် သင်ခန်းစာ ၂ ကို လေ့လာဆွေးနွေးရမည်
(ဂ) အုပ်စု ၃ သည် သင်ခန်းစာ ၃ ကို လေ့လာဆွေးနွေးရမည်
(ဃ) အုပ်စု ၄ သည် သင်ခန်းစာ ၄ ကို လေ့လာဆွေးနွေးရမည်

၃။ ပါဝင်သူများအား မိမိတို့ အုပ်စုအလိုက် ဝင်ရောက်နေရာယူရန် ပြောပါ။ ဆွေးနွေးရန် အချိန် မိနစ် ၂၀ ရမည်ဖြစ်ပြီး၊ အုပ်စုတစ်စုချင်းစီအတွက် မေးခွန်းများ၊ မှတ်ချက်များအပါအဝင် တင်ပြဆွေးနွေးရန် အချိန် ၅ မိနစ်စီ ရမည်ဖြစ်ကြောင်းပြောပြပါ။ ဆွေးနွေးရာတွင် လုပ်ငန်းစဉ်အသေးစိတ်ကို မမှတ်မိလျှင် ပံ့ပိုးသူအား အကူအညီတောင်းနိုင်ကြောင်း အသိပေးပြောဆိုပါ။

၄။ အုပ်စုတစ်ခုမှ တခြားသူများထက် စောပြီးနေပါက အခြားသင်ခန်းစာများမှ မေးခွန်းများကို လေ့လာရန် အကြံပြုပါ။

**အုပ်စုမှ ဘာတွေ ရှာဖွေတွေ့ရှိခဲ့သလဲ - အုပ်စုလိုက် ပြန်လည်တင်ပြဆွေးနွေးခြင်းများ ( မိနစ် ၂၀)**

အချိန်။ ။ အုပ်စုလိုက်ပြန်လည်တင်ပြဆွေးနွေးမှု တစ်ခုပြီးတိုင်း အခြားအဖွဲ့များမှ မှတ်ချက်ပေးနိုင်ရန် အချိန်မိနစ်အနည်းငယ် ပေးပါ။ အုပ်စုတစ်ခုစီတိုင်း ပြန်လည်တင်ပြဆွေးနွေးခွင့်ရရန် အချိန်ကို ဂရုစိုက် စောင့်ကြည့်ပါ။

**In the Hat - ပံ့ပိုးသူနှင့်ပါဝင်သူများအပြန်အလှန်ဆွေးနွေးကာ ပြဿနာဖော်ထုတ်ခြင်း လုပ်ငန်းစဉ် (၂၀ မိနစ်)**
၁။ အလုပ်ရုံဆွေးနွေးပွဲအတွင်း ယခုအချိန်ထိ လုပ်ဆောင်ခဲ့ပြီးသော အကြောင်းအရာများ (သို့) အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်သော အခြားမည်သည့် မေးခွန်းများမဆို မေးရန် အခွင့်အလမ်းတစ်ခုကို အားလုံးကို ပေးလိုပါကြောင်း ပြောပါ။ပါဝင်သူများအားလုံးကို စက်ဝိုင်းပုံမတ်တပ်ရပ်စေပါ။
၂။ လူတိုင်းကို စာရွက်ပိုင်းငယ်တစ်ခုစီ ဝေပေးပါ။ လိုအပ်ပါက ပိုမို ဆောင်ထားပါ။
ပါဝင်သူများတွင် မေးစရာ မေးခွန်းရှိပါက စာရွက်ပိုင်းငယ်ပေါ်တွင် ရေးနိုင်ကြောင်း ပြောပါ။ စာရွက်ပိုင်းငယ်တစ်ခုတွင် မေးခွန်းတစ်ခုသာရေးရန်ပြောပါ။ ထို့နောက် စာရွက်ကိုခေါက်ပြီး ဦးထုပ်/ အိတ်/ခြင်း /ပုံး အတွင်းသို့ ထည့်စေပါ။သူတို့အမည်ကို ထည့်သွင်းရေးသားရန်မလိုကြောင်းပြောပါ။ မေးခွန်းမရှိပါက စာရွက်ပိုင်းအလွတ်အတိုင်းသာ ခေါက်၍ထည့်စေပါ။

၃။ မေးခွန်းရေးရန် သူတို့အား အချိန် ၂မိနစ် ပေးပါ။ ထို့နောက် သူတို့စာရွက်ငယ်များကို လိုက်လံစုဆောင်းပြီး ရောမွှေလိုက်ပါ။

၄။ ထို့နောက် လူတိုင်း စာရွက်ပိုင်းငယ်ကို မိမိထည့်ထားသော အရေအတွက်အတိုင်းရယူနိုင်ရန် ပြန်လည်လှည့်ပတ်ဝေပေးပါ။ မိမိရေးသားထားသော စာရွက်ကို ယူမိလျှင် အခြားစာရွက်တစ်ခုအား ပြန်လည်နှိုက်ယူရမည်ဖြစ်ကြောင်းပြောပါ။

၅။ စက်ဝိုင်းပုံအတိုင်းအစဉ်လိုက် သူတို့ရရှိသောမေးခွန်းအား ဖတ်ပြစေပါ (သို့) စာရွက်အလွတ်ဖြစ်နေခဲ့လျှင် စာရွက်အလွတ်ပါ ဟု ပြောစေပါ။ မေးခွန်းများကို ဖြေပေးရန်အတွက် အခြားပါဝင်သူများကို ပထမဦးစွာဖိတ်ခေါ်ပါ။ လိုအပ်လျှင် အခြားအချက်အလက်များကို ပံ့ပိုးသူမှ ထပ်မံဖြည့်စွက်ပါ။ အချိန်များစွာပေးရန်လိုအပ်သော မေးခွန်းများဖြစ်ပါက (သို့) အဖြေကို သင်မသိပါကလည်း မှတ်ချက်ရေးရန် comment board ပေါ်သို့ ညွှန်းပါ။ မေးခွန်းကိုမှတ်သားထားပြီး ၄င်းကို နောက်ပိုင်းတွင် ဆွေးနွေးလို့ရနိုင်မလားဟု မေးပါ။

ထိုအကြောင်းအရာများကို အသေးစိတ်ဆွေးနွေးရန်ရှိလျှင် အလုပ်ရုံဆွေးနွေးပွဲ၏ နောက်ပိုင်းသင်ခန်းစာများတွင် ဆွေးနွေးသွားပါမည် ဖြစ်ကြောင်းပြောပါ။

၆။ ထိုမေးခွန်းများကို နံရံပေါ်ရှိ မှတ်ချက်ရေးရန် comment board ပေါ်တွင် ရေးကပ်ပါ။

(အရေးကြီးမှတ်သားရန်။ ။ ထိုမေးခွန်းများကို နောက်ပိုင်းတွင် အချိန်ပေးဆွေးနွေးရန်လိုအပ်ပြီး သင်မသိသေးသော အကြောင်းအရာများရှိလျှင် ကြိုတင် ရှာဖွေလေ့လာထားပါ)

၇။ နောက်ဆုံးတွင် အထုပ်ဖြည်ဆွေးနွေးခြင်းပြုလုပ်ရန်အတွက် အချိန် ၅ မိနစ်စာ ချန်ထားပါ။ လိုအပ်လျှင် မေးခွန်းများကို ယနေ့သင်ခန်းစာများ၏ နောက်ဆုံးအချိန်၊ ဆွေးနွေးပွဲအပေါ် ပြန်လည်သုံးသပ်ခြင်း မပြုလုပ်မီအချိန်တွင် ပြန်လည်ဆွေးနွေးနိုင်သည်။

၈။ ပြီးနောက် ပါဝင်သူများအား ယခုလုပ်ငန်းစဉ်အတွက် အထုပ်ဖြည်လေ့လာခြင်းကို အောက်ပါမေးခွန်းများ သုံး၍ ပြုလုပ်နိုင်ကြောင်းပြောပါ။

(က) ယခုသင်ခန်းစာ၏ ရည်ရွယ်ချက်သည် အဘယ်နည်း။

(ခ) ရပ်ရွာလူထုအတွင်းရှိ အခြားသောပြဿနာများ (သို့) အခက်အခဲများအတွက် သင့်အနေဖြင့် ဤနည်းလမ်းကို အသုံးပြုနိုင်ပါသလား။

(ဂ) ဥပမာ တစ်ခုခု ပေးစေပါ။

(ဥပမာများ- လူမှုဆက်ဆံရေး၊ မိသားစုပြဿနာများ၊ ကျန်းမာရေးပြဿနာများ၊ ငွေကြေး (သို့) စီးပွားရေး (သို့) ဝင်ငွေရလုပ်ငန်းဆိုင်ရာ ပြဿနာများ....စသဖြင့် သူတို့သိလိုမေးမြန်းလိုသည့် အကြောင်းအရာတစ်ခုခု-)

(ဃ) တစ်ခါတစ်ရံတွင် လူတို့သည် ရှက်ကြောက်သဖြင့် (သို့မဟုတ်) သူတို့မေးခွန်းများသည် ရူးကြောင်ကြောင်နိုင်သည်ဟု ထင်မိသောကြောင့် မေးခွန်းမေးရန် ကြောက်ရွံ့ကြသည်။ ယခုလုပ်ငန်းစဉ်သည် ထိုသူတို့အတွက် မည်ကဲ့သို့သော ကောင်းကျိုးရှိသနည်း။

(င) မေးခွန်းမရှိခဲ့ဘူးဆိုလျှင် မေးခွန်းမေးရန်မရှိသောသူများအတွက် ရူးကြောင်ကြောင်နိုင်သည်ဟု ခံစားရနိုင်သလား။ ဘာ့ကြောင့်လဲ (သို့) ဘာ့ကြောင့်မဟုတ်တာလဲ။

(စ) လူတိုင်း ပူးပေါင်းပါဝင်နိုင်ခဲ့ကြပါသလား။ မည်သူက အဖြေတွေကို ပေးခဲ့ပါသလဲ။

(ဆ) သင့်အနေဖြင့် ယခုလုပ်ငန်းစဉ်အပေါ် သဘောမကျသောအရာ တစ်ခုခု ရှိခဲ့ပါသလား။ ရှိခဲ့လျှင် မည်သည့်အကြောင်းအရာဖြစ်သနည်း။

၉။ ပါဝင်သူများအား ပံ့ပိုးသူအဖြစ် တာဝန်ယူဆောင်ရွက်ရသည့်အခါ မှန်ကန်သော မေးခွန်းကို မေးတတ်ရန်သည် အရေးကြီးဆုံးအပိုင်း ဖြစ်ကြောင်း၊ အဖြေမှန်ပေးရန်အဓိက မဟုတ်ကြောင်း ထောက်ပြပါ။

၁၀။ ပါဝင်ဆွေးနွေးသူများသည် သူတို့ကိုယ် သူတို့ "ယခုအခြေအနေတွင် မည်သည့်လုပ်ငန်းစဉ်များကို ပြုလုပ်သင့်သလဲ နှင့် ပြီးမြောက်အောင် မည်သို့လုပ်ဆောင်သင့်သလဲ" ဆိုသည်ကို အမြဲတမ်းအလေးပေးသင့်ကြောင်း ပြောပါ။

## နေ့လည်စာထမင်းစားနားချိန် ( ၁ နာရီ)

## သင်ခန်းစာ ၃ - အားသစ်လောင်းကစားနည်းများနှင့် တိတ်ဆိတ်မှုကိုဖြိုခွင်းသော ကစားနည်းများ

### သင်ခန်းစာအကျဉ်းချုပ်

အားသစ်လောင်းကစားနည်းနှင့် ရေခဲခွဲကစားနည်း/ တိတ်ဆိတ်မှုကို ဖြိုခွင်းသော ကစားနည်း ၏ ရည်ရွယ်ချက်အား စေတနာ့ဝန်ထမ်းများဦးဆောင်ကစားခဲ့သော အားသစ်လောင်းကစားနည်း ၃ မျိုးကို ဥပမာပြု၍ အကျဉ်းချုပ် ဆွေးနွေးရသည်။ ဒီသင်ခန်းစာတွင် ကစားနည်းများအား စီမံပုံကို အတိုချုပ်ဆွေးနွေး၍ အခြေအနေအမျိုးမျိုး (မတူညီသော ရပ်ရွာလူထု၊ မတူညီသော အခြေအနေ) တွင် အသုံးပြုနိုင်ရန်အတွက် သင့်လျော်သည့် အားသစ်လောင်းကစားနည်းများနှင့် ရေခဲခွဲကစားနည်း/ တိတ်ဆိတ်မှုကို ဖြိုခွင်းသော ကစားနည်းများကို မည်သို့ရွေးချယ်ကြောင်း ဆွေးနွေးရသည်။ လက်ကမ်းစာစောင် ၃ အား ဆွေးနွေးမှု လုပ်ဆောင်ရန်အတွက် အုပ်စုဖွဲ့ခြင်းကို ပြုလုပ်ရသည်။

**ကြာချိန်** - ၁ နာရီ ၁၅ မိနစ်

### ရည်ရွယ်ချက်

- ပါဝင်ဆွေးနွေးသူများသည် အားသစ်လောင်းကစားနည်း လုပ်ငန်းစဉ်အမျိုးမျိုးနှင့် ရင်းနှီးကျွမ်းဝင်လာကြစေရန်
- ပါဝင်ဆွေးနွေးသူများသည် အမျိုးမျိုးသော လိုအပ်ချက်နှင့် အခြေအနေများတွင် သင့်တော်သော ကစားနည်းတစ်ခုကို ရွေးချယ်နိုင်စေရန်

### သင်ထောက်ကူ ပစ္စည်းများ

→ လက်ကမ်းစာစောင် ၃- အားသစ်လောင်းကစားနည်းနှင့် ရေခဲခွဲကစားနည်း/ တိတ်ဆိတ်မှုကို ဖြိုခွင်းသော ကစားနည်း ကို မည်ကဲ့သို့ရွေးချယ်ရမည်နည်း။

→ ဒုတိယမြောက် အားသစ်လောင်းကစားနည်းဖြစ်သော ပင်လယ်ထဲကကျွန်းများ ကစားနည်း ကစားရန် စက္ကူချပ်ကြီးအား ကျွန်းများကဲ့သို့ အပိုင်းအစများဖြတ်ထားရန်။

→ Flip chart

→ Marker pen

**ပံ့ပိုးသူကြိုတင်ပြင်ဆင်ရန်**

အသုံးပြုရမည့် ပစ္စည်းများ၊ ပါဝင်ဆွေးနွေးသူများသည် ပြုလုပ်ရမည့် အချက်များနှင့် ရင်းနှီးကျွမ်းဝင်စေရန်၊ အားသစ်လောင်းကစားနည်းနှင့် ရေခဲခွဲကစားနည်း/ တိတ်ဆိတ်မှုကို ဖြိုခွင်းသော ကစားနည်း အပိုင်း၊ ရည်ညွှန်းချက်ကို ဖတ်ထားပါ။

**လုပ်ငန်းစဉ်များ**

**အားသစ်လောင်းကစားနည်းများနှင့် တိတ်ဆိတ်မှုကို ဖြိုခွင်းသော ကစားနည်း /ရေခဲခွဲကစားနည်းများ (ENERGISERS and ICEBREAKERS) အား မိတ်ဆက်ခြင်း - ပံ့ပိုးသူနှင့်ပါဂင်သူများ အပြန်အလှန်ဆွေးနွေးခြင်း (၅မိနစ်)**

၁။ အားသစ်လောင်းကစားနည်းများနှင့် ရေခဲခွဲကစားနည်း/ တိတ်ဆိတ်ငြိမ်သက်ခြင်းကို ဖြိုခွင်းသော ကစားနည်း သည် မည်သည်တို့ဖြစ်ကြပြီး မည်သည့် အတွက် အသုံးပြုကြောင်းမေးပါ။
၂။လိုအပ်ပါက ပါဝင်ဆွေးနွေးသူများဖြေနိုင်ရန် လမ်းညွှန်မေးခွန်းများမေးပါ။ အားသစ်လောင်းကစားနည်းများတွင် ပြေးပြေးလွှားလွှား လှုပ်လှုပ်ရှားရှား ကစားခြင်းက မည်သည့်ကောင်းကျိုးများ ရနိုင်ကြောင်း မေးပါ။ (လှည့်ပတ်ပြေးလွှားခြင်းဖြင့် ခန္ဓာကိုယ်တွင်း သွေးလှည့်ပတ်မှုကောင်းစေပြီး ဦးနှောက်သို့ အောက်ဆီဂျင်ရောက်ရှိရန် အထောက်အကူပြုသည်ကို သိပ္ပံနည်းများအရလေ့လာတွေ့ရှိရကြောင်း ထောက်ပြပါ။)
၃။ယခုအပိုင်းသည် အားသစ်လောင်းကစားနည်းသင်ခန်းစာ ဖြစ်ကြောင်းရှင်းပြပါ။ ပါဝင်ဆွေးနွေးသူများအား ၎င်းတို့အနေဖြင့် ရပ်ရွာလူထုတွင် အားသစ်လောင်းကစားနည်းများကို ကစားဖူးပါသလားဟု မေးပါ။ မည်သည့်ကစားနည်းကို အသုံးပြုဖူးကြောင်း နှင့် ၎င်းကစားနည်းကို အသုံးပြုရန်ရွေးချယ်စဉ် မည်သည့်အချက်တို့ကို ထည့်သွင်းစဉ်းစားခဲ့ကြောင်း နှင့် မည်သည့်အချိန်တွင် ကစားခဲ့ကြောင်းမေးပါ။
၄။ပါဝင်ဆွေးနွေးသူများ၏ တုန့်ပြန်ချက်များကို ဖလစ်ချပ်စာရွက်ကြီးတွင် ရေးပါ။
၅။ပထမဦးစွာ စေတနာ့ဝန်ထမ်းအချို့မှ ကစားနည်းအချို့ကို ဦးဆောင်ကစားပေးသွားမှာဖြစ်ပါတယ်။ ပထမဆုံးအနေဖြင့် "လေတိုက်ပြီ" ကစားနည်းကို ဦးဆောင်ကစားပေးမည့် စေတနာ့ဝန်ထမ်းကို ဖိတ်ခေါ်ပါ။

**လေတိုက်ပြီ (၁၀ မိနစ်)**

ညွှန်ကြားချက်မှာ အောက်ပါ အတိုင်းဖြစ်သည်။
၁။ လူတိုင်းသည် စက်ဝိုင်းပုံစံအဖြစ် ၎င်းတို့၏ထိုင်ခုံများကိုယူ၍ထိုင်နေရပါမည်။ ထိုင်ခုံအပိုရှိမနေစေရပါ။ (သင့်ရဲ့ ထိုင်ခုံကို ဖယ်ထုတ်ထားပါ။) စက်ဝိုင်းအလယ်မှာ သင်ရပ်နေပါ။

၂။ ပါဝင်သူများအား ၎င်းတို့နှင့်သက်ဆိုင်သည့် အကြောင်းအရာတစ်ခုအား အော်မည်ဖြစ်ကြောင်းပြောပြပါ။ ထိုသို့အော်ပါက သက်ဆိုင်သူများသည် မိမိတို့နေရာမှထပြီး အခြားထိုင်ခုံသို့ အမြန်ဆုံးပြောင်းရွှေ့ ထိုင်ရမည်ဖြစ်ကြောင်း ပြောပြပါ။ (မိမိနှင့်ကပ်လျက်ခုံကိုသာ ပြောင်းရွှေ့ခြင်းမျိုးခွင့်မပြုရပါ။) တစ်ချိန်ချိန်တွင် သင်ပါ ပါဝင်ကစားမည်ဖြစ်ကြောင်း နှင့် ထိုင်ခုံ တစ်လုံးတွင် ဝင်ထိုင်မည်ဖြစ်ကြောင်း၊ နောက်ဆုံးတွင်ပါဝင်ကစားသူများထဲမှ တစ်ယောက်သည်ထိုင်ခုံမရရှိပဲ ကျန်ခဲ့မည်ဖြစ်ကြောင်းပြောပြပါ။

၃။ သင်၏ ပထမဆုံး အကြောင်းအရာကိုအော်ပြောပါ။ ဥပမာ- Tea break စားတဲ့သူတွေ လေတိုက်ပြီ၊ ဆံပင် ပါတဲ့သူတွေလေတိုက်ပြီ၊ ဖိနပ်စီးထားသူတွေ လေတိုက်ပြီ၊ ဂျင်းဘောင်းဘီ ဝတ်တဲ့ သူတွေလေတိုက်ပြီ၊ အစိမ်းရောင်ဂတ်ထားသူတွေ လေတိုက်ပြီ၊ ကလေး ၃ ယောက်အထက်ရှိသူတွေ လေတိုက်ပြီ၊ ထမိန်ဝတ်ထားသူတွေ လေတိုက်ပြီ ၊နွားနို့ညစ်တတ်တဲ့သူတွေလေတိုက်ပြီ၊ နာရီပတ်ထားတဲ့သူတွေကို လေတိုက်ပြီ၊ အသက်ရှူတဲ့လူတွေ လေတိုက်ပြီ၊ ရည်းစားမရှိတဲ့သူတွေ လေတိုက်ပြီ စသည်ဖြင့်တစ်ခုပြီး တစ်ခုအော်ပါ။

၄။ အကြိမ်အရေအတွက်အထိုက်အလျောက်အော်ပြီးသည်နှင့် သင်ပါ ပါဝင်နိုင်မည့် အကြောင်း အရာ တစ်ခုကိုအော်ပါ။ သင့်အနေနှင့်ထိုင်ခုံတစ်လုံး ကိုသေချာရရှိရန်ဆောင်ရွက်ပါ။

၅။ မတ်တပ်ရပ်လျက်ကျန်ခဲ့သူကို သူ့အနေဖြင့် အကြောင်းအရာအသစ်တစ်ခုအော်ပြီး ထိုင်ခုံ တစ်ခုံတွင် နေရာဝင်ထိုင်ရန်ပြောပါ။

၆။ ထိုနည်းအတိုင်း အချိန်အတော်အသင့် ကစားပါ။

**ပင်လယ်ထဲကကျွန်းများ (၁၀ မိနစ်)**

၁။ ဤကစားနည်းအားဦးဆောင်ရန် ဒုတိယစေတနာ့ဝန်ထမ်းအား ဖိတ်ခေါ်ပါ။ ညွှန်ကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၂။ ပါဝင်သူများကို ဤကစားနည်းသည် ၎င်းတို့အားလန်းဆန်းအောင် ပြုလုပ်မည့် ပြေးလွှားရသည့် ကစားနည်း ဖြစ်ကြောင်းပြောပါ။

၃။ လူတိုင်းပြေးလွှားနိုင်လောက်သည့် အကျယ်အဝန်းရရှိနိုင်ရန် စားပွဲများနှင့် ကုလားထိုင်များအား ရှင်းလင်းဖယ်ရှားပါ။ သို့မဟုတ် လုံလောက်သောအကျယ်အဝန်းရှိသည့် နေရာတစ်ခုကို ရှာဖွေပါ။ စာရွက်များ လေတိုက်လျှင် လွင့်မသွားစေနိုင်သည့် နေရာမျိုး ဖြစ်သင့်သည်။ (သို့မဟုတ်ပါက ကျောက်တုံးများနှင့် ဖိထားရန်လိုအပ်သည်။)

၄။ ပါဝင်ကစားမည့်သူများအား ၎င်းတို့အနေဖြင့် မိမိကိုယ်ကို သင်္ဘောတစ်စင်း အနေဖြင့် မှတ်ယူကာ ရှင်းလင်းထားသော ကစားမည့်နေရာကို ပင်လယ်ပြင်အဖြစ် မှတ်ယူရမည်ဖြစ်ကြောင်း ရှင်းပြပါ။ ထို့နောက် ကြမ်းပြင်ပေါ်တွင် စာရွက်များအား ကျွန်းပုံစံအတိုင်း ဖြတ်ညှပ်ကာ ချထားမည်ဖြစ်ကြောင်း၊ ထိုစာရွက်များသည် ပင်လယ်ထဲမှ ကျွန်းများဖြစ်ကြောင်းပြောပါ။ သင်္ဘောများက ပင်လယ်ပြင်မှာ ရွက်လွင့်သွားနေရမည်။ ပင်လယ်ပြင်တွင် မုန်တိုင်းကျရောက်သောအခါ သင်္ဘောများအနေဖြင့် မည်သည့်နေရာသို့ကမ်းကပ်ကြသလဲ ဟုမေးပါ။ (မုန်တိုင်းကျရောက်သောအခါ သင်္ဘောများအနေဖြင့်

ကျွန်းကိုကပ်ကြသည်။) ပါဝင်ကစားမည့်သူများအနေဖြင့် မိမိတို့အလိုရှိရာနေရာသို့သွားလာနေနိုင်ကြောင်း သို့သော် ပံ့ပိုးကူညီသူမှ **"မုန်တိုင်းလာပြီ"** ဟုအော်ပါက ကျွန်းတစ်ခုခုပေါ်တွင် မိမိ၏ခြေထောက်ဖြစ်စေ၊ လက်ဖြစ်စေ၊ လက်ချောင်းဖြစ်စေ တင်ရမည်ဖြစ်ကြောင်း ပြောပါ။ မုန်တိုင်းစဲသွားပြီဟု ပြောသောအခါ သင်္ဘောများက မိမိတို့နဂိုအတိုင်း ပင်လယ်ပြင်တွင်သွားလာရမည်ဖြစ်ကြောင်းပြောပါ။

၅။ ကစားမည့် အခန်း၏နေရာအချို့တွင်စာရွက်များကိုဖြန့် ချထားပေးပါ။ ကစားမည့်သူများအား အမြန်ဆုံးသွားလာနေကြရန်ပြောပါ။ ထို့နောက် **"မုန်တိုင်းလာပြီ"** ဟုအော်ကာ ၄င်းတို့မည်ကဲ့သို့ပြုမူသည်ကိုကြည့်ပါ။ ထို့နောက် စာရွက်တစ်ရွက်ကို ဖယ်ထုတ်၍ ထပ်မံကစားစေပါ။ တစ်ကြိမ်ပြီးတိုင်း စာရွက်တစ်ရွက်စီကို ဖယ်ထုတ်ပါ။ နောက်ဆုံး ကျွန်းတစ်ကျွန်းသာကျန်တော့သည်အထိ ဆက်လက်ကစားပါ။ နောက်ဆုံး ကျန်သည့်စာရွက်ကို ကစားသူများမှပိုင်း၍ဖိချေသကဲ့သို့ဖြစ်သွားစေရန် ပိုသေးသွား အောင်ဖြိလိုက်ပါ။

၆။ နောက်ဆုံးကျွန်းသည် အလွန်းသေးသွားသည့်အချိန်တွင်ကစားပွဲကိုရပ်လိုက်ပါ။

၇။ "ကောင်းပါပြီ။ ဒီနေရာမှာပဲရပ်ကြပါစို့။" ဟုပြောပါ။ ထို့နောက် ပါဂင်ကစားသူများအား ၄င်းတို့မည်သို့ခံစားရသည်နှင့် မည်ကဲ့သို့သောအမူအရာများကိုတွေ့ရှိလိုက်ရသည်ကိုမေးပါ။

## လမ်းနှင့် လမ်းကြား (၁၀ မိနစ်)

၁။ တတိယမြောက်စေတနာ့ဂန်ထမ်းအား ဤကစားနည်းကိုကစားရန်ဖိတ်ခေါ်ပါ။ ညွှန်ကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၂။ စေတနာ့ဂန်ထမ်းနှစ်ဦးအား ကြွက်နှင့် ကြောင်အဖြစ်သရုပ်ဆောင်ရန်ဖိတ်ခေါ်ပါ။

၃။ အဖွဲ့များအား လေးဖွဲ့ သို့မဟုတ် ငါးဖွဲ့ခွဲစေပါ။ (တစ်ဖွဲ့လျှင် အဖွဲ့ဝင် ၄ ဦးမှ ၅ ဦးအထိ ပါဝင်သည့်အဖွဲ့ငယ်များ)။ တစ်ဖွဲ့ချင်းစီမှအဖွဲ့ဝင်များအား လက်တစ်ဆန့်စာ အကွာအဝေးဖြင့် အတန်းလိုက်စီကာ တစ်ယောက် လက်ကို တစ်ယောက်တွဲကာ လမ်းများအဖြစ်ရပ်စေပါ။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အတန်းလိုက်အနေထား မျဉ်းပြိုင် အနေအထားဖြင့်ရှိနေစေရမည်။

၄။ **"လမ်းကြား"** ဟုအော်ပါက ကစားသူများအနေဖြင့် လက်ဂဲဖက်သို့ စက်ဝိုင်း၏လေးပုံတစ်ပုံပမာဏလှည့်ကာ မိမိဘေးတွင်ရှိသော သူ၏လက်ကိုဆုပ်ကိုင်ရမည်။ **"လမ်း"** ဟုအော်ပါ က မူလအနေအထားအတိုင်း ပြန်လှည့်ရမည်ဖြစ်သည်။

၅။ ကြောင်သည် ကြွက်ကို မိအောင်ဖမ်းရမည်ဖြစ်သည်။ **"လမ်း" "လမ်းကြား"** ဟု ဦးဆောင်ကစားသူမှ အလှည့်ကျအော်မည်ဖြစ်သည်။ အော်သည့် အကြောင်းအရာအတိုင်း ပါဝင်ကစားသူများမှ အလှည့်ကျလှည့်ပေးခြင်းဖြင့် ကြွက်အား ကြောင်၏လက်မှ လွတ်မြောက် နေစေရန်ပြုလုပ်ရပါမည်။ ချိတ်ထားသော လက်များကို ဖြတ်တိုက်သွားခြင်း၊ လက်များအောက်မှ ငုံ့သွား ခြင်း များမပြုလုပ်ရပါ။ လမ်းပိတ်သွားပါကချိုးဖောက်ခွင့်မရှိပါ။ သို့သော် အပြင်ဘက်နေရာလွတ်များဘက်သို့လည်း ပြေးလွှားနိုင်သည်။

၆။ ဦးဆောင်ကစားသူမှ **"လမ်း" "လမ်းကြား"** အော်သည့် အခါကစားပွဲကို မကြည့်ဘဲ ကျောခိုင်းပြီးမှ အော်ရမည်။ အော်သည့်အခါ အသံကျယ်ကျယ်ဖြင့် အရှမ်းမနေးအောင် အော်ရမည်။

၅။ ကြောင်သည် ကြွက်ကိုဖမ်းမိသွားပါက ကစားပွဲကိုရပ်နိုင်သည်။ သို့မဟုတ် အခြား စေတနာ့ ဝန်ထမ်းနှစ်ဦးကိုထပ်မံဖိတ်ခေါ်ကာဆက်လက်ကစားနိုင်ပါသည်။ နှစ်ကြိမ် မှ သုံးကြိမ် အထိကစားနိုင်သည်။

**အားသစ်လောင်းကစားနည်းများကို အထုပ်ဖြည်ခြင်း - ပံ့ပိုးသူနှင့်ပါဝင်သူများအပြန်အလှန်ဆွေးနွေးခြင်း (၁၀ မိနစ်)**

၁။ ပါဝင်သူများအား အားသစ်လောင်းကစားနည်းများပြီးချိန်တွင် မည်ကဲ့သို့ခံစားရကြောင်းမေးပါ။ အကယ်၍သူတို့သည် မမောပန်းကြ ဟုဆိုလျှင် သူတို့သည် အလွန်အင်အားရှိ၍ ကြံ့ခိုင်သန်စွမ်းသူများ ဖြစ်ကြကြောင်း ပြောပါ။

၂။ စေတနာ့ဝန်ထမ်းအနေဖြင့်ကစားပေးသော ဆရာ၊ ဆရာမများအား အားသစ်လောင်းကစားနည်းကစား ရာတွင် အရာရာတိုင်းသည် သူတို့မျှော်လင့်ထားသကဲ့သို့ ဖြစ်မဖြစ်မေးပါ။ ကစားသည့်အချိန်တွင် အခက်အခဲများ ရှိခဲ့ပါသလား။ မည်သည့်အခက်အခဲများ ကြုံတွေ့ရကြောင်း မေးပါ။ ထိုစေတနာ့ဝန်ထမ်းများမှ အဆင်မပြေမှုများရှိခဲ့ကြောင်း ပြောလျှင် အားပေးပြောဆိုပြီး ပထမဆုံး စေတနာ့ဝန်ထမ်း ၃ ဦးအနေဖြင့် ပါဝင်ပေးသောကြောင့် ချီးမွမ်းပါ။

၃။သင့်ရဲ့ ရပ်ရွာလူထုနှင့်ပြုလုပ်သောသင်တန်းတွင် သင်တန်းများမတက်ရောက်ဖူးသည့် သင်တန်းသားအသစ် များပါဝင်နေလျှင် စာရွက်ပေါ်တွင် မြင်တွေ့ရခြင်းထက် လက်တွေ့လုပ်ဆောင်ရာတွင် ပိုမိုခက်ခဲလေ့ရှိကြောင်း လူတိုင်းအား သတိပေးပါ။ ယခုအလုပ်ရုံဆွေးနွေးပွဲနှင့် ကျန်ရှိနေသော သင်ခန်းစာအချိန်များသည် သူတို့အတွက် စိန်ခေါ်မှုများကို ရယူရန် အချိန်ဖြစ်ကြောင်း ၊ အကြောင်းမှာ အရွယ်ရောက်ပြီးသူများသည် မိမိကိုယ်တိုင် ပါဝင်လုပ်ဆောင်မှသာ အကောင်းဆုံးသင်ယူ နိုင်ကြကြောင်း ပြောပါ။ (အရွယ်ရောက်ပြီးသူများသင်ယူမှုဆိုင်ရာ သီအိုရီသင်ခန်းစာအား ပြန်လည်ရည်ညွှန်းပါ။)

၄။ ထို့နောက် ကျန်ပါဝင်ဆွေးနွေးသူများအား စေတနာ့ဝန်ထမ်းများ၏ ဦးဆောင်ကစားပေးမှု (စီမံခန့်ခွဲမှု)အရ ဆောင်ရွက်ချက်များလုပ်ဆောင်ခြင်းအပေါ် မည်ကဲ့သို့ခံစားရကြောင်းမေးပါ။ စေတနာ့ဝန်ထမ်းများအား အားပေးထောက်ခံပါ။

၅။ ယခုအချိန်သည်လည်း အားသစ်လောင်းကစားနည်း ကစားရန် အကောင်းဆုံးအချိန် ဟုတ်မဟုတ် မေးပါ။

၆။ (အဖြေမှာ - ဟုတ်ပါသည် - ယခုအချိန်သည် နေ့လည်စာစားပြီးချိန်ဖြစ်သောကြောင့် လေးလံထိုင်းမှိုင်းမှုကို ဖယ်ရှားရန်လိုအပ်ပါသည်။)

၇။ ပုံမှန်အားဖြင့် တစ်ကြိမ်တွင် အားသစ်လောင်းကစားနည်း မည်မျှကစားသင့်သနည်းဟု မေးပါ။ (တစ်ကြိမ်တွင် တစ်မျိုးသည် လုံလောက်သည်။)

၈။ ယခုတွင်ကစားနည်း ၃ မျိုးကို မည်သည့်ရည်ရွယ်ချက်ကြောင့်ကစားသွားသည်ဟု ထင်ကြောင်း မေးပါ။(ပါဝင်ဆွေးနွေးသူများအား သူတို့ လက်တွေ့တွင် ကစားနည်း ၃ မျိုးစလုံးကို တွေ့မြင်လေ့လာနိုင်ရန်။) ထို့နောက် "ကစားနည်း ၃ မျိုးလုံးကစားဖူးတဲ့ သူတွေပါလား။ ၂ မျိုးကစားဖူးတဲ့ သူတွေပါလား။ ၁ မျိုးကစားဖူးတဲ့ သူတွေပါလား။ တစ်မျိုးမှ မကစားဖူးတဲ့သူတွေကော ပါလား" ဟု မေးခွန်းတစ်ခုပြီးမှ တစ်ခုမေးပါ။ ထို့နောက် ပံ့ပိုးသူက "၃ မျိုးလုံးကစားဖူးတဲ့ သူအတွက်ဆို ရင်တော့ ဒီကနေ ကစားနည်းတစ်ခုမှ အသစ်ရမှာ မဟုတ်ဘူး။ ၂ မျိုးကစားဖူးတဲ့ သူအတွက်ဆိုရင် ကစားနည်းတစ်မျိုး အသစ်ရမယ်။ ၁ မျိုးကစားဖူးတဲ့ သူတွေအတွက်ဆိုရင်

ကစားနည်းအသစ် ၂ မျိုးရမယ်။  တစ်မျိုးမှ မကစားဖူးတဲ့သူတွေအတွက် ဆိုရင် ကစားနည်းအသစ် ၃ မျိုးရမယ်။ မတူညီတဲ့ အခြေအနေတွေ၊ မတူညီတဲ့ ရပ်ရွာလူထုတွေနဲ့တွေ့တဲ့ အခါမတူညီတဲ့ ကစားနည်းတွေကို ရွေးချယ် ကစားတတ်စေရန် ရည်ရွယ်ပါတယ်” ဟုပြောပါ။

**သင့်တော်တဲ့ အားသစ်လောင်းကစားနည်းတွေကို ဘယ်လိုရွေးချယ်မလဲ။**
**အုပ်စုဖွဲ့ဆွေးနွေးခြင်း (၃၀ မိနစ်)**

၁။ လက်ကမ်းစာစောင် ၃ ကိုဝေပေးပါ။ ပါဝင်ဆွေးနွေးသူများအား မိမိတို့အုပ်စုလိုက်ထိုင်ပေးရန်ပြောပါ။
၂။ မေးခွန်းများကို အတူတကွ အဖွဲ့လိုက်ဆွေးနွေးကြရမည် ဖြစ်ကြောင်းပြောပါ။
၃။ ဆွေးနွေးရန် အချိန်သတ်မှတ်ပေးပါ။ (၁၀ -၁၅ မိနစ်)
၄။ အချိန်စေ့ရန် ၅ မိနစ်အလိုတွင် အချိန် ၅ မိနစ်သာကျန်တော့ကြောင်း သတိပေးပါ။
၅။ အုပ်စု၏ဆွေးနွေးချက်များအား ပြန်လည်ရယူခြင်းအတွက် သင့်တော်သည့်နည်းလမ်းတစ်ခုခုကို အသုံးပြုပါ။ အချိန်ပေါ် မူတည်ပါသည်။
၆။ နေ့လည်စာမစားခင်အချိန်တွင် ဆွေးနွေးခဲ့သည့် အထုပ်ဖြည်ရှင်းလင်းခြင်း သင်ခန်းစာသည် ယခုအလုပ်ရုံ ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များမှ တစ်ခုဖြစ်ကြောင်း ၊  မတူညီသော အခြေအနေများအတွက် မတူညီသော လုပ်ဆောင်ချက်၊ လုပ်ငန်းများ လိုအပ်ကြောင်း ၊ သင့်တော်တဲ့ အားသစ်လောင်းကစားနည်းများကို မည်သို့ရွေးချယ်ရမလဲဆိုတာကို လေ့လာ သင်ယူထားရန်လိုအပ်ကြောင်းပြောပြပါ။
၇။ ယခုသင်ခန်းစာ၏ အဆင့်များကို ပြန်လည်မေးမြန်းပြီး အထုပ်ဖြည်ရှင်းလင်းခြင်းပြုလုပ်ပါ။
၈။ ယခုသင်ခန်းစာနှင့်ပတ်သက်၍ မေးလိုသည်များကို မေး၍ရကြောင်း ၊ ဆွေးနွေးချင်သည်များရှိလျှင် ဆွေးနွေး၍ရကြောင်း ပြောပါ။ မေးလာသောမေးခွန်းများရှိပါက ပြန်လည်ရှင်းလင်းပါ။ အကယ်၍ အချိန်မရှိတော့ပါက comment board ပေါ်တင်ထားပြီး နောက်ပိုင်းပြန်လည်ရှင်းလင်းပေးပါမည်ဖြစ်ကြောင်း ပြောကြားပြီး ကျေးဇူးတင်စကား ပြောကာ သင်ခန်းစာကို နိဂုံးချုပ်ပါ။

**လက်ဖက်ရည်သောက်နားချိန် ( ၁၅ မိနစ်)**

**သင်ခန်းစာ ၄ - သတင်းအချက်အလက်များထည့်သွင်းခြင်း နှင့် ပြန်လည်တင်ပြဆွေးနွေးခြင်း**

**သင်ခန်းစာ အကျဉ်းချုပ်**

ပံ့ပိုးသူသည် တတ်နိုင်သမျှ ဆိုးရွားညံ့ဖျင်းသော တိုက်ရိုက်သင်ကြားပို့ချပေးခြင်း ပုံစံကို ပါဝင် ဆွေးနွေးသူများ တစ်ဝက်အား နားထောင်စေပြီး ကျန်ပါဝင်ဆွေးနွေးသူများကို လေ့လာစောင့်ကြည့် စေကာ သင်ခန်းစာကို အစပြုပါ။ သင်ကြားပြသသူ၏ အနေအထား ပုံစံ (စတိုင်)နှင့်ပတ်သက်၍ ပါဝင် ဆွေးနွေးသူများ အားလုံးကို မေးခွန်းများမေးပြီး ဖြေကြားစေပါ။ better lecture ကောင်းမွန်သော တိုက်ရိုက်သင်ကြား ပို့ချမှုတွင် ပါဝင်သင့်သော အချက်များကို စဉ်းစားစေပါ။ (ပူးပေါင်းပါဝင်သော နည်းလမ်းများဖြစ်သည့် တကီကီဆွေးနွေးခြင်း၊ ပရိသတ်ကို မေးခွန်းမေး၍ ပါဝင်စေခြင်း... စသည်တို့ကို အထူးထောက်ပြပြောဆိုပါ)။ ထို့နောက်

ပါဝင်ဆွေးနွေးသူများအား သွေးအားနည်းခြင်း အကြောင်းအရာကို ထိရောက်သော အုပ်စုဖွဲ့ဆွေးနွေးမှု လုပ်ဆောင်ပြီး ပြန်လည်ဆွေးနွေးတင်ပြကြရမည်ဖြစ်သည်။

**ကြာချိန်** - ၁ နာရီ ၁၅ မိနစ်

**ရည်ရွယ်ချက်**

→ ပါဝင်ဆွေးနွေးသူများ အနေဖြင့် Top-down teaching တိုက်ရိုက်သင်ကြားပြသမှု ပုံစံ၏ ဆိုးကျိုးများကို သတိပြုမိလာစေရန်။

→ ဆွေးနွေးသူများ ပို၍ပူးပေါင်းပါဝင်နိုင်သော နည်းဗျူဟာများကို သင်ခန်းစာများတွင် ထည့်သွင်း လာနိုင်ပြီး ပါဝင်ဆွေးနွေးသူများ လက်တွေ့လေ့ကျင့်လုပ်ဆောင်နိုင်စေရန်

**သင်ထောက်ကူပစ္စည်းများ**

→ လက်ကမ်းစာစောင် ၄- တိုက်ရိုက်သင်ကြားပြသမှုကို စောင့်ကြည့်လေ့လာသူအတွက် အချက်များ ရေးထားသော စာရွက် (Observer note)။

→ လက်ကမ်းစာစောင် ၅- သွေးအားနည်းရောဂါအကြောင်း ပညာရပ်ဆိုင်ရာမှတ်စု။

→ လက်ကမ်းစာစောင် ၆- ပါဝင်ဆွေးနွေးခြင်းသင်ကြားမှုပုံစံအတွက် အကြံပြုချက်များ။

→ Marker pen၊ Flip chart။

**ပံ့ပိုးသူ ကြိုတင်ပြင်ဆင်ရန်**

→ လက်ကမ်းစာစောင် ၄- တိုက်ရိုက်သင်ကြားပြသမှုကို စောင့်ကြည့်လေ့လာသူအတွက် အချက်များ ရေးထားသော စာရွက် (Observer note) မိတ္တူ။

→ လက်ကမ်းစာစောင် ၅- သွေးအားနည်းရောဂါအကြောင်း ပညာရပ်ဆိုင်ရာမှတ်စု မိတ္တူ။

→ လက်ကမ်းစာစောင် ၆- ပါဝင်ဆွေးနွေးခြင်းသင်ကြားမှုပုံစံအတွက် အကြံပြုချက်များ မိတ္တူ။

→ **Better lecture flip chart**

**လုပ်ငန်းစဉ်များ**
**နေရာချပြင်ဆင်ခြင်း - Fishbowl ပုံစံဖြင့် စောင့်ကြည့်လေ့လာခြင်း (၅ မိနစ်)**

၁။ ပါဝင်သူတိုင်းအားလုံးကို A, B ရေတွက်စေပါ။ A နံပါတ်များအားလုံးကို လက်ထောင်စေပါ။ ထို့နောက် B နံပါတ်များအားလုံးကို လက်ထောင်စေပါ။ မိမိတို့အဖွဲ့ဝင်များကို မှတ်သားထားရန်ပြောပါ။

၂။ ပါဝင်သူများအနေဖြင့် တိုက်ရိုက်သင်ကြားပြသမှုတစ်ခုကို နားထောင်ရမည်ဖြစ်ကြောင်း ပြောပါ။ နားထောင် မည့်ပရိသတ်နှင့် လေ့လာစောင့်ကြည့်မည့် လူအုပ်စု ၂ အုပ်စုလိုပါမည်။ စောင့်ကြည့်လေ့လာသူများသည် လူတိုင်းဘာလုပ်နေသလဲ၊ လုပ်ငန်းစဉ်အခြေအနေ မည်သို့ ရှိသလဲ ဆိုတာကို လေ့လာ စောင့်ကြည့်ရ မည်။ A အဖွဲ့ဝင်များကို ပရိသတ်အနေဖြင့်လည်းကောင်း နှင့် B အဖွဲ့ဝင်များကို စောင့်ကြည့်သူများအနေဖြင့် လည်းကောင်း ပါဝင်ရမည်ဟု ပြောပါ။

၃။ A အဖွဲ့ဝင်များကို ဆွေးနွေးပွဲခန်းမအလယ်တွင် မိမိတို့ထိုင်ခုံများကိုယူ၍ စက်ဝိုင်းခြမ်းပုံ စုဖွဲ့ထိုင်စေပါ။
၄။ B အဖွဲ့ဝင်များကို စက်ဝိုင်းခြမ်း၏ အပြင်ဘက်တွင် ထိုင်စေပါ။ အဖွဲ့ဝင်များအားလုံးကို ယခုပြုလုပ်မည့် လုပ်ငန်းစဉ်အားမြင်နိုင်သောနေရာတွင် ရှိနေစေရန် သေချာပါစေ။
၅။ Observer note ကို စောင့်ကြည့်လေ့လာသူ B အဖွဲ့ဝင်များထံ ဝေပေးပါ။ နားထောင်သူ ပရိသတ်- A အဖွဲ့ဝင်များထံ မဝေပါနှင့်။ သင်ကြားပြသနေစဉ်အတွင်း ဖြစ်ပျက်သမျှအားလုံးကို စောင့်ကြည့်ရန် နှင့် လက်ကမ်းစာစောင်တွင်ပါသော မေးခွန်းများအားကြည့်ရန် စောင့်ကြည့်သူ B အဖွဲ့ဝင်များကို ပြောပါ။ လက်ကမ်းစာစောင်သည် ဖြစ်စဉ်များ၊ ပြောင်းလဲမှုများနှင့် ပရိသတ်၏ လှုပ်ရှားမှုများ ကို စောင့်ကြည့်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ကြောင်း ရှင်းပြပါ။

## ဆိုးရွားညံ့ဖျင်းသော တိုက်ရိုက်သင်ကြားပြသမှု - ပံ့ပိုးသူမှ ပြန်လည်တင်ပြဆွေးနွေးခြင်း ( ၁၀ မိနစ်)

၁။ A အဖွဲ့ဝင်များထံသို့ လက်ကမ်းစာစောင်များ ဝေပေးပြီးကြောင်း သေချာစေပြီးနောက် ... ယခုအချိန်တွင် ပံ့ပိုးသူတင်ဆက်မည့်အကြောင်းအရာကို အာရုံစိုက်နားထောင်စေလိုကြောင်း ပြောပါ။ ယခုသင်ကြားမည့် အကြောင်းအရာမှာ လူအများအတွက် အရေးကြီးသည့် သွေးအားနည်းရောဂါ အကြောင်းဖြစ်သည် ဟုပြောပါ။
၂။ သွေးအားနည်းရောဂါအကြောင်း ပညာရပ်ဆိုင်ရာမှတ်စုမှ ကြယ်ပွင့်အမှတ်အသား ပြထားသည့်အထိ အကြောင်းအရာများကို ဟောပြောသင်ကြားပါ။ သင့်အသံသည် စိတ်ဝင်စားစရာကောင်းနေလျှင် အဆင်ပြေသည်၊ သို့သော် တဖြည်းဖြည်းနှင့် ဆိုးရွားညံ့ဖျင်းသော သင်ကြားပြသမှုအဖြစ် ထင်မြင်အောင် လုပ်ဆောင်ပါ။
၃။ အောက်ပါတို့ကို အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်ပါ-

- ပရိသတ်များနှင့် မျက်လုံးချင်းဆိုင်ကြည့်ခြင်းကို အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ။ ကြည့်မည်ဆိုလျှင် သူတို့ဦးခေါင်းအထက်နားလောက်ရှိ နံရံကို ကြည့်ပါ။
- သင်ကြားပြသမှုမတိုင်ခင် သင်ကြားမည့် ဘာသာရပ်နှင့် ပတ်သက်သည့် ပါဝင်သူများ၏ အသိပညာ ဗဟုသုတ နှင့် အတွေ့အကြုံများ ရှိ/မရှိကို မေးမြန်းခြင်း မပြုလုပ်ပါနှင့်။
- ပါဝင်သူများအား မေးခွန်းမေးစေခြင်း၊ မှတ်ချက်ပေးရန်ဖိတ်ခေါ်ခြင်းများ မပြုလုပ်ပါနှင့်။ အကယ်၍ တစ်ယောက်ယောက်မှ မေးခွန်းမေးရန်ကြိုးစားလာပါက အဆုံးထိစောင့်ဆိုင်းရန် ယဉ်ကျေးစွာ ပြောဆိုပါ။
- ဟာသဆန်သော မှတ်ချက်ပြုမှုများ (သို့) ခင်မင်ရင်းနှီးစေမှုများ (သို့) ခေါင်းစဉ်နှင့် သက်ဆိုင်သော ကိုးကားမှုများ ကို ထည့်သွင်းခြင်းမပြုပါနှင့်။
- စားပွဲခုံရှိပါက ထိုခုံပေါ်တွင်ထိုင်ပါ (သို့) ထိုခုံနောက်တွင် မတ်တပ်ရပ်ပါ။

## တိုက်ရိုက်သင်ကြားပြသမှုကို အကဲဖြတ်ခြင်း- ၂ယောက်တစ်တွဲ လုပ်ဆောင်ခြင်း (၂၅ မိနစ်)

၁။ သင်ကြားပြသမှု အဆုံးတွင် ပံ့ပိုးသူ၏ကိုယ်ဟန်အနေအထား နှင့် အသံနေအသံထားကို ပုံမှန်အတိုင်းသို့ ပြန်လည်ဖြေလျှော့ပါ။ ပါဝင်သူများကို ယခင်အတိုင်း ပြောင်းထိုင်ရန်ပြောပါ။ သို့သော် A အဖွဲ့ဝင်များ အား မိမိတို့၏တွဲဘက်ရှိသော B အဖွဲ့ဝင်များအနီးတွင် ထိုင်စေပါ။
၂။ B အဖွဲ့ဝင်များအား ၄င်းတို့၏ လက်ကမ်းစာစောင်များကို A အဖွဲ့ဝင်များနှင့် အတူကြည့်စေပါ။ A အဖွဲ့ဝင်များ အား ပရိသတ်အနေဖြင့် ၄င်းတို့၏အမြင်များကို ဆွေးနွေးစေကာ လိုအပ်သည်များကို ဖြည့်စွက်စေပါ။

၃။ ပါဝင်သူများကို အချိန် ၁၀ မိနစ်ပေးပါ။

၄။ အသေးစိတ်မေးခွန်းများဖြင့် တုံ့ပြန်ဆွေးနွေးမှုများ မပြုလုပ်မီ တိုက်ရိုက် သင်ကြားပြသမှုနှင့် ပတ်သက်သည့် အကြောင်းအရာ၊ သင်ကြားမှုပုံစံ အနေအထား၊ တင်ဆက်ပုံနှင့် စိတ်ဝင်စားမှု ရယူခြင်းတို့ကိုပါဝင်သူတို့ အနေဖြင့် အဆင့်မည်မျှသတ်မှတ်ချင်လဲ ဟုမေးပါ။ ၂ယောက်တစ်တွဲစီများမှ မှတ်ချက်များကို ရယူပါ။ ပံ့ပိုးသူအားဝေဖန်ရန် ပါဝင်သူများ စိုးရွံ့တုံ့ဆိုင်းနေပါက အဆင်ပြေကြောင်း၊ ယခုကဲ့သို့ သင်ကြားပြသမှုပုံစံဖြစ်အောင် ပံ့ပိုးသူအနေဖြင့် အတော်ခက်ခဲစွာ လုပ်ဆောင်ခဲ့ရကြောင်း ပြောပြပါ။

၅။ ထို့နောက် ၂ယောက်တစ်တွဲ အတွဲများထံမှ ဆွေးနွေးတုံ့ပြန်ချက် တစ်ခုစီကို ရယူပါ။ ပါဝင်သူတို့က အခြေခံသဘောတရားကို နားလည်နေလျှင် ဆွေးနွေးခြင်းကို မြန်မြန်လုပ်နိုင်သည်။

၆။ အရွယ်ရောက်ပြီးသူများ သင်ယူခြင်း (Adult learning) ၊ စကားပြောသော ဦးခေါင်းများ (Talking Heads) အကြောင်းနှင့် ယနေ့သင်ကြားပြသမှုများအကြား နှိုင်းယှဉ်သုံးသပ်ရန် ပါဝင်သူများကို ပြောပါ။ ကွာခြားချက်များကို မေးပါ။

၇။ Flip chart ပေါ်တွင် ပိုမိုကောင်းမွန်သော တိုက်ရိုက်သင်ကြားပြသမှု (Better Lecture)ဟု ရေးပါ။ ထို့နောက် တိုက်ရိုက်သင်ကြားပြသမှု (သို့မဟုတ်) သတင်းအချက်အလက်များထည့်သွင်းခြင်း တွင် ပါဝင်သင့်သော အချက်များကို မေးပါ။

၈။ ပါဝင်သင့်သော အချက်များ--

(က) အတွေ့အကြုံ၊ ဗဟုသုတများကို စစ်ဆေးသိရှိနိုင်ဖို့ အကြိုမေးခွန်းများမေးခြင်း၊

(ခ) တဂီဂီ အုပ်စုများ၊ ၂ယောက်တစ်တွဲ ဆွေးနွေးခြင်း၊

(ဂ) လုပ်ငန်းစဉ် တလျှောက်လုံး လိုအပ်သလို မေးခွန်းများမေးခြင်း၊

(ဃ) အဓိကအချက်များနှင့် ဆွေးနွေးချက်တို့ကို ရေးသားထားခြင်း၊

(င) ဆွေးနွေးမည့်အကြောင်းအရာနှင့် ပတ်သက်၍ ကြိုတင်ပြောပြထားခြင်း၊

(စ) မှတ်မိစေလိုသောအကြောင်းအရာများကို အနှစ်ချုပ်ခြင်း၊

(ဆ) တိုက်ရိုက်သင်ကြားပြသမှုအပြီး နားလည်သဘောပေါက်မှုကို ဆန်းစစ်ခြင်း၊

၉။ လက်ကမ်းစာစောင် ၄ ကို A အဖွဲ့ဝင်များသို့ ပေးပါ။

**တိုက်ရိုက်သင်ကြားပြသမှုအား တိုးတက်ကောင်းမွန်စေခြင်း - အုပ်စုဖွဲ့ဆွေးနွေးခြင်း - မိနစ် ၃၀**

၁။ တိုက်ရိုက်သင်ကြားပြသမှုအတွက် သွေးအားနည်းရောဂါအကြောင်း ပညာရပ်ဆိုင်ရာမှတ်စုကို ပါဝင်သူများ တစ်ဦးချင်းထံသို့ ပေးဝေပါ။

၂။ ပါဝင်သူတို့ ယခုလုပ်ဆောင်ရန်မှာ ထိုမှတ်စုကို ကြည့်ပြီး Observer note နှင့် ဖလစ်ချပ်မှ အတွေးအမြင်များကိုလည်း အသုံးပြုကာ သတင်းအချက်အလက်များကို ပူးပေါင်းပါဝင်သည့် နည်းလမ်းဖြင့် ပြန်လည်တင်ပြရမည် ဖြစ်ကြောင်း ပြောပါ။

၃။ ပါဝင်သူများကို မေးခွန်းမေးခြင်းဖြင့် စတင်ပါ- "ဥပမာ - သင်ကြားမှုမစခင် ဘာသာရပ်နှင့် ပတ်သက်သည့် ပရိသတ်၏ အတွေ့အကြုံ ဗဟုသုတများကို ဖေါ်ထုတ်သိရှိရန် မည်သည့်မေးခွန်းအမျိုးအစားကို မေးနိုင်မည်နည်း" (ဥပမာအားဖြင့်- သွေးအားနည်းရောဂါဆို တာဘာလဲ။ သွေးအားနည်းရောဂါဖြစ်လျှင် ဘာတွေ ဆက်ဖြစ်နိုင်ပါသလဲ၊ သွေးအားနည်းရောဂါ ဖြစ်ဖူးတဲ့သူများ ရှိပါသလား)

၄။ ပါဂင်သူများအား အုပ်စုလိုက်လုပ်ဆောင်ရန်ပြောပါ။ မိမိတို့ တင်ပြလိုသည့် အဓိကအကြောင်းအရာများကို ထိုမှတ်စုတွင် ရှာဖွေနိုင်ပြီး အားလုံးပူးပေါင်းပါဂင်နိုင်သော နည်းလမ်းဖြင့် better lecture ဖြစ်အောင် ပြန်လည် တင်ပြရမည်ဖြစ်ကြောင်း ပြောပါ။

၅။ ဆွေးနွေးရန် အချိန် မိနစ် ၃ဂ ရကြောင်းနှင့် ကြိုက်နှစ်သက်သော ပုံစံဖြင့် ၅ မိနစ်စာ ပြန်လည်တင်ပြ ဆွေးနွေးရမည်ဖြစ်ကြောင်းပြောပါ။ Flip chart စာရွက်များဂေပေးပါ။

၆။ မှတ်ချက်။ ။လက်ကမ်းစာစောင် ၆- ပါဂင်ဆွေးနွေးခြင်းသင်ကြားမှုပုံစံအတွက် အကြံပြုချက်များကို ဂေပေးပါ။

## အုပ်စုလိုက် တင်ပြဆွေးနွေးခြင်း - ၃၅မိနစ်

၁။ အုပ်စုတစ်စုအတွက် ပြန်လည်တင်ပြဆွေးနွေးရန် အချိန် ၅ မိနစ်စီသတ်မှတ်ပါ။ အုပ်စုတိုင်း အလှည့်ရအောင် အချိန်ကို သေချာဂရုစိုက်ကြည့်ရှုပါ။ တင်ပြဆွေးနွေးသော အုပ်စုသည် better lecture အချက်များနှင့် သွေဖယ်သွားပါက အခြားအုပ်စုများမှ အသံပြုအသိပေးပါ။ (ဥပမာ- "ဝယ်") ထိုအသံကိုကြားပါက တင်ပြနေ သောအဖွဲ့မှ ဆွေးနွေးတင်ပြသည့်ပုံစံကို ပြောင်းလဲရမည် ဖြစ်ကြောင်းပြောပါ။

၂။ တင်ပြဆွေးနွေးမှု တစ်ခုပြီးတိုင်း အခြားအဖွဲ့များသို့ မှတ်ချက်နှင့်အကြံပြုချက်များ တောင်းဆိုပါ။ ဂေဖန်အကဲ ဖြတ်ခြင်းထက် ချီးမွမ်းပေးဖို့ အဆင်သင့်ဖြစ်ပါစေ။

## ပါဂင်ဆွေးနွေးခြင်းသင်ကြားမှုပုံစံအတွက် အကြံပြုချက်များ (လိုအပ်လျှင်)

### အကြံပြုချက် ၁

၁။ သွေးအားနည်းခြင်းဆိုတာဘာလဲ။ ဘာ့ကြောင့် သွေးအားနည်းခြင်းဖြစ်ရတာလဲ။ သွေးအားနည်းခြင်းနှင့် ပတ်သတ်ပြီး ပူးပေါင်းပါဂင်ဆွေးနွေးသူများ ဘယ်လိုတွေ့ကြုံခဲ့ကြဖူးသလဲ။

၂။ A0 စာရွက်ပေါ်တွင် သွေးထုတ်လုပ်မှုလျော့နည်းခြင်း နှင့် သွေးနီဥပျက်ဆီးခြင်း ဟူပြီး ရေးချပါ။ အဓိပ္ပာယ်ကို ရှင်းပြခိုင်းပါ။

၃။ A0 စာရွက်ပေါ်တွင် သံဓာတ်လျော့နည်း သွေးအားနည်းခြင်း နှင့် ဗီတာမင်လျော့နည်း သွေးအားနည်းခြင်း ဟူပြီး ရေးချပါ။ ၄င်းတို့၏ ခြားနားချက်ကို မေးမြန်းပါ။

၄။ ပါဝင်သူများ သိသည်ဆိုလျှင် လူတစ်ယောက်တွင် သွေးအားနည်းရောဂါရှိမရှိ ဘယ်လိုသိသလဲဟု မေးပါ။ သူတို့မသိဘူးဆိုးလျှင် ဘယ်လိုဆုံးဖြတ်မလဲ ဟုမေးမြန်းပါ။ ထို့နောက် ဘာတွေဆက်ဖြစ်နိုင်မလဲ မေးပါ။

### အကြံပြုချက် ၂

၁။ သွေးအားနည်းရောဂါအခြေအနေသုံးမျိုးပါသော ရုပ်လုန်ကားချပ်ကို ပြင်ဆင်ပါ။

၂။ အခြေအနေတစ်ခုချင်းစီတွင် သူတို့ဘာလုပ်မလဲဆိုတာ မေးမြန်းပါ၊ ထို့နောက် ဘာဆက်ဖြစ်မလဲဆိုတာ ပြောပြပါ၊ အဖြေကိုရေးချပါ။

၃။ သွေးအားနည်းရောဂါကာကွယ်ခြင်းအဆင့်ဆင့်ကို စာရွက်လွတ်ပေါ်တွင် အစီအစဉ်အလိုက် ရေးချပါ။

၄။ သွေးအားနည်းရောဂါကာကွယ်ခြင်းအဆင့်ဆင့်တွင် ဘယ်အပိုင်းကအခက်ဆုံးလဲဆိုတာကို မေးမြန်းပါ။ အဖွဲ့လိုက်မေးမြန်းပြီး ရောဂါကာကွယ်ခြင်းအပေါ်ထင်မြင်ယူဆချက်များကို နှစ်ယောက်တွဲဆွေးနွေးစေပါ။

၅။ သွေးအားနည်းရောဂါကာကွယ်ခြင်းနှင့်ပတ်သတ်၍ သူတို့၏ ထင်မြင်ယူဆချက်များကို မေးမြန်းပါ။

**အကြံပြုချက် ၃**

သွေးအားနည်းရောဂါမှတ်စုကို အသုံးပြုပါ။ ဥပမာ - အတွဲလိုက် သို့မဟုတ် အဖွဲ့လိုက်လုပ်ဆောင်ခြင်း ပါဝင်ဆွေးနွေးသူများသည် သွေးအားနည်းရောဂါဖြစ်ပွားရခြင်းအကြောင်းရင်းများ နှင့် အကျိုးဆက်များ ပါဝင်သော ပြဿနာသစ်ပင်တစ်ပင်ကို ပူးပေါင်းရေးဆွဲရပါမည်။

**တစ်နေ့တာအတွက် အဆုံးသတ်ခြင်း**

**သင်ခန်းစာအကျဉ်းချုပ်**

ပါဝင်ဆွေးနွေးသူများအား ယနေ့ဆွေးနွေးပွဲအပေါ် သူတို့၏စိတ်ခံစားချက်ကို ဖော်ပြရန် စိတ်ခံစားချက်ပြဇယား(Mood Meter) တွင်မှတ်ချက်ပေးစေပြီး သူတို့သိချင်သော မည်သည့် အကြောင်းအရာမျိုးကိုမဆို တင်ပြနိုင်သည့် မှတ်ချက်ရေးရန် Comment Board ပေါ်တို့တွင် ရေးဖြည့်စေပါ။ထို့နောက် စိတ်ခံစားချက်ကောင်းစေရန် နှင့်တစ်နေ့တာ ပြီးမြောက်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ချီးမွမ်းသည့်အနေဖြင့် လက်ခုပ်တီးသည့် လှုပ်ရှားမှုကို ပြုလုပ်ကာ အဆုံးသတ်ပါ။

**ကြာချိန် - (၁၀ မိနစ်)**

**ရည်ရွယ်ချက်**

- ပါဝင်ဆွေးနွေးသူများ၏ အခြေအနေများကို အကဲခတ်သိရှိနိုင်ရန်
- ပါဝင်ဆွေးနွေးသူများ၏ လုပ်ဆောင်ပြီးမြောက်ခဲ့မှုများကို အသိအမှတ်ပြုခြင်းနှင့် ကောင်းသော စိတ်ခံစားမှု ဖန်တီးရရှိနိုင်ရန်

**သင်ထောက်ကူပစ္စည်းများ**

→ စိတ်ခံစားချက်ပြဇယား(Mood Meter)
→ မှတ်ချက်ရေးရန် Comment Board

**ပံ့ပိုးသူ ကြိုတင်ပြင်ဆင်ရန်**

→ ယနေ့အတွက် စိတ်ခံစားချက်ပြဇယားကို ကြိုတင်ရေးဆွဲပြီး ကပ်ထားပါ။
→ ပြုလုပ်သည့် ဆွေးနွေးပွဲခေါင်းစဉ်နှင့် နေ့စွဲ ကိုလည်း ရည်ညွှန်းဖေါ်ပြပါ။

**လုပ်ငန်းစဉ်များ**

စိတ်ခံစားမှုပြ ဇယားနှင့် မှတ်ချက်ပေးရန် Comment Board - အကဲဖြတ်ဆန်းစစ်ခြင်း (၂ မိနစ်)

- ကြိုတင်ပြင်ဆင်ထားသော စိတ်ခံစားမှုပြဇယားကို ကပ်ထားကာ ပါဝင်ဆွေးနွေးသူများ မထွက်ခွာမီ ရေးဖြည့်သွားရန် တိုက်တွန်းပါ။
- မှတ်ချက်ပြုရန် Comment Board တွင်လည်း ၎င်းတို့ ဆွေးနွေးသိရှိလိုသောမှတ်ချက်များကို အသေးစိတ်ရေးသားသွားရန် အသိပေးပါ။

**စည်းလုံးခြင်းလက်ခုပ် - တစ်နေ့တာအတွက် အဆုံးသတ်ခြင်း** (၅ မိနစ်)

၁။ တစ်နေ့တာပြီးဆုံးရန် အချိန်နီးကပ်လာသော လုပ်ငန်းစဉ် တစ်ခုဖြစ်ကြောင်းပြောပြပါ။ ပါဝင်ဆွေးနွေးသူများအား စက်ဝိုင်းပုံ ရပ်စေပြီး မျက်စိမှိတ်ထားစေပါ။ လူတိုင်း လက်ခုပ်တီးရမည်။ စည်းချက်ညီရန်မလိုပဲ မိမိကြိုက်နှစ်သက်သလို လက်ခုပ်စတီး နိုင်ကြောင်းပြောပါ။ အစပိုင်းတွင် လက်ခုပ်သံများ ညီညာခြင်းမရှိပဲ တစ်ယောက်တစ်ပေါက်ဖြစ်နေသော်လည်း စည်းချက်ညီသည့် လက်ခုပ်သံများအဖြစ် တဖြည်းဖြည်း ပြောင်းလဲသွားမည်ဖြစ်သည်။

၂။ လက်ခုပ်သံများ စည်းချက်ညီသွားသော အချိန်တွင် "လက်ခုပ်တီးတာကို ရပ်လိုက်လို့ရပါပြီ၊ ကျေးဇူးအများကြီးတင်ပါတယ်။ သင်တို့ မျက်စိပြန်ဖွင့်နိုင်ပါပြီ" ဟုပြောပါ။

၃။ အစပိုင်းတွင် "လက်ခုပ်သံများ ဘယ်လိုဖြစ်နေသလဲ နှင့် အဆုံးပိုင်းတွင် လက်ခုပ်သံများ ဘယ်လိုဖြစ်နေသလဲ" ဟု မေးပါ။ လူတိုင်း အစပိုင်းတွင် မိမိကိုယ်ပိုင်စည်းချက်ဖြင့်သာ လက်ခုပ်တီးနေသော်လည်း နောက်ပိုင်းတွင် ညီညာစွာ တီးကြကြောင်း ထောက်ပြပါ။ လူ့သဘာဝအရ အများနှင့် သဟဇာတဖြစ်လိုကြကြောင်း ပြသခြင်းဖြစ်ပြီး အကြံဉာဏ်နှင့် ကျွမ်းကျင်မှုများကို ၎င်းတို့အချင်းချင်း မျှဝေရာတွင်လည်း ထိုအပြုအမူကို တွေ့မြင်နိုင်ပါသည်။

**ဆွေးနွေးပွဲ ဒုတိယနေ့**

**ဒုတိယနေ့သင်ခန်းစာပြန်လည်စတင်ခြင်း**

**သင်ခန်းစာအကျဉ်းချုပ်**

ယခုသင်ခန်းစာကို ဆွေးနွေးပွဲဒုတိယနေ့တွင် ပါဝင်သူများဖြေဆိုခဲ့သော ဆွေးနွေးပွဲသုံးသပ်လွှာ (Evaluation forms)၊ စိတ်ခံစားချက်ပြဇယား (Mood meter) ၊ မှတ်ချက်များရေးရန် (Comment Board) နှင့် ဆွေးနွေးပွဲအခြေအနေကိုစောင့်ကြည့်လေ့လာသူများ၏ ပြန်လည်တင်ပြချက်များဖြင့် စတင်လေ့ရှိသည်။ ထို့နောက် ဒုတိယနေ့သင်ခန်းစာအား မိတ်ဆက်ရသည်။ လုပ်ငန်းအမျိုးအစားတူ၊ နောက်ခံအခြေအနေခြင်းတူသူများ ဥပမာ- ကျန်းမာရေး၊ အာဟာရ၊ ရေ နှင့် ပတ်ဝန်းကျင် စသည်ဖြင့် လုပ်ငန်းတူရာအုပ်စုငယ်များဖြင့် လုပ်ငန်းစဉ်များ အတူတကွလုပ်စေပါ။ လုပ်ငန်းတူ အုပ်စုငယ်များ အတူတကွလုပ်ဆောင်ခြင်းသည် လုပ်ငန်းနှင့် ပတ်သက်သော ရုပ်ပုံသင်္ကေတများအား ဆွေးနွေးရာတွင် ထိရောက်မှုရှိသည်။

**ကြာချိန်** - ၃၀ မိနစ်

**ရည်ရွယ်ချက်**

→ နေ့တစ်နေ့ကို ကောင်းမွန်သောခံစားချက် ဖြင့်စတင်ရန်။
→ မနေ့က ပါဝင်သူများဖြေဆိုခဲ့သော သုံးသပ်လွှာတွင် ပါဝင်သည့်မေးခွန်းများကို ဆွေးနွေးနိုင်ရန်။
→ တတိယနေ့သင်ခန်းစာအား မိတ်ဆက်ပေးရန်။

**ပံ့ပိုးသူကြိုတင်ပြင်ဆင်ရန်**

→ တတိယနေ့အတွက် မှတ်ချက်ရေးရန် comment board စာရွက်ကို နံရံတွင်ကပ်ထားပါ။
→ တတိယနေ့သင်ခန်းစာအစီအစဉ်ကို စာရွက်ကြီးတွင် ကြိုရေးထားပါ။

**လုပ်ငန်းစဉ်များ**

**ဆွေးနွေးပွဲသုံးသပ်လွှာကိုပြန်လည်ဆန်းစစ်ခြင်း (၁၀ မိနစ်)**

၁။ ဒုတိယနေ့၏ ဆွေးနွေးပွဲအပေါ် ပါဝင်သူများ၏ စိတ်ခံစားမှုပြဇယားကို ကြည့်၍ ပျော်ရွှင်သည် (သို့) ပုံမှန်ဆိုရင် အဆင်ပြေပါသည်။ အကယ်၍ စိတ်ခံစားမှုအခြေအနေတွင် မပျော်ရွှင်သူများ ပါရှိခဲ့လျှင် မည်သည့်အတွက်ကြောင့် မပျော်ရွှင်ရသည်ကို ရှာဖွေဖော်ထုတ်ပါ။ ဆွေးနွေးပွဲအခြေအနေအား စောင့်ကြည့်လေ့လာအကဲခတ်သူများ၏ တွေ့ရှိချက်အမြင်များကို မေးပါ။ မှတ်ချက်ရေးထားသော အချက်များ ရှိလျှင် ဖြေရှင်းပါ။ ယနေ့အတွက် ပါဝင်ဆွေးနွေးသူများအား ၎င်းတို့အနေဖြင့် မှတ်ချက်ပေးလိုသည်များရှိလျှင် comment board ပေါ်တွင် အချိန်မရွေး မှတ်ချက်ပေးရန် ဖိတ်ခေါ်ပါ။

၂။ comment board တွင်မှတ်ချက်တစ်စုံတစ်ရာ မရှိလျှင် ကျေးဇူးတင်ကြောင်း ၊ comment board တွင် ဖြေရှင်းစရာ အကြောင်းအရာ မရှိပါ ဟုဆိုကာ comment board ကို ဖတ်ပြီးကြောင်းအသိပေးပါ။

၃။ ဒုတိယနေ့ ဆွေးနွေးပွဲတစ်နေ့လုံးကို စောင့်ကြည့်အကဲခတ်ပေးသည့် evaluation observers များကို ၎င်းတို့၏ တွေ့ရှိချက်များ (ကြားခဲ့၊ မြင်ခဲ့၊ လေ့လာခဲ့ရသည့် အချက်များ)ကို တင်ပြပေးရန် ဖိတ်ခေါ်ပါ။

ထို့နောက် ယနေ့အတွက် မဲကျသည့် evaluation observers များကို ယခုနေ့ တစ်နေ့လုံးအတွက် စောင့်ကြည့်အကဲခတ်ပေးရန် သတိပေးပါ။ ၎င်းတို့၏ တွေ့ရှိချက်များ (ကြားခဲ့၊ မြင်ခဲ့၊ လေ့လာခဲ့ရသည့် အချက်များ)ကို ယနေ့ညနေတွင် ပြန်လည်တင်ပြပေးရန် ပြောကြားပါ။

**ယနေ့အတွက် အစီအစဉ် (၅ မိနစ်)**

→ တတိယနေ့ သင်ခန်းစာအစီအစဉ်အား ပြောပြပါ။ ယခုနေ့သည် ဆွေးနွေးမည့် အကြောင်းအရာများစွာ ရှိသည့်အတွက် ကြာရှည်သောနေ့ ဖြစ်မည် ဖြစ်ကြောင်း အသိပေးပါ။

**အိမ်အလွမ်းပြေတစ်စုံတစ်ရာယူလာခြင်း - နှစ်ယောက်တစ်တွဲ ဆွေးနွေးခြင်း ၊ တိတ်ဆိတ်မှုကိုဖြိုခွင်းသော ကစားနည်းများ/ရေခဲခွဲကစားနည်းများ (icebreakers) ၁၀ မိနစ်**

၁။ ယခုလုပ်ငန်းစဉ်သည် ကြာရှည်သော နေ့တစ်နေ့ကို ကျော်ဖြတ်ရန် ပါဝင်ဆွေးနွေးသူများအား နှစ်သိမ့်ပေးနိုင်မည့် (သို့) ပါဝင်သူများအတွက် ပျော်ရွှင်စေသော တစ်စုံတစ်ရာ/တစ်ခု စဉ်းစားစေပါ။

၂။ ဒီလုပ်ငန်းစဉ်ကို **အိမ်အလွမ်းပြေတစ်စုံတစ်ရာယူလာခြင်း** ဟုခေါ်ကြောင်းပြောပြပါ။

၃။ အိမ်မှ မိမိ မိသားစုနဲ့ ခွဲခွာလာသည်မှာ၂ ရက်ရှိပြီဖြစ်သောကြောင့် မိသားစုအားအလွမ်းပြေရန် ပါဝင်သူများအတွက် အဓိပ္ပါယ်ရှိသော တစ်စုံတစ်ခုကို အိမ်မှ ယူခဲ့ရမယ်ဆိုလျှင် မည်သည့်အရာကို ယူခဲ့ချင်ကြောင်း နှင့် မည်သည့်အတွက်ကြောင့် ယူခဲ့ချင်ကြောင်း မေးပါ။

၄။ ယူခဲ့ချင်သည့် အရာသည် သေးသော၊ ကြီးသော၊ ဈေးပေါသော၊ ဈေးကြီးသော မည်သို့သော အကြောင်းအရာမဆိုဖြစ်နိုင်ကြောင်း ကလေးဖိနပ်လေး (သို့) ခြေအိတ်လေး (သို့) ယူဆောင်လာလိုသော ပါဝင်သူများအတွက် အဓိပ္ပါယ်ရှိသည့် အရာတစ်ခုခုအား ပြောခြင်းဖြစ်ကြောင်း၊ သို့သော် လူပုဂ္ဂိုလ်များဖြစ်သော မိန်းမ၊ ယောကျာ်း ၊ ကလေးကို ပြောခြင်း မဟုတ်ကြောင်း ရှင်းပြပါ။

၅။ ပါဝင်သူအားလုံးအား စဉ်းစားရန် အချိန် ၁ မိနစ်မှ ၂ မိနစ် ခန့်ပေးပါ။ စဉ်းစားပြီးနောက် ထိုအကြောင်းအရာကို နှစ်ယောက်တစ်တွဲ မိမိ၏တွဲဖက်သူငယ်ချင်းနှင့် အချင်းချင်းဝေမျှစေပါ။

၆။ ထို့နောက် ၎င်းတို့ယူခဲ့ချင်သောအရာ ၊ မည်သည့်အတွက်ကြောင့်ယူခဲ့ချင်ကြောင်း နှင့်ပတ်သက်၍ မျှဝေပြောပြချင်သောသူရှိလျှင် မျှဝေပြောပြပေးရန် ဖိတ်ခေါ်ပါ။ ပံ့ပိုးသူမှစပြီး မျှဝေပြောပြပြီး စေတနာ့ဝန်ထမ်း ပြောပြမည့်သူအား ဖိတ်ခေါ်ပါ။ မျှဝေရန် အတင်းအကျပ် မတိုက်တွန်းပါနှင့်။

**လုပ်ငန်းတူ အုပ်စုငယ်များ - အုပ်စုဖွဲ့ခြင်း (၅ မိနစ်)**

၁။ ပါဝင်သူများအား ယနေ့တစ်နေ့လုံးတွင် အားလုံးပူးပေါင်းပါဝင်နိုင်သော စိတ်ဝင်စားစရာကောင်းသည့် လုပ်ငန်းစဉ်များကို ၎င်းတို့ကိုယ်တိုင် ဆွေးနွေးအဖြေရှာကြရမည် ဖြစ်သောကြောင့် လုပ်ငန်းတူအုပ်စုငယ်များဖွဲ့ကာ အတူတကွလုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောပါ။

၂။ လုပ်ငန်းတူအုပ်စုငယ်များကို လူဦးရေ ညီမျှအောင် အဖွဲ့ ၄ ဖွဲ့ခွဲပါ။ (ဥပမာ- ကျန်းမာရေး၊ အာဟာရ၊ ရေ နှင့် ပတ်ဝန်းကျင်၊ စိုက်ပျိုးရေး စသည်ဖြင့်)

၃။ မိမိ၏အုပ်စုတွင် ပါဝင်သောသူများကို မှတ်သားထားရန် ပြောပါ။ ထိုအုပ်စုငယ်များအတိုင်း ယနေ့သင်ခန်းစာ များကိုဆွေးနွေးကြရမည်ဖြစ်ကြောင်း အသိပေးပါ။

## သင်ခန်းစာ ၁ - မတူညီသောနည်းလမ်းများအား အသုံးပြု၍သတင်းအချက်အလက်များအား တင်ပြခြင်း (ပထမပိုင်း)

### သင်ခန်းစာအကျဉ်းချုပ်

ယခုသင်ခန်းစာကို အားသစ်လောင်းကစားနည်းဖြင့် စတင်လေ့ရှိသည်။ ပါဝင်သူများသည် လုပ်ငန်းစဉ် ၂ ခုတွင် အုပ်စုဖွဲ့လုပ်ဆောင်ခြင်းဖြင့် သတင်းအချက်အလက်များစွာကို သွယ်ဝိုက်သောနည်းဖြင့် ရရှိမည်ဖြစ်သည်။ ပထမလုပ်ငန်းစဉ်တွင် ဘဝအစရက်တစ်ထောင် စာစောင်ကို အသုံးပြု၍ ကိုယ်ဝန်ဆောင်ကာလ ၊ မိခင်နို့ တိုက်ကျွေးခြင်း ၊ ဖြည့်စွက်စာကျွေးမွေးခြင်း နှင့်ပတ်သက်သည့် ချစ်လှစွာသော ဆရာ ၊ ဆရာမထံ ပေးစာများ ကို ပါဝင်သူများသည် ပြန်လည်ဖြေကြားခြင်း ပြုလုပ်ရမည်ဖြစ်သည်။ ဒုတိယလုပ်ငန်းစဉ်တွင် ပါဝင်ဆွေးနွေးသူ များသည် အာဟာရချို့တဲ့ခြင်းကိုကာကွယ်နိုင်သည့်အဆင့်များကို ရှာဖွေကြရမည်ဖြစ်သည်။ ထိုသို့ရှာဖွေရာတွင် အာဟာရနှင့်ပတ်သက်သောစာစောင်များကို အပြန်ပြန်အလှန်လှန်ဖတ်ရှုကြရမည်ဖြစ်ပြီးစာရွက်တစ်ရွက်ချင်းစီ ပေါ်တွင် အာဟာရချို့တဲ့ခြင်းကို ကာကွယ်နိုင်သော အဆင့်တစ်ချက်ချင်းစီကို ချရေးကာ မြစ်တစ်စင်းကိုဖြတ်ရာ

တွင် နင်းဖြတ်နိုင်သောကျောက်တုံးများအဖြစ် အသုံးပြုကြရမည်ဖြစ်သည်။ ချရေးပြီးလျှင် ခန်းမအတွင်းရှိ ကြမ်းပြင်တွင် ရေးဆွဲထားသော မြစ်တစ်စင်းကို ထိုကျောက်တုံး (စာရွက်)များ အသုံးပြု၍ နင်းဖြတ်ကြရမည် ဖြစ်သည်။ သင်ခန်းစာ၏အဓိက အချက်မှာ ပါဝင်သူများအား သတင်းအချက်အလက်များ ပေးရာတွင် တိုက်ရိုက်သင်ကြားပို့ချခြင်းနည်းလမ်း (Lectures) ကို အသုံးမပြုပဲ ပေးနိုင်ကြောင်းသိရှိစေရန် ဖြစ်သည်။ ယခုသင်ခန်းစာတွင် ပံ့ပိုးသူသည် လုပ်ငန်းစဉ်များကို မိတ်ဆက်ခြင်း ၊ အသုံးပြုနိုင်သော သင်ထောက်ကူများကို ပေးဝေခြင်း နှင့် ပါဝင်သူများ၏ ဆွေးနွေးချက်များကို စောင့်ကြည့်အကဲခတ်ရန်သာ ဖြစ်သည်။လာမည့်သင်ခန်း စာတွင်လည်း ယခုကဲ့သို့ အားလုံးပူးပေါင်းပါဝင်ဆွေးနွေးနိုင်သော နည်းလမ်းများကို အသုံးပြု၍ သတင်း အချက်အလက်များပေးနိုင်သည့် အခြားဥပမာများကို သင်ယူရရှိမည်ဖြစ်သည်။

**ကြာချိန်** - ၁ နာရီ

**ရည်ရွယ်ချက်**

→ အားလုံးပူးပေါင်းပါဝင်နိုင်သော နည်းလမ်းများကို အသုံးပြု၍ သတင်းအချက်အလက်များပေးနိုင်သည့် ဥပမာ ၂ ခုကို လက်တွေ့ပြသနိုင်ရန် နှင့် ပါဝင်သူများ လေ့ကျင့်နိုင်ရန်။

**သင်ထောက်ကူပစ္စည်းများ**

→ လက်ကမ်းစာစောင် ၁ မိတ္တူ - ချစ်လှစွာသောဆရာ ၊ ဆရာမထံသို့ ပေးစာများ - ပါဝင်သူတစ်ဦးလျှင် တစ်စောင်စီ နှင့် အပို ၁-၂ ရွက်

→ ကိုယ်ဝန်ဆောင်ကာလ ၊ မိခင်နို့တိုက်ကျွေးခြင်း ၊ ဖြည့်စွက်စာကျွေးမွေးခြင်း နှင့်ပတ်သက်သော အဓိကသတင်းအချက်အလက်များပါဝင်သည့် စာစောင် ( ၁ဖွဲ့လျှင် ၁ စောင်)

→ စက္ကူတိပ် (သို့) ကြိုးအရှည် ၂ ချောင်း (ခန်းမအတွင်း မျဉ်းကြောင်းများအဖြစ် အသုံးပြုရန်)

→ တစ်ဖွဲ့လျှင် A4 စာရွက် ၁၀ ရွက်ခန့် (ချနင်းရန် ကျောက်တုံးများအဖြစ်သုံးရန်) နှင့် အပို A4 စာရွက်များ

→ Marker pen

**ပံ့ပိုးသူကြိုတင်ပြင်ဆင်ရန်**

→ လက်ကမ်းစာစောင် ၁ ကို မိတ္တူ ၁ စုံ မှ ၂ စုံ ပြင်ဆင်ထားပါ။

→ လက်ကမ်းစာစောင်တွင် ပါရှိသောသတင်းအချက်အလက်များကို ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ဖတ်ထားပါ။

→ ဖလစ်ချပ်စာရွက် အလွတ်ပေါ်တွင် "ချစ်လှစွာသော ဆရာ ၊ ဆရာမထံသို့ပေးစာ" သင်ခန်းစာအတွက်လုပ်ဆောင်ရန်များကိုရေးပါ။

- ❖ စာရေးပို့သူများ ကြုံတွေ့ခံစားနေရသော ပြဿနာများ
- ❖ ထိုပြဿနာများနှင့် ပတ်သက်၍မည်သို့ ပြုလုပ်ဖြေရှင်းသင့်ကြောင်း အကြံပြုချက်
- ❖ အခြား အကြံပြုချက်များ

→ ပထမနေ့တွင် ဆွေးနွေးခဲ့သော လက်ကမ်းစာစောင် ၄ - သင်ယူခြင်းဆိုင်ရာ ကြောင်လိမ်စက်ဝန်းကို လေ့လာထားပါ။

**လုပ်ငန်းစဉ်များ**

**သတင်းအချက်အလက်များ ထည့်သွင်းပေးခြင်း ( ၅ မိနစ် )**

၁။ ပါဝင်သူများအား ဆွေးနွေးပွဲပထမနေ့တွင် ဆွေးနွေးခဲ့သော လက်ကမ်းစာစောင် ၄ - သင်ယူခြင်း ဆိုင်ရာ ကြောင်လိမ်စက်ဝန်းတွင် ပါဝင်သောအဆင့်များကို မှတ်မိပါသလား ၊ မည်သည်တို့ဖြစ်ပါသလဲ ဟုမေးမြန်းပါ။ ဆွေးနွေးပွဲတက်ရောက်သူများအား ယခုဆွေးနွေးမည့်သင်ခန်းစာ နှင့် နောက်လာမည့် သင်ခန်းစာ တွင် သင်ယူခြင်းဆိုင်ရာ ကြောင်လိမ်စက်ဝန်းတွင် ပါဝင်သည့် အဆင့် ၃ အကြောင်းကို အာရုံစိုက် ဆွေးနွေးမည်ဖြစ်ကြောင်း ပြောပြပါ။

၂။ ပါဝင်ဆွေးနွေးသူများအနေဖြင့် တိုက်ရိုက်သင်ကြားပို့ချခြင်းနည်းလမ်း (lectures) နှင့် ပြန်လည်တင်ပြခြင်းနည်းလမ်း (presentations) တို့သည် သတင်းအချက်အလက်များကို ပေးနိုင်သည့် အကောင်းဆုံး နည်းလမ်း ဟုတ်မဟုတ်မေးမြန်းပါ။ ၎င်းနည်းလမ်းများသည် အားလုံးပူးပေါင်းပါဝင်နိုင်သလား ၊မည်သည့် ကန့်သတ်ချက်များ ရှိနိုင်မည်လဲ ဟုမေးပါ။ ထိုနည်းလမ်းများတွင် ဆွေးနွေးသူများ ပူးပေါင်းပါဝင်နိုင်မှုနှင့် ပတ်သက်သော ကန့်သတ်ချက်များရှိကြောင်း ၊ ထို့ကြောင့် လုံလောက်သော သတင်းအချက်အလက်များ ရရှိနိုင်မည်မဟုတ်ကြောင်း ပါဝင်ဆွေးနွေးသူများ ဖြေကြားလာစေရန် ပံ့ပိုးကူညီပါ။

၃။ ပါဝင်ဆွေးနွေးသူများအား ယခုသင်ခန်းစာနှင့် နောက်လာမည့်သင်ခန်းစာတွင် မတူညီသောနည်းလမ်း များကို အသုံးပြု၍သတင်းအချက်အလက်များပေးသည့် လုပ်ငန်းစဉ်များကို လေ့လာကြရမည်။ ထိုလုပ်ငန်း စဉ်များတွင် ဆွေးနွေးသူများသည် ကိုယ်တိုင်ပါဝင်၍ အဖြေရှာကြရမည်ဖြစ်ကြောင်း ရှင်းပြပါ။ ယခုသင်ခန်း စာတွင် လုပ်ငန်းစဉ် ၂ ခုကို ဥပမာအနေနှင့် ပြုလုပ်ကြရမည်ဖြစ်ပြီး အခြားလုပ်ငန်းစဉ်များကို နောက်သင်ခန်းစာတွင် လေ့လာနိုင်မည်ဖြစ်ကြောင်း ပြောပါ။ ပါဝင်ဆွေးနွေးသူများအား မိမိတို့၏ ရပ်ရွာလူထုအတွင်း အလုပ်လုပ်ကိုင်ရာတွင် ယခုပြုလုပ်မည့် လုပ်ငန်းစဉ်ဥပမာများကို မည်သို့ ပြန်လည်အသုံးပြုနိုင်ကြောင်း စဉ်ဆက်မပြတ်တွေးခေါ်နေရန် လိုအပ်ကြောင်း သတိပေးပါ။

**ချစ်လှစွာသော ဆရာ ၊ ဆရာမထံသို့ ပေးစာ - အဖွဲ့လိုက်လုပ်ဆောင်ခြင်း ( ၂၀ မိနစ် )**

၁။ ပါဝင်သူများအား ယခုလုပ်ငန်းစဉ်သည် အာဟာရနှင့်ပတ်သက်ကြောင်း ပြောပါ။ ထို့နောက် ပါဝင်သူများ အား မြန်မာနိုင်ငံတွင် အာဟာရချို့တဲ့ခြင်းသည် မည်မျှထိဖြစ်ပွားနေကြောင်း သိပါသလား ဟုမေးမြန်းပါ။ MICS စစ်တမ်းအရ အာဟာရချို့တဲ့သည့် လူဦးရေ ကိန်းဂဏန်းအတိအကျကို ပါဝင်သူများအား မေးမြန်း၍ ပံ့ပိုးသူကအဖြေမှန်ကို ပြန်လည်ပြောပြပါ။ ပါဝင်သူများအား မြန်မာနိုင်ငံတွင် အာဟာရချို့တဲ့ခြင်းသည် ဖြစ်ပွားနှုန်း မြင့်မားသောကြောင့် ယခုသင်ခန်းစာသည် မိမိတို့အားလုံးအတွက် အရေးကြီးကြောင်း သေချာ စွာအသိပေးပါ။

၂။ ပါဝင်သူများအား ယခုသင်ခန်းစာတွင်သာ ၄ ဖွဲ့ခွဲရမည်ဖြစ်ကြောင်း ရှင်းပြပါ။ လိုအပ်ပါက အမှတ်စဉ် ရေတွက်ခြင်းဖြင့် လူခွဲပါ။

၃။ အဖွဲ့တစ်ဖွဲ့ချင်းစီသည် ချစ်လှစွာသောဆရာ ၊ ဆရာမထံသို့ ပေးစာတစ်စောင်စီ ရရှိမည်ဖြစ်ပြီး အဓိက သတင်းအချက်အလက်များ ပါဝင်သော စာစောင်ကိုလည်း ရရှိမည်ဖြစ်ကြောင်း ပြောပြပါ။ ထို့နောက်

ပါဝင်သူများအား ကြိုတင်ရေးသားထားသော ချစ်လှစွာသောဆရာ ၊ ဆရာမထံသို့ပေးစာ သင်ခန်းစာအတွက်လုပ်ဆောင်ရန်အချက်များ ဖလစ်ချပ်ကို ပြ၍ မရှင်းလင်းသည်များအား မေးမြန်းစေပါ။

၄။ ထို့နောက်အဖွဲ့တစ်ဖွဲ့ချင်းစီအား မတူညီသည့် ချစ်လှစွာသောဆရာ ၊ ဆရာမထံသို့ ပေးစာတစ်စောင်စီ သာဝေပါ။ (ပေးစာ ၃ စောင်လုံးအား သင်ခန်းစာအဆုံးမှသာ ပါဝင်သူများထံပေးဝေပါ။) ထို့အပြင် အဓိက သတင်းအချက်အလက်များ ပါဝင်သောစာစောင်အား တစ်ဖွဲ့လျှင် တစ်စုံစီဝေပါ။ ပေးဝေလိုက်သည့် ချစ်လှစွာသောဆရာ ၊ ဆရာမထံပေးစာများသည် ဘဝအစရက်တစ်ထောင်နှင့် သက်ဆိုင်သော ပြဿနာများဖြစ်ကြောင်း ပြောပါ။ ထိုပြဿနာများအတွက် အုပ်စုလိုက်အဖြေရှာရန် အချိန် မိနစ် ၂၀ ရမည်ဖြစ်ကြောင်း ၊ အဓိကသတင်းအချက်အလက်များပါဝင်သော စာစောင်အား အသုံးပြု၍ ပြန်စာတစ်စောင်စီ ပြန်လည်ရေးသားရမည်ဖြစ်ကြောင်း ၊ ပြန်စာရေးသားရာတွင် စာကြောင်းအပြည့်အစုံရေးရန် မလိုပဲ အဓိက ဖြေရှင်းရမည့်အချက်ကိုသာ အတိုချုံးရေးသား၍ ပြန်လည်တင်ပြသည့်အခါမှသာ ဖြည့်စွက်ပြောကြားရန် ပြောပါ။ထို့နောက် အဖွဲ့တစ်ဖွဲ့ချင်းစီမှ ကိုယ်စားလှယ် စေတနာ့ဝန်ထမ်း ၁ ဦးစီ သည် ပြန်စာကို အများ အား ပြန်လည်တင်ပြရမည် ဖြစ်ကြောင်း ပြောပါ။

၅။ အဖွဲ့လိုက်ဆွေးနွေးခြင်း အချိန်မစေ့မီ ၅ မိနစ်အလိုတွင် အဖွဲ့များအား အချိန် ၅ မိနစ်သာ ကျန်တော့ ကြောင်း သတိပေးပါ။

၆။ ထိုပြန်စာကို အများအား ပြန်လည်တင်ပြမည့် ကိုယ်စားလှယ် စေတနာ့ဝန်ထမ်း ၁ ဦးစီ ရွေးချယ်ထားရန် အဖွဲ့များအားသတိပေးပါ။

**ပြန်စာများ - ပြန်လည်တင်ပြဆွေးနွေးခြင်း (၃၀ မိနစ်)**

အဖွဲ့ ၁ - ကိုယ်ဝန်ဆောင်ကာလ
အဖွဲ့ ၂ - မိခင်နို့တိုက်ကျွေးခြင်း
အဖွဲ့ ၃ - ဖြည့်စွက်စာ ကျွေးမွေးခြင်း
အဖွဲ့ ၄ - ကိုယ်ဝန်ဆောင်ကာလ

၁။ ပထမဆုံးတင်ပြမည့် အဖွဲ့က မိမိတို့အဖွဲ့မှ ပြင်ဆင်ထားသောပြန်စာကို အများအား ပြန်လည်တင်ပြမည့် ကိုယ်စားလှယ် စေတနာ့ဝန်ထမ်း ၁ ဦးကို ဖိတ်ခေါ်၍ ပေးစာအား ဦးစွာဖတ်ကြားစေပါ။ ထို့နာက်ပြန်စာကို ဖတ်ကြားစေပါ။ ပါဝင်သူများ အပြန်အလှန်ဆွေးနွေးရန် နှင့် မေးခွန်းများမေးနိုင်ရန် ၁ဖွဲ့လျှင် အချိန် ၅ မိနစ် သတ်မှတ်ပေးပါ။ အမျိုးသားနှင့် အမျိုးသမီးများ၏ မတူညီသောပြဿနာများအတွက် ဖြေရှင်းရန်နည်းလမ်းများ မပါဝင်လျှင် သက်ဆိုင်ရာအဖွဲ့အား မည်သို့ပြုလုပ်သင့်ကြောင်းမေးပါ။

၂။ ထို့ နောက် အခြား အဖွဲ့ ၂ ၊ ၃ နှင့် ၄ တို့၏တင်ပြချက်ကို ထိုနည်းအတိုင်း ဆွေးနွေးစေပါ။

၃။ ဆွေးနွေးမှု၏ အဓိကသတင်းအချက်အလက်များကို ရှင်းရှင်းလင်းလင်း သိရန်ပြုလုပ်ပါ။ ဥပမာ - မိခင်သည် ကလေးအား ကိုယ်ဝန်စဆောင်သည့်အချိန်မှ စ၍ ကလေးအသက် ၂ နှစ်အတွင်းသည် ကလေး အာဟာရချို့တဲ့ခြင်းမှ ကာကွယ်နိုင်သော အခွင့်အလမ်းတစ်ခုအဖြစ် ရှိနေကြောင်း ၊ ထိုအချိန်အတွင်းတွင် ကလေးအား အာဟာရပြည့်မီအောင် ကျွေးမွေးပြုစုစောင့်ရှောက်ခြင်း မပြုလုပ်နိုင်ခဲ့လျှင် နောက်ဆက်တွဲ ဆိုးကျိုးများခံစားရနိုင်ကြောင်း ပြောပါ။ ပါဝင်သူများအား ထိုအကျိုးဆက်များမှာ မည်သည်တို့ ဖြစ်သည်ဟု ကြားဖူးပါသလဲ ဟုမေးမြန်းပါ။ ထိုအကြောင်းကို ပံ့ပိုးသူက အနည်းငယ်ဦးဆောင်ဆွေးနွေးပါ။

၄။ ပါဝင်ဆွေးနွေးသူများအား ပြုလုပ်ခဲ့သောလုပ်ငန်းစဉ်တွင် မည်သည့်အကြောင်းအရာများ ဆွေးနွေးပြုလုပ်ခဲ့ပါသလဲ --- တစ်နည်းအားဖြင့် မည်သည့်နည်းလမ်းအဆင့်ဆင့်ကို ပြုလုပ်ခဲ့ရပါသလဲ ဟု စဉ်းစားစေပါ။

၅။ ထို့နောက် အောက်ပါမေးခွန်းများကို မေးပါ။

(က) ယခုလုပ်ငန်းစဉ်တွင် တစ်ခုခုကို သင်ယူရရှိခဲ့ပါသလား ။ သင်ယူရရှိခဲ့လျှင် ထိုအကြောင်းအရာများကို မည်ကဲ့သို့ သင်ယူရရှိခဲ့ပါသလဲ ။ (ပါဝင်ဆွေးနွေးသူများသည် အာဟာရအကြောင်း ကောင်းစွာနားလည်သူများဖြစ်နေလျှင်လည်း ယခုမေးခွန်းကို အာဟာရနှင့်ပတ်သက်၍ အနည်းငယ်သာ (သို့) လုံးဝမသိနားမလည်သူ ဟု မိမိဘာသာခံယူ၍ စဉ်းစားရန် လိုအပ်ကြောင်း ပြောပါ။)

(ခ) ယခုကဲ့သို့ တူညီသော သတင်းအချက်အလက်များကို တိုက်ရိုက်သင်ကြားပို့ချခြင်းနည်းလမ်း (lecture) ဖြင့် သင်ယူရရှိနိုင်ပါသလား။

(ဂ) ယခုလုပ်ငန်းစဉ်လုပ်ဆောင်ခြင်းဖြင့် မည်သည့် ကောင်းကျိုးများ ရနိုင်ပါသလဲ ဟုမေးပါ။

(ဃ) ပါဝင်ဆွေးနွေးသူများသည် ဆွေးနွေးပွဲပြီး နောက်ပိုင်းတွင် ထိုသတင်းအချက်အလက်များကို လိုအပ်လာလျှင် မှီငြမ်းနိုင်ရန် ပံ့ပိုးသူအနေဖြင့် မည်သို့ပြုလုပ်သင့်ပါသလဲ။ (သင်ခန်းစာအဆုံးတွင် ပါဝင်ဆွေးနွေးသူများအား အာဟာရချို့တဲ့ခြင်း နှင့် ပတ်သက်သောစာစောင်များပေးဝေခြင်းဖြင့် ပြုလုပ်နိုင်သည်။)

၆။ ပါဝင်ဆွေးနွေးသူများအား အဓိကပေးချင်သော သတင်းအချက်အလက်ကို ရရှိစေရန် သတိပြုပါ။ (ယခုသင်ခန်းစာ၏ အဓိကအချက်မှာ ပါဝင်ဆွေးနွေးသူများအား တိုက်ရိုက်သင်ကြားပို့ချခြင်းနည်းလမ်းကိုအသုံးမပြုပဲ မတူညီသောနည်းလမ်းများကိုအသုံးပြု၍ သတင်းအချက်အလက်များကို ပေးနိုင်ကြောင်းသိရှိစေရန် ဖြစ်သည်။)

၇။ ထို့နောက် ပါဝင်သူများအား လက်ကမ်းစာစောင် ၁ တွင် စုစုပေါင်း ချစ်လှစွာသောဆရာ ၊ ဆရာမထံ ပေးစာ ၃ စောင် ပါဝင်ကြောင်း ပြော၍ မိတ္တူစာစောင်များ ဝေပေးပါ။

**အာဟာရချို့တဲ့ခြင်းကို ကာကွယ်ရန် နင်းဖြတ်မည့်ကျောက်တုံးများ - အဖွဲ့လိုက်လုပ်ဆောင်ခြင်း ( ၁၀ မိနစ် )**

၁။ ပါဝင်ဆွေးနွေးသူများအား သတင်းအချက်အလက်ပေးနိုင်သည့် လုပ်ငန်းစဉ်နောက်တစ်ခုအကြောင်းကို ဆွေးနွေးမည်ဖြစ်ပြီး အာဟာရနှင့်လည်း သက်ဆိုင်ကြောင်းပြောပါ။

၂။ ဆွေးနွေးပွဲခန်းမအတွင်းရှိ ကြမ်းပြင်တွင် ၆-၉ ပေ အကျယ်ခန့် ရှိသော အပြိုင်မျဉ်း ၂ ကြောင်းကို မြေဖြူဖြင့် ဆွဲပါ (သို့) ကြိုး/စက္ကူတိပ်တို့ဖြင့် ပြုလုပ်ပါ။

၃။ ပါဝင်ဆွေးနွေးသူများအား ထိုမျဉ်း ၂ ကြောင်းသည် မြစ်တစ်စင်း၏ ကမ်းတစ်ဖက်စီ ဖြစ်ကြောင်း ၊ မြစ်၏ ကမ်းတစ်ဖက်တွင် အာဟာရချို့တဲ့သူများ နေထိုင်ပြီး အခြားတစ်ဖက်တွင် ကျန်းမာပြီး အာဟာရပြည့်ဝသော သူများ ရှိကြောင်း ပြောပါ။

၄။ ပါဝင်ဆွေးနွေးသူများအား အာဟာရချို့တဲ့ခြင်းကို ကာကွယ်နိုင်ရန် လုပ်ဆောင်ရမည့် နည်းလမ်းများ ရေးသားထားသော ကျောက်တုံးများကို နင်းပြီး မြစ်ကိုဖြတ်ကာ ကျန်းမာသူများရှိသော အခြားတစ်ဖက်ကမ်းသို့ ကူးကြရမည်ဖြစ်ကြောင်း ပြောပါ။ ထိုသို့ပြုလုပ်ရန် မိမိတို့၏လက်ရှိ သိထားပြီးသော အသိပညာကို အသုံးချနိုင်သော်လည်း ပါဝင်သင့်သည့်အချက်များ မကျန်ခဲ့စေရန် အလုပ်ရုံဆွေးနွေးပွဲတွင် ဝေထားသော အဓိကသတင်း

အချက်အလက်များပါဝင်သည့် ဘဝအစရက်တစ်ထောင်စာစောင်ကို အသုံးပြုရန် ပြောပါ။ ယခင်ပြီးခဲ့သော သင်ခန်းစာတွင် လုပ်ဆောင်ခဲ့သော အုပ်စုများအတိုင်း ဆွေးနွေးကြရမည်ဖြစ်ကြောင်း ပြောပါ။
၅။ ပါဝင်ဆွေးနွေးသူ တစ်ဦးချင်းစီအား A4 စာရွက် နှင့် Marker pen များ ဝေပါ။
၆။ အာဟာရချို့တဲ့ခြင်းမှ ကာကွယ်ရန် လုပ်ဆောင်ရမည့်အဆင့်များကို တစ်ရွက်လျှင်နည်းလမ်း တစ်ခုစီသာ ရေးရန် ၊ မြစ်ကိုဖြတ်ကူးရန် အနည်းဆုံး နည်းလမ်းအချက် ၅ ချက် လိုအပ်ကြောင်း ပါဝင်ဆွေးနွေးသူများအား ပြောပါ။
၇။ အဖွဲ့တစ်ဖွဲ့ချင်းစီသည် သက်ဆိုင်ရာကလေးအသက်အတွက် ဆွေးနွေးရမည်ဖြစ်သည်။

(က) အဖွဲ့ ၁ - ကလေးအသက် ၆လ အောက်

(ခ)အဖွဲ့ ၂ - ကလေးအသက် ၆-၈ လ

(ဂ) အဖွဲ့ ၃ - ကလေးအသက် ၉-၁၁ လ

(ဃ)အဖွဲ့ ၄ - ကလေးအသက် ၁၂-၂၃ လ

**မြစ်ကိုဖြတ်ကူးခြင်း - ပံ့ပိုးသူနှင့် ပါဝင်သူများ အပြန်အလှန်ဆွေးနွေးခြင်း ( ၂၀ မိနစ် )**

၁။ အားလုံးဆွေးနွေးပြီးသောအခါ သက်ဆိုင်ရာအဖွဲ့တစ်ဖွဲ့ချင်းစီသည် မြစ်၏တစ်ဖက်ကမ်းတွင်ရပ်၍ ၎င်းတို့ဆွေးနွေးထားသော ကျောက်တုံးများ (အချက်များ)ကို ပြသရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ရန် မိမိရေးသားထားသောစာရွက်များကို ကိုင်၍ အဖွဲ့တစ်ဖွဲ့ချင်းစီတွင် ပါဝင်သူများမှ ကိုယ်တိုင်ဖတ်ပြစေပါ။ အဖွဲ့ ၁ မှ စ၍ အစဉ်လိုက် တင်ပြစေပါ။ အခြားအဖွဲ့များမှ ကလေး၏အသက်အရွယ်အလိုက် အာဟာရချို့တဲ့ခြင်းကို ကာကွယ်ရန် လုပ်ဆောင်ရမည့်အချက်များ ရေးသားထားခြင်းမဟုတ်လျှင် ၊ အရှေ့အဖွဲ့တွင် ပါပြီးသော တူညီသောအချက်များကို နောက်အဖွဲ့များတွင် ရေးသားထားလျှင် ပယ်၍ အသစ်ပြန်လည် ပြင်ဆင်ရေးသားရမည်ဖြစ်ကြောင်း ပြောပါ။
၂။ ပါဝင်ဆွေးနွေးသူများသည် မိမိတို့ရေးသားထားသော အချက်များအား ပြန်လည်စိစစ်ပြီး အချက်များ အားလုံးသည် မြစ်တစ်ဖက်ကမ်းကို ကူးဖြတ်နိုင်သည့် အရေးကြီးသောအချက်များ ဖြစ်ကြောင်း သေချာစေပါ။
၃။ ပံ့ပိုးသူအနေဖြင့်လည်း ထိုအချက်များကို လေ့လာထားပါ။ လိုအပ်ပါက အစဖော်ပေးသော မေးခွန်းများ မေးပါ (ဥပမာ - မိခင်၏အာဟာရအတွက် မည်သို့ ပြုလုပ်သင့်ပါသလဲ)။ ပါဝင်ဆွေးနွေးသူများ အနေဖြင့်လည်း မိမိတို့ရရှိထားပြီးသော လက်ကမ်းစာစောင်များထဲမှ အချက်များ ပါမပါ ပြန်လည်ဆန်းစစ်ရန်ပြောပါ။
၅။ ပါဝင်ဆွေးနွေးသူများသည် မိမိတို့၏ကျောက်တုံးများကိုအဆုံးသတ်ပြင်ဆင်ပြီးသောအခါထိုကျောက်တုံး များကို သတ်မှတ်ထားသော မျဉ်း ၂ ကြောင်း အလယ်ရှိ (မြစ်) အတွင်းတွင် ချစေပြီး ထိုကျောက်တုံးများကို နင်းဖြတ်၍ အာဟာရချို့တဲ့သောဘက်အခြမ်းမှ အာဟာရပြည့်ဝသော မြစ်၏အခြားတစ်ဖက်သို့ကူးစေပါ။
၆။ ပါဝင်ဆွေးနွေးသူများအားလုံးအား ပြည်သူလူထုအနေဖြင့် အာဟာရချို့တဲ့သောကလေးများ မဖြစ်လာ စေရန် မည်သည့်အချက်များကို မဖြစ်မနေ ပြုလုပ်သင့်ပါသလဲ ဟုမေးမြန်းပါ။ အာဟာရ ချို့တဲ့ခြင်းရှိသော မြစ်တစ်ဖက်ကမ်းသို့ ပြန်လာလိုစိတ်ရှိပါသလား ဟုမေးပါ။
၇။ ပါဝင်ဆွေးနွေးသူများအား ယခုကဲ့သို့လုပ်ငန်းစဉ် (stepping stones) ကို ယခင်က ပြုလုပ်ဖူးပါသလား ဟု မေးမြန်းပါ။ အကယ်၍ရှိခဲ့လျှင် မည်သည့်ခေါင်းစဉ်ကို လုပ်ဆောင်ခဲ့ဖူးပါသလဲ ဟုမေးပါ။

၈။ ယခုသင်ယူခဲ့သော သင်ခန်းစာတွင် ပါဝင်ဆွေးနွေးသူများ၏ အလုပ်နှင့် ရပ်ရွာလူထုအတွက် အသုံးကျသော လုပ်ငန်းစဉ်များရှိမရှိ မေးပါ။ အကယ်၍ ရှိခဲ့လျှင် မည်သို့ပြန်လည် အသုံးချမည့်အကြောင်းကို မေးပါ။

၉။ သင်ယူမှုကို အနှစ်ချုပ်၍အဆုံးသတ်ပါ။

### လက်ဖက်ရည်သောက်နားချိန် ( ၁၅ မိနစ်)

## သင်ခန်းစာ ၂ - မတူညီသောနည်းလမ်းများအား အသုံးပြု၍သတင်းအချက်အလက်များအား တင်ပြခြင်း (ဒုတိယပိုင်း)

### သင်ခန်းစာအကျဉ်းချုပ်

ပထမပိုင်းနှင့် အတူတူပင်ဖြစ်သည်။

**ကြာချိန်** - ၁ နာရီ ၃၀ မိနစ်

### ရည်ရွယ်ချက်

→ အားလုံးပူးပေါင်းပါဝင်နိုင်သော နည်းလမ်းများကို အသုံးပြု၍ သတင်းအချက်အလက်များပေးနိုင်သည့် လုပ်ငန်းစဉ်များကို ပါဝင်ဆွေးနွေးသူများ လေ့လာသိရှိနိုင်ရန်။

### သင်ထောက်ကူပစ္စည်းများ

→ လက်ကမ်းစာစောင် ၃က နှင့် ၃ခ - မိခင်နို့တိုက်ကျွေးရာတွင် ထိကပ်မှုပြရုပ်ပုံများ

→ လက်ကမ်းစာစောင် ၄က ဇာတ်လမ်း - လက်ဆေးခြင်းအကြောင်း ဖြစ်ရပ်မှန်ဇာတ်လမ်း

→ လက်ကမ်းစာစောင် ၄ခ - လက်ဆေးခြင်းဖြစ်ရပ်မှန်ဇာတ်လမ်းနှင့် ပတ်သက်သော မေးခွန်းများ

### ပံ့ပိုးသူကြိုတင်ပြင်ဆင်ရန်

### လုပ်ငန်းစဉ်များ

**အားလုံးပါဝင်ဆွေးနွေးနိုင်သော နည်းလမ်းများကို အသုံးပြု၍ သတင်းအချက်အလက်များပေးနိုင်သည့် လုပ်ငန်းစဉ်များကို မိတ်ဆက်ခြင်း - ပံ့ပိုးသူနှင့် ပါဝင်သူများ အပြန်အလှန်ဆွေးနွေးခြင်း ( ၅ မိနစ် )**

၁။ ပြီးခဲ့သောသင်ခန်းစာပထမပိုင်းတွင် ပြုလုပ်ခဲ့သောလုပ်ငန်းစဉ် ၂ ခုကို ပါဝင်ဆွေးနွေးသူများအား မေးမြန်းပါ။ (လုပ်ငန်းစဉ် ၂ ခုမှာ - dear doctor letters နှင့် stepping stones ဖြစ်သည်။)

၂။ ထိုလုပ်ငန်းစဉ်များကို ပြုလုပ်သည့်အခါ သိရှိရမည့် အကြောင်းအရာများကို ပံ့ပိုးသူမှ တစ်ဖက်သတ် ပြောပြသွားတယ်လို့ခံစားရလား (သို့) ပါဝင်ဆွေးနွေးသူများ ကိုယ်တိုင်တက်ကြွစွာ ပါဝင်ပြီး အခြား သူများ၏ပြဿနာကို ၄င်းတို့အချင်းချင်း ဆွေးနွေးအဖြေရှာခဲ့တယ်လို့ခံစားရပါသလား ဟုမေးပါ။

၃။ ဖလစ်ချပ်စာရွက်တစ်ခု၏ ထိပ်တွင် **Participatory Ways to Give Information** (အားလုံးပူးပေါင်း ပါဝင် ဆွေးနွေးနိုင်သော နည်းလမ်းများကို အသုံးပြု၍ သတင်းအချက်အလက်များပေးနိုင်သည့် နည်းလမ်းများ) ဟုရေးပါ။ ပါဝင်သူများအား မည်သည့်နည်းလမ်းများ ကြားဖူးပါသလဲ ၊ အခြားသိရှိထား သောနည်းလမ်းများ ရှိပါသလား ဟုမေးပါ။ ထို့နောက် Flip chart ၏ နံပါတ် ၁ နေရာတွင် Dear doctor letters နှင့် နံပါတ် ၂ နေရာတွင် stepping stones ဟုချရေးပါ။ အခြားတုံ့ပြန်ချက်များကို ချရေးပါ။ ထို့နောက်အောက်တွင် အခြားနည်းလမ်းများကို ထပ်မံဖြည့်စွက်ရေးရန် ရှိသေးသောကြောင့် ထိုဖလစ်ချပ်ကို အများမြင်နိုင်သောနေရာတွင် ကပ်ထားပေးပါ။

၄။ ပါဝင်ဆွေးနွေးသူများအား ဆက်၍ဆွေးနွေးမည့် အကြောင်းအရာများထဲ၌ ထိုဖလစ်ချပ်တွင် ထပ်မံ ဖြည့်စွက်နိုင်သည့်အကြောင်းအရာများ ပါဝင်ပါက ထပ်မံဖြည့်နိုင်ကြောင်း ပြောပါ။ ပါဝင်ဆွေးနွေးသူများ သည် ယခုချိန်မှစ၍ လုပ်ငန်းစဉ်အများအပြားကို လေ့ကျင့်ကြရမည် ဖြစ်ကြောင်းပြောပါ။ ပါဝင်ဆွေးနွေးသူများအား ထိုလုပ်ငန်းစဉ်များတွင် အသုံးပြုသည့်နည်းလမ်းတစ်ခုချင်းစီကို အာရုံစိုက်ရန်ပြောပါ။

**လက်ဆေးခြင်းနှင့် ပတ်သက်သည့် ဖြစ်ရပ်မှန်ဇာတ်လမ်း- အုပ်စုဖွဲ့လုပ်ဆောင်ခြင်း နှင့် ပံ့ပိုးသူနှင့် ပါဝင်သူများ အပြန်အလှန်ဆွေးနွေးခြင်း (၅၀ မိနစ် - အုပ်စုဖွဲ့လုပ်ဆောင်ခြင်းအတွက် မိနစ် ၃၀ အပြန်အလှန်ဆွေးနွေးခြင်း အတွက် မိနစ် ၂၀)**

၁။ ယခုတက်ရောက်လာသူများအထဲတွင် ရေ ၊ သန့်ရှင်းမှုနှင့်ပတ်သက်သော သုတေသန လေ့လာဆန်းစစ်မှုကို ပြုလုပ်ဖူးသူများ ပါဝင်ပါသလား ဟုမေးမြန်းပါ။ အကယ်၍ အချို့ဆွေးနွေးသူများ ပါဝင်ဖူးခဲ့လျှင် နောက်ပြုလုပ် မည့်လုပ်ငန်းစဉ်တွင် တတ်ကျွမ်းသူများအဖြစ်ပါဝင် ပေးရန်ပြောပါ။ (အကယ်၍ တစ်ယောက်မျှမပြုလုပ်ခဲ့ဖူး လျှင်လည်း ကိစ္စမရှိပါ။ အဘယ်ကြောင့်ဆိုသော် ပါဝင်ဆွေးနွေးသူများအားလုံးသည် အကြောင်းအရာ အသစ်များကို သင်ယူရရှိကြမည် ဖြစ်သည်။)

၂။ လက်ကမ်းစာစောင် ၄က နှင့် ၄ခ ကိုဝေပေးပါ။

၃။ ပါဝင်ဆွေးနွေးသူများသည် ဖြစ်ရပ်မှန်ဇာတ်လမ်းအားဖတ်ရှုအပြီးတွင် ၎င်းတို့၏သက်ဆိုင်ရာ အဖွဲ့များနှင့် မေးထားသောမေးခွန်းများကို အုပ်စုဖွဲ့ဆွေးနွေးအဖြေရှာရန် အချိန် မိနစ် ၃၀ ရကြောင်းပြောပါ။

**အထုပ်ဖြည်လေ့လာခြင်းလုပ်ငန်းစဉ်အတွက် အဖြေများ နှင့် မှတ်ချက်များ**

၁။ အဖြေများက အငြင်းပွားဖွယ်ရာမရှိပဲ အလွန်ရှင်းလင်းသောကြောင့် ပါဝင်ဆွေးနွေးသူများသည် သဘောမတူ သောအကြောင်းအရာများ မရှိနိုင်ပါ။

၂။ ပါဝင်ဆွေးနွေးသူများအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် လက်ဆေးခြင်းသည် အာဟာရ ဖွံ့ဖြိုးရေးအတွက် အလွန်အရေးကြီးကြောင်း သုတေသနဆန်းစစ်မှုတစ်ခုကို လေ့လာခဲ့ကြရပြီး ဖြစ်သည်။

၃။ ဤသင်ခန်းစာကို ရေနှင့်သန့်ရှင်းမှု (သို့) အာဟာရ စီမံချက်လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းတစ်ဦးချင်းစီ /အုပ်စုများအတွက် ထိုစီမံချက်များကို မည်သို့မြှင့်တင်နိုင်ကြောင်း သင်ကြားပေးရာတွင် အသုံးပြုနိုင်သည်။

၄။ ရေနင့်သန့်ရှင်းမှု (သို့) အာဟာရ စီမံချက်လုပ်ကိုင်လျက်ရှိသောဆရာ ၊ ဆရာမများအား ၄င်းတို့၏ စီမံချက်များအကြောင်းကို မေး၍ဖလစ်ချပ်တွင် ချရေးထားပြီး ယခုသင်ခန်းစာမှ ၄င်းတို့၏စီမံချက်များ မည်သို့တိုးတက်ကောင်းမွန်အောင် ပြုလုပ်နိုင်ကြောင်း ပြောပြပါ။

၅။ ဖြစ်ရပ်မှန်ဇာတ်လမ်းသည် ပါဝင်ဆွေးနွေးသူများအချင်းချင်း ပူးပေါင်းလုပ်ဆောင်နိုင်စေပြီး ဇာတ်လမ်း အကြောင်းအရာများသည်လည်း တိကျခိုင်မာသောကြောင့် ပို၍မှတ်မိလွယ်စေပြီး ကောင်းမွန်ပါသည်။

၆။ **ပြောပြရန် အရေးကြီးသောအချက်** - ပံ့ပိုးကူညီသူအနေနှင့် ဂရုစိုက်ပြောပြရမည့် အရေးကြီးသောအချက် ၂ ချက်မှာ မတူညီသော ဖြစ်ရပ်မှန်ဇာတ်လမ်း အမျိုးအစားများ ရှိနိုင်ကြောင်း ၊ အချို့ဖြစ်ရပ်မှန်ဇာတ်လမ်းများမှာ သတင်းအချက်အလက်ကိုပေးရန် ရည်ရွယ်သော ဖြစ်ရပ်မှန်ဇာတ်လမ်းများဖြစ်ပြီး အချို့မှာဆွေးနွေးမှုကိုဖြစ်ပေါ် စေသော ဖြစ်ရပ်မှန်ဇာတ်လမ်းများ ဖြစ်သည်။ ဥပမာ - မနေ့ကဆွေးနွေးခဲ့သော "ရွာကလေးရဲ့ကျန်းမာရေး" ဖြစ်ရပ်မှန် ဇာတ်လမ်းသည် ဆွေးနွေးမှုကိုဖြစ်ပေါ်စေသော ဇာတ်လမ်းဖြစ်ကြောင်း ပြောပါ။

၇။ ထို့နောက် လက်ဆေးခြင်းနင့်အာဟာရ၏အရေးကြီးပုံကို အသစ်သင်ယူရရှိခဲ့သည့် ပါဝင်ဆွေးနွေးသူတစ်ဦး ဦး ရှိပါသလား ဟုမေးပါ။ အကယ်၍ရှိပါက **Participatory Ways to Give Information** (အားလုံးပူးပေါင်း ပါဝင်ဆွေးနွေးနိုင်သော နည်းလမ်းများကို အသုံးပြု၍ သတင်းအချက်အလက်များပေးနိုင်သည့်နည်းလမ်းများ) ရေးထားသော flip chart တွင် case study ကို ထည့်ချင်ပါသလား ဟုမေးပါ။ ထည့်ပြီးသောအခါ case study ၏ဘေးတွင် (သတင်းအချက်အလက်များပေးရန်) ဟုရေးပါ။

၈။ နောက်ဆုံးတွင် ပါဝင်ဆွေးနွေးသူများအား လက်ဆေးခြင်းအသိပညာနှင့် ပတ်သက်သောမေးခွန်း တစ်ခု မေးမည်။ "ကလေးအား အာဟာရပြည့်သည့်အစားအစာများကို မှန်ကန်သော ပမာဏကျွေးခြင်းတစ်ခုတည်းဖြင့် အာဟာရချို့တဲ့ခြင်းကို ကာကွယ်နိုင်ပါသလား" ဟုမေးပါ။ (အဖြေမှာ - မကာကွယ်နိုင်ပါ။ အကြောင်းမှာ ထိုကလေးသည် ကူးစက်ရောဂါများ မကြာခဏခံစားရနိုင်ခြင်းကြောင့် ဖြစ်သည်။)

**သတင်းအချက်အလက်ပေးသောရုပ်ပုံများ- မိခင်နို့တိုက်ကျွေးရာတွင် ထိကပ်မှုအကြောင်း (၂ ယောက်တစ်တွဲ ဆွေးနွေးခြင်း နှင့် ပံ့ပိုးသူနှင့်ပါဝင်သူများ အပြန်အလှန်ဆွေးနွေးခြင်း) (၂၀ မိနစ်)**

၁။ ယခုအဆင့်တွင် သတင်းအချက်အလက်များပေးနိုင်သည့် အခြားနည်းလမ်းတစ်ခုကို ဆွေးနွေးမည် ဖြစ်ကြောင်း ပြောပါ။ မိခင်နို့တိုက်ရာတွင် ထိကပ်မှုပြရုပ်ပုံ လက်ကမ်းစာစောင် ၃ က နှင့် ၃ ခ ကိုဝေပါ။

၂။ ပုံမှာ ဘာတွေတွေ့ရသလဲ ဟုမေးပါ။ (နို့တိုက်ရာတွင် ထိကပ်မှုကောင်းသောပုံနှင့် ထိကပ်မှုမကောင်း သောပုံ)

၃။ ထိုပုံများကို မိခင်နို့တိုက်ကျွေးခြင်းအကြောင်းကို ဆွေးနွေးရာတွင် အသုံးပြုကြောင်းပြောပါ။

၄။ ပါဝင်ဆွေးနွေးသူများအား ၂ ယောက်တစ်တွဲဆွေးနွေးရမည်ဖြစ်ကြောင်း ပြောပါ။ လက်ကမ်းစာစောင် ၃ က နှင့် ၃ ခ ကိုကြည့်ရှု၍ ကလေးငယ်အား မိခင်နို့တိုက်ရာတွင် ထိကပ်မှုမှန်ကန်ခြင်း၏ လက္ခဏာရပ်များကို ၂ ယောက်တစ်တွဲ ဆွေးနွေးကြရမည်ဖြစ်ကြောင်း ၊ အချိန် ၁၀ မိနစ်ရမည်ဖြစ်ကြောင်း ပြောပါ။

၅။ အချိန်စေ့လျှင် ဆွေးနွေးထားသောအချက်များအား ပံ့ပိုးသူက မေးမြန်း၍လိုအပ်ပါက မှန်ကန်သော အချက်များ ပြောထွက်လာစေရန် ပံ့ပိုးကူညီပါ။

၆။ ကလေးငယ်အား မိခင်နို့တိုက်ရာတွင် အောက်ပါအချက်များပါဝင်လျှင် ထိကပ်မှုမှန်ကန်သည်။

(က) နို့တိုက်ကျွေးခြင်းသည်နာကျင်မှုမရှိပဲ သက်တောင့်သက်သာဖြစ်နေရမည်။

(ခ) ကလေးသည် မိခင်၏နို့သီးခေါင်းတစ်ခုလုံးအပြင် မိခင်နို့အမည်းကွင်း၏အောက်ဖက်ကို ပို၍ငုံမိ နေရမည်။

(ဂ) ကလေး၏မေးစေ့သည် မိခင်၏သားမြတ်နှင့် ထိကပ်နေရမည်။
(ဃ) ကလေး၏နှုတ်ခမ်းသည် အပြင်ဘက်သို့လန်နေရမည်။
(င) မိခင်၏သားမြတ်သည်ပုံမှန်အတိုင်းကောင်းမွန်စွာရှိနေပြီး ထိခိုက်နာကျင်သောလက္ခဏာများ မရှိရပါ။
(စ) ကလေးသည် မိခင်နို့ကိုကောင်းစွာရရှိသည့်အတွက် မိခင်နို့တိုက်ပြီးချိန်တွင် နို့တင်းခြင်း မဖြစ်တော့ပါ။

၇။ သင်ခန်းစာအဆုံးတွင် ပါဝင်ဆွေးနွေးသူများအား မည်သည့်အကြောင်းအရာများ အသစ်သင်ယူရရှိခဲ့ပါသလဲ ဟုမေးပါ။ (ပါဝင်ဆွေးနွေးသူများသည် မိခင်နို့တိုက်ကျွေးခြင်းအကြောင်း ကောင်းစွာ နားလည်သူများ ဖြစ်နေလျှင်လည်း ယခုမေးခွန်းကို မိခင်နို့တိုက်ကျွေးခြင်းနှင့် ပတ်သက်၍ အနည်းငယ်သော (သို့) လုံးဝမသိနားမလည်သူဟု မိမိဘာသာခံယူ၍ စဉ်းစားရန် လိုအပ်ကြောင်း ပြောပါ။) Participatory Ways to Give Information (အားလုံးပူးပေါင်းပါဝင် ဆွေးနွေးနိုင်သော နည်းလမ်းများကို အသုံးပြု၍ သတင်းအချက်အလက်များ ပေးနိုင်သည့် နည်းလမ်းများ) ရေးထားသော flip chart တွင် Pictures ကိုထည့်၍ရပါသလား ဟုမေးပါ။ မည်သည့်အတွက်ကြောင့် ထည့်၍ရကြောင်း ပါဝင်ဆွေးနွေးသူများ၏အမြင်ကိုမေးပါ။
၈။ အားလုံးသဘောတူပါက Pictures ကို Participatory Ways to Give Information (အများပါဝင်ဆွေးနွေးနိုင်သော နည်းလမ်းများကို အသုံးပြု၍ သတင်းအချက်အလက်များပေးနိုင်သည့် နည်းလမ်းများ) ရေးထားသော flip chart တွင်ထည့်သွင်းပါ။
၉။ နောက်ဆုံးတွင် သင်ခန်းစာတစ်ခုလုံးကို အထုပ်ဖြည်ရှင်းလင်းခြင်း ပြုလုပ်ပါ။ ယခုသင်ခန်းစာနဲ့ ပတ်သက် ပြီး မေးချင်တာမေးလို့ရပါတယ်။ ဆွေးနွေးချင်တာ ဆွေးနွေးလို့ရပါတယ်။ မေးလာသော မေးခွန်းများ ရှိပါက ပြန်လည်ဖြေရှင်းပါ။ အကယ်၍ အချိန်မရှိတော့ပါက comment board ပေါ်တင်ထားပြီး နောက်ပိုင်းတွင် ပြန်လည်ရှင်းလင်းပေးမည်ဟု ပြောကြားပြီး ကျေးဇူးတင်စကားပြောကာ သင်ခန်းစာကို နိဂုံးချုပ်ပါ။

## နေ့လည်စာထမင်းစားနားချိန် ( ၁ နာရီ)

## သင်ခန်းစာ ၃ - ရုပ်ပုံသင်္ကေတ (ရုပ်ပုံများအား အသုံးပြု၍ ပံ့ပိုးကူညီခြင်း)

### သင်ခန်းစာအကျဉ်းချုပ်

ယခုသင်ခန်းစာကို အားသစ်လောင်းကစားနည်းဖြင့် စတင်ပါ။ ထို့နောက် ရုပ်ပုံအမျိုးအစား ၂ မျိုး (တိုက်ရိုက်သင်ကြားပို့ချရာတွင် အသုံးပြုသော ပုံနှင့် ဆွေးနွေးမှုကို ဖြစ်ပေါ်စေသောပုံ) ဖြင့်ဆွေးနွေးလေ့ရှိသည်။ ဆွေးနွေးမှုကို ဖြစ်ပေါ်စေသောပုံကို ရုပ်ပုံ သင်္ကေတ Picture codes ဟုခေါ်သည်။ ရပ်ရွာလူထုအတွင်း ကြုံတွေ့ရသည့် ပြဿနာများကို ဆွေးနွေးအဖြေရှာရာတွင် အသုံးပြုနိုင်သည်။ ရုပ်ပုံသင်္ကေတနှင့် မေးရမည့် မေးခွန်းများကို ယခုလုပ်ငန်းစဉ်တွင် သရုပ်ပြဆွေးနွေးလေ့ရှိသည်။ နောက်လာမည့်သင်ခန်းစာတွင် ပံ့ပိုးသူမှ

ရုပ်ပုံသင်္ကေတ ၃ ခုကို မတူညီသောပုံစံများ ( ပွဲပိုးသူမှလွှမ်းမိုး သော ပုံစံ၊ ပွဲပိုးသူမှ ပါဝင်သူများ၏ တဖက်သတ် လွှမ်းမိုးပြောဆိုမှုကို ခံရသောပုံစံ၊ ပွဲပိုးမှုကောင်းမွန်သောပုံစံ) ဖြင့် ပြသမည်ဖြစ်ပြီး နောက်ပိုင်းတွင် ထိုအကြောင်းအရာများကို အသေးစိတ်ရေးသားထားသည်။ ထို့နောက် လုပ်ငန်းစဉ်များကို အနှစ်ချုပ်၍ အဆုံးသတ်ပါ။

**မှတ်ချက်** - ယခင် သင်ခန်းစာများတွင်လည်း ရုပ်ပုံသင်္ကေတများကို အသုံးပြုခဲ့ပြီးဖြစ်သည်။ သို့သော် ယခုသင်ခန်းစာ၏ ရည်ရွယ်ချက်မှာ "ရုပ်ပုံသင်္ကေတ ဆိုသည်မှာ ဘာလဲ၊ ရုပ်ပုံသင်္ကေတများကို မည်သို့အသုံးပြုနိုင်သလဲ" ဟူသောနည်းလမ်းများကို ခွဲခြားသိရှိနိုင်စေရန်ဖြစ်သည်။

**ကြာချိန်** - ၁ နာရီ ၄၅ မိနစ်

## ရည်ရွယ်ချက်

- → ရုပ်ပုံသင်္ကေတကို မည်သို့ အသုံးပြုနိုင်ကြောင်းသိစေရန်။
- → ရုပ်ပုံသင်္ကေတကိုအသုံးပြု၍ ဆွေးနွေးခြင်းကိုကိုယ်တိုင် လက်တွေ့လေ့ကျင့်နိုင်စေရန်။

## သင်ထောက်ကူပစ္စည်းများ

- → အောက်ပါရုပ်ပုံများကို -
  က. အာဟာရနှင့်ပတ်သက်သောရုပ်ပုံများ (ကလေး၊ လူကြီးအတွက် မျှတသော ထမင်းပန်းကန်၊အာဟာရချို့တဲ့နေသော ကလေးပုံ)
  ခ. သစ်တောပြုန်းနေပုံ (သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းမပြုမီ နှင့် ပြုပြီးပုံ)
  ဂ. အိမ်တွင်းအကြမ်းဖက်နေသောပုံ
  ဃ.ပတ်ဝန်းကျင်သန့်ရှင်းမှုပြရုပ်ပုံ(ညစ်ပတ်သောပုံနှင့် သန့်ရှင်းသောပုံ)
  ပါဝင်ဆွေးနွေးသူများ အယောက်တိုင်းအတွက် မိတ္တူကူးထားပါ။
- → လက်ကမ်းစာစောင် ၁၀ ကိုလည်း မိတ္တူကူးထားပါ။
- → စာရွက်ကြီး၊ marker pen

## ပွဲပိုးသူ ကြိုတင်ပြင်ဆင်ရန်

၁။ သင်ခန်းစာ အစမှာ ရှင်းပြခဲ့သကဲ့သို့ ရုပ်ပုံများကို အသုံးပြုပြီး ရုပ်ပုံသင်္ကေတ လေ့ကျင့်ခန်းနှင့် ပတ်သက်ပြီး မည်သို့တင်ဆက်မလဲဆိုသည်ကို လေ့လာထားပါ။
၂။ သင်ခန်းစာကိုဖတ်ပြီးနောက် သစ်တောပြုန်းတီးမှုပုံ နှင့် ပတ်သက်ပြီး ထိုပြဿနာ၏ အကြောင်းအရင်း နှင့် ဖြေရှင်းနိုင်ပုံကို စိတ်ကူးပုံဖော်ပါ။
၃။ အသုံးပြုတင်ဆက်မည့် တင်ပြဆွေးနွေးပုံ ၃ မျိုး ( ပွဲပိုးသူမှလွှမ်းမိုး သော ပုံစံ၊ ပွဲပိုးသူမှ ပါဝင်သူများ၏ တစ်ဖက်သတ် လွှမ်းမိုးပြောဆိုမှုကို ခံရသော ပုံစံ၊ ပွဲပိုးမှုကောင်းမွန်သော ပုံစံ)ကို လက်တွေ့လေ့ကျင့်ပါ။

၄။ အောက်ပါအချက်များကို Flip Chart တွင် ကြိုတင်ရေးထားပါ။

**"ဒါပေမယ့်၊ ဘာကြောင့်လဲ"**

ကလေးခြေထောက်မှာ အနာဖြစ်နေတယ်။

→ ဒါပေမယ့် ဘာကြောင့်လဲ။

သူက ဆူးကိုတက်နင်းမိတာကိုး။

→ ဒါပေမယ့် ဘာကြောင့်လဲ။

သူ့မှာ ဖိနပ်မှ မရှိတာကိုး။

→ ဒါပေမယ့် ဘာကြောင့်သူ့မှာ ဖိနပ်မရှိရတာလဲ။

သူ့အဖေကမှ ဝယ်မပေးနိုင်တာကိုး။

→ ဘာကြောင့်သူ့ အဖေက မဝယ်ပေးနိုင်ရတာလဲ။

သူ့အဖေက လုပ်အားခအရမ်းနည်းတဲ့ လယ်သမားလေ။

→ ဘာကြောင့်သူ့ အဖေ ရဲ့လုပ်အားခက အရမ်းနည်းတာလဲ။

လယ်သမားတွေအတွက် လယ်သမားအစည်းအရုံးမှ မရှိတာကိုး။

**လုပ်ငန်းစဉ်များ**

**Musical Chairs** - အားသစ်လောင်းကစားနည်း (၂၀ မိနစ်)

၁။ ဆွေးနွေးပွဲအခန်း၏အလယ်တွင် ထိုင်ခုံများကို နောက်ကျောခြင်းကပ်၍ စက်ဝိုင်းပုံစံနေရာချပါ။ ထိုင်ခုံတစ်ခုံကို အပြင်ထုတ်ထားပါ။ ပါဝင်သူလူဦးရေထက် ထိုင်ခုံတစ်ခုံလျှော့ထားပါ။

၂။ ပါဝင်သူများကို သီချင်းဖွင့်ထားမည်ဖြစ်ကြောင်း။ သီချင်းဖွင့်ထားချိန်တွင်စက်ဝိုင်းပုံချထားသော ထိုင်ခုံများကို ပတ်၍လမ်းလျှောက်နေရမည် ဖြစ်ကြောင်း၊ ထိုင်ခုံများကို မကိုင်ရ၊ ထိုင်ခုံနှင့် နီးနီးမလျှောက်ရ၊ သီချင်းရပ်သွားချိန်တွင် ကိုယ့်အနီးရှိ ထိုင်ခုံတစ်ခုံတွင် မြန်မြန်ဆန်ဆန် ဝင်ထိုင်ရမည် ဖြစ်ကြောင်း၊ ထိုင်ခုံမရပဲ ကျန်ခဲ့သော ပါဝင်သူသည် ကစားပွဲမှ နှုတ်ထွက်ရမည် ဖြစ်ကြောင်း ပြောပါ။

၄။ သီချင်းစဖွင့်ပါ။ ထို့နောက် သီချင်းကို ရုတ်တရက် ရပ်လိုက်ပါ။ ထိုင်ခုံမရသော သူတစ်ယောက်ကို နှုတ်ထွက်စေပါ။ ထို့နောက်ထိုင်ခုံတစ်လုံးကို ထပ်မံဖယ်ရှားပါ။ ထိုနည်းအတိုင်း ကြိမ်ဖန်များစွာ ဆက်ကစားပါ။ သီချင်းကို တစ်ခါတစ်ခါ မြန်မြန်ရပ်ပါ။ တစ်ခါတစ်ခါ နည်းနည်းကြာကြာ ဖွင့်ထားပါ။

၅။ ကစားပွဲကို ထိုင်ခုံ တစ်လုံး နှင့် လူနှစ်ယောက်ကျန်သည်အထိ ကစားပါ။ နောက်ဆုံး အနိုင်ရသူအား လက်ခုပ်တီး၍ ဂုဏ်ပြုချီးမြှင့်ပါ။

၆။ ကစားပွဲတွင် ပါဝင်ကစားသူတိုင်းအား ကျေးဇူးတင်စကားပြောပါ။

**ရုပ်ပုံအမျိုးအစား နှစ်မျိုး - သတင်းအချက်အလက်များ ထည့်သွင်းခြင်းနှင့် နှင့် ပံ့ပိုးသူနှင့် ပါဝင်သူများ အပြန်အလှန်ဆွေးနွေးခြင်း (၂၀ မိနစ်)**

၁။ ယခု ဆွေးနွေးပွဲ ၃ ရက်တွင် မည်ကဲ့သို့သော ရုပ်ပုံများကို အသုံးပြုခဲ့ပါသလဲ။ မှတ်မိကြပါသလား ဟုမေးပါ။ ပထမနေ့မှ ယနေ့အထိ အသုံးပြုခဲ့သော ရုပ်ပုံများကို ပြန်ပြောစေပါ။ (Petrol-pump education; talking head; effective and ineffective facilitation; Breastfeeding Good / poor attachment) မိမိရပ်ရွာ လူထုနှင့်

အလုပ်လုပ်သည့်အခါ ရုပ်ပုံများကို အသုံးပြုခဲ့ဖူးပါသလား၊ အသုံးပြုခဲ့ဖူးလျှင် မည်ကဲ့သို့သော ရုပ်ပုံများကို အသုံးပြုခဲ့ပြီး မည်ကဲ့သို့ဆွေးနွေးခဲ့ပါသနည်း၊ ရုပ်ပုံများကို အသုံးပြုပြီး မည်သို့တင်ပြဆွေးနွေးနိုင်မည် ဆိုသည်ကို ဤသင်ခန်းစာတွင် လေ့လာကြမည် ဟုပြောပါ။

၂။ ယခုဆွေးနွေးပွဲ၏ အစောပိုင်းရက်များတွင် ရုပ်ပုံသင်္ကေတများကို အသုံးပြုခဲ့ပြီးသော်လည်း ယခုသင်ခန်းစာ သည် သိပြီးသားအကြောင်းအရာများကို ထပ်ခါထပ်ခါ ပြောနေခြင်းမဟုတ်ပါ။ ယခု သင်ခန်းစာတွင် Picture Code ဆိုသည်မှာ အဘယ်နည်း။ (ရုပ်ပုံတိုင်းသည် Picture Code မဟုတ်ပါ) Picture Code တစ်ခုဖြစ်ရန် မည်သည့်အချက်များ လိုအပ်မလဲဆိုသည်များကို ဆက်လေ့လာကြမည် ဟုပြောပါ။

၃။ ပထမဆုံးအနေဖြင့် မျှတသော ထမင်းပန်းကန်ပုံကို ပါဝင်သူအယောက်ဆီတိုင်းထံ ဝေငှပါ။ "ဒီပုံမှာ ဘာတွေရလဲ၊ ဒီပုံက ဘာကိုပြောချင်တာလဲဆိုတာ" ဟုမေးပါ။ တုံ့ပြန်မှုများအား နားထောင်ပါ။ ဤပုံကို ကြည့်ခြင်းအားဖြင့် မျှတအောင် မည်သို့စားသောက်ရမလဲ ဆိုသော သတင်းအချက်အလက်ကို ပေးပါသလား ဟုမေးပါ။ ("ဒီပုံက သိပ်ပြီးစဉ်းစားနေစရာမလိုဘူး ကြည့်လိုက်တာနဲ့ မျှတသော အစာတစ်နပ်ဖြစ်အောင်ဒီလိုစားပါ ဆိုတဲ့ သတင်းအချက်အလက်ကို ပေးတာဖြစ်တဲ့အတွက် ဒီလိုပုံမျိုးကို Top-Down Teaching Picture လို့ခေါ်တယ်။ နောက်ပြီး lecture ပေးတာနဲ့တူတယ်။ ဘာနဲ့တူသလဲဆိုရင် Petrol-pump education ပုံလိုမျိုး ခေါင်းထဲကို ဆီဖြည့်နေတာနဲ့တူတယ်" ဟုရှင်းပြပါ။)

၄။ နောက်တစ်ပုံ- အာဟာရချို့တဲ့နေသော ကလေးပုံ ဝေပေးပါ။ "ဒီပုံမှာ ဘာတွေရလဲ။ ဒီပုံက ဘာကို ပြောချင်တာလဲ။ ဒီပုံကနေ ဘာတွေရလဲ" ဟုမေးပါ။ တုံ့ပြန်မှုများအား နားထောင်ပါ။ "နောက်ထပ် နောက်ထပ် ရော" ဟုဆိုပြီး ဆက်မေးပါ။ "ဘာကြောင့်ဒီလိုဖြစ်ရတာလဲ" ဟုမေးပါ။ "ဘာကြောင့်လဲ။ ဘာလို့လဲ" ဟု ဆက်မေးပါ။ ပါဝင်သူများ၏ တုံ့ပြန်ပြော ဆိုမှုများကို "ဘာကြောင့်လဲ။ ဘာလို့လဲ" ဟုဆက်ဆက်မေးပါ။ ပါဝင်သူများအား ထိုကလေးမျိုးကို ၎င်းတို့နေထိုင်ရာ ဒေသ၊ အလုပ်လုပ်သည့် ရပ်ရွာဒေသများတွင် တွေ့ဖူးပါသလား ဟုမေးပါ။ မတွေ့ဖူးပါ ဟု တုန့်ပြန်ပါက "ဒီလောက် အနေအထား မဟုတ်တောင် အလားသဏ္ဍာန်တူ အာဟာရချို့တဲ့နေတဲ့ ကလေးမျိုးကော တွေ့ဖူးပါသလား" ဟု ဆက်လက်မေးမြန်းပါ။ တွေ့ဖူးသည်ဟု ဆိုပါက ဘာကြောင့် ထိုကလေး အာဟာရချို့တဲ့ရသည်ဟု ထင်ပါသလဲ ဟုဆက်မေးပါ။ တုန့်ပြန်ချက် တစ်ချက်ချင်းစီအပေါ် "ဘာကြောင့်လဲ၊ဘာကြောင့်လဲ" ဟုဆက်ဆက်မေးပါ။ "ဘယ်လို ပြဿနာမျိုးကို ဖြစ်စေလဲ။ ဖွံ့ဖြိုးရေးလုပ်သားတစ်ယောက်အနေနဲ့ ဘာတွေလုပ်ပေးလို့ရနိုင်သလဲ" ဟုမေးပါ။

၅။ ပထမပုံ နှင့် ဒုတိယပုံကွာခြားချက်ကို မေးပါ။ (ဒုတိယပုံသည် ဆွေးနွေးမှု များစွာဖြစ်ပေါ်စေသည်။) ပုံရဲ့နောက်ကွယ်တွင် ဖြစ်နေသော အကြောင်းအရာများကို သိနိုင်ပါသလား ဟုမေးပါ။ ထိုအကြောင်းအရာ များကို ပုံထဲမှာဖော်ပြထားပါသလား။ ဤပုံ၏နောက်ကွယ်က အကြောင်းအရာများ ထွက်လာအောင် ပံ့ပိုးသူက မည်သို့ ဖော်ထုတ်သွားသလဲ ဟုမေးပါ။ "မေးခွန်းတွေမေးသွားတယ်" ဟု အဖြေပေးပါက ပံ့ပိုးသူက မည်သည့် မေးခွန်းများ အသုံးပြုပြီး မေးသွားသလဲ ဟု ဆက်မေးပါ။

အောက်ပါ အချက်များကို Flipchart စာရွက်ကြီးတွင်ကြိုရေးထားပါ။

- က. ဒီပုံမှာ ဘာတွေဖြစ်နေလဲ။ဘာတွေရလဲ။
- ခ. ဒီလိုမျိုးဘာကြောင့်ဖြစ်ရတာလဲ။
- ဂ. ဒီလိုကလေးမျိုးကို ကိုယ်နေထိုင်ရာ ဒေသမှာ၊ အလုပ်လုပ်တဲ့ ရပ်ရွာမှာ တွေ့ဖူးပါသလား။
- ဃ. ဘယ်လို ပြဿနာမျိုးကို ဖြစ်စေလဲ။
- င. ဒီပြဿနာရဲ့ အခြေခံ အကြောင်းအရင်းကဘာလဲ။
- စ. ဘာကြောင့်လဲ။ ဘာကြောင့်လဲ။

ဆ. ဖွံ့ဖြိုးရေးလုပ်သားတစ်ယောက်အနေနဲ့ ဘာတွေလုပ်ပေးလို့ရနိုင်သလဲ။

၆။ ဆွေးနွေးမှုကို အချိန် မကြာပါစေနဲ့။ ဖြစ်နိုင်လျှင် အတွေးအမြင်များများ ထွက်ပေါ်လာစေရန် ပံ့ပိုးကူညီပေးပါ။
၇။ အတွေးအမြင်များများ ထွက်ပေါ်လာပြီ ဆိုရင် မည်သည့် ကောက်ချက်မျှ မချပါနဲ့။ ပါဝင်သူများအား ပါဝင်ဆွေးနွေးသူ တစ်ယောက်နေရာမှ မဟုတ်ပဲ ပံ့ပိုးကူညီသူတစ်ယောက် နေရာမှ ပြောင်းပြီး စဉ်းစားကြည့်ရန် ပြောပါ။
၈။ ဆွေးနွေးမှု၏ အဓိကလိုအပ်ချက်မှာ ပံ့ပိုးသူ မေးလိုက်သော မေးခွန်းများ ဖြစ်ကြောင်း ထောက်ပြပါ။ ပထမပုံ နှင့် ဒုတိယပုံတွင် မည်သည့်ပုံသည် Picture code ဖြစ်သည်ဟု ထင်ပါသလဲ ဟုမေးပါ။ Picture code တစ်ခု ဖြစ်ရန်အတွက် အထက်ပါ စံသတ်မှတ်ချက် မေးခွန်းများဖြင့် မေးမြန်းကာ သတင်းအချက်အလက်ကို ဖော်ထုတ်ရမည် ဖြစ်ကြောင်းပြောပါ။ Picture code တစ်ခုဖြစ်ရန် ဆွေးနွေးမှု ရှိရမည်။ ပြဿနာ၏ အရင်းအမြစ်ကို ဖော်ထုတ် နိုင်ရမည်။ ပြဿနာကို ဖြေရှင်းနိုင်မည့် အဖြေထွက်ရမည်။ ပါဝင်သူများ flip chart ပေါ်တွင် ရေးထားသော အထက်ပါမေးခွန်းများကို လိုက်လံကူးနေပါက လိုက်လံရေးမှတ်ရန် မလိုကြောင်း နောက်တွင် လက်ကမ်းစာစောင် ဝေမည်ဖြစ်ကြောင်းပြောပါ။
၉။ ပါဝင်သူများအား ပံ့ပိုးသူမေးလိုက်သော မေးခွန်းများ နှင့်ပတ်သက်သည့် အဖြေအားလုံး (သို့) ရုပ်ပုံထဲတွင်တွေ့ရသော ပြဿနာများအတွက်အဖြေများသည် ပံ့ပိုးသူတွင်ရှိမည် ထင်ပါသလားဟု မေးပါ။
၁၀။ ပံ့ပိုးကူညီသူတစ်ယောက်သည် ပါဝင်သူများ၏ ရပ်ရွာလူထုနှင့် ပတ်သက်သည့် အခြေအနေ အရာအားလုံးကိုသိနေစရာမလိုကြောင်း ထောက်ပြပါ။ ပံ့ပိုးကူညီသူတစ်ယောက်က ပါဝင်သူများ ကိုယ်တိုင် ၎င်းတို့၏ ပြဿနာ အရင်းအမြစ်ကို ခွဲခြားသိမြင်စေရန် လမ်းညွှန် မေးခွန်းများမေးပြီး ဖြစ်နိုင်ချေရှိသော ဖြေရှင်းနိုင်မည့် နည်းလမ်းများထွက်ပေါ်လာစေရန် ပံ့ပိုးကူညီနိုင်သည်။
၁၁။ လက်ကမ်းစာစောင် ၆ ကို ဝေပါ။ picture codes ရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဖတ်စေပါ။
၁၂။ ဘာကြောင့်လဲ၊ ဘာကြောင့်လဲ ဆိုတဲ့မေးခွန်းကို ပံ့ပိုးကူညီသူက ဘာလို့ခဏခဏ မေးရ တယ်လို့ထင်လဲဟု ပါဝင်သူများအား မေးပါ။ ပြဿနာရဲ့ အရင်းအမြစ်ကို သိနိုင်ဖို့အတွက် ဘာကြောင့်လဲဆိုတဲ့ မေးခွန်းကို ထပ်ခါထပ်ခါမေးခြင်းဖြင့် သိနိုင်ကြောင်း ပြောပြပါ။
၁၃။ စေတနာ့ဝန်ထမ်း နှစ်ယောက်ကို ဖိတ်ခေါ်လိုက်ပါ။ **But Why?** နည်းလမ်း ရေးထားသော စာရွက်ကြီးကို ချိတ်ကာပြသထားပြီး စာကြောင်းများ တစ်ယောက်တစ်လှည့်ကိုဖတ်စေပါ။
၁၄။ မေးခွန်းရဲ့ အစကဘာအကြောင်းအရာနဲ့ စပြီး ဘာအကြောင်းအရာနဲ့ ဆုံးသွားလဲ ဟုမေးပါ။
ကလေးခြေထောက်မှာ အနာဖြစ်တာနဲ့ လယ်သမားအစည်းအရုံးမရှိတာ ဘာဆိုင်လဲ။ ဒီအတိုင်းကြည့်ရင်တော့ ဘာမှမဆိုင်ဘူး။ ဒါပေမယ့် ဘာ့ကြောင့်လဲ၊ ဒါပေမယ့် ဘာ့ကြောင့်လဲ။ ဆိုတဲ့မေးခွန်းကို သုံးပြီးမေးခြင်းဖြင့် ပြဿနာရဲ့ အရင်းအမြစ်ကို သိနိုင်ကြောင်းပြောပါ။

## ရုပ်ပုံများကို မည်ကဲ့သို့ အသုံးပြုနိုင်လဲ - လက်တွေ့သရုပ်ပြသခြင်း နှင့် ပံ့ပိုးသူနှင့် ပါဝင်သူများ အပြန်အလှန်ဆွေးနွေးခြင်း (၂၅ မိနစ်)

မှတ်ချက် - ဒီလုပ်ငန်းစဉ်တွင် မတူညီတဲ့နည်းလမ်း ၃ ခုဖြင့် ရုပ်ပုံသင်္ကေတ ၃ ခုကို လုပ်ဆောင်သွားမည်။ ပထမတစ်ပုံက အလွန်လွှမ်းမိုးသည့် အထက်စီးမှပြောဆိုသည့်ပုံစံ ၊ ဒုတိယပုံသည် ပံ့ပိုးသူမှ ပါဝင်သူများ၏

တစ်ဖက်သတ် လွှမ်းမိုးပြောဆိုမှုကို ခံရသော ပုံစံဖြစ်ပြီး တတိယပုံသည် picture code ဖြစ်သည်။ အောက်ပါရုပ်ပုံများကို အသုံးပြုပြီး ဆွေးနွေးမှု ပြုလုပ်ပါ။

သစ်တောပြုန်းတီးမှုပြ ရုပ်ပုံ - ဒီပုံကိုအသုံးပြု၍ပုံ အကြောင်းကို အလွန်ထူထပ်သော သစ်တောကြီး တစ်ခုကနေ လွင်တီးခေါင်ပြင် တစ်ခုဖြစ်သွားသော အကြောင်းအရာတစ်ခု သင်နစ်သက်သလို ဖန်တီး ပြောပြပါ။ (ဥပမာ- အရင်တုန်းက သစ်ပင်တွေနဲ့စိမ်းစိုနေတဲ့တောအုပ်ကြီး တစ်ခုရှိတယ်။ အဲ့ထဲကို မိသားစုအချို့ကပြောင်းရွှေ့လာကြတယ်။ အဲ့ဒီနေရာမှာ ရေမြေရာသီဥတု ကောင်းမွန်တဲ့အတွက် စိုက်ပျိုးရေးတွေ ကောင်းလို့ စီးပွားရေးတွေ ဖြစ်ထွန်းကြတယ်။ အဲ့လိုနဲ့ စီးပွားရေးတွေကောင်းမွန်တယ် ဆိုတဲ့ သတင်းကြားပြီး တခြားမိသားစုတွေ ပြောင်းရွှေ့နေထိုင်လာကြရင်းနဲ့ အချိန် အနည်းငယ်ကြာတဲ့အခါ အဲ့မှာ ရွာကြီး တစ်ရွာဖြစ်သွားတယ်။ လူတွေကလည်းများလာတာ ၊ မိသားစုတွေများလာတာနဲ့အမျှချက်ပြုတ်ဖို့ ထင်းတွေခုတ်ကြတယ်။ ဥယျာဉ်ခြံစိုက်ပျိုးဖို့အတွက် သစ်ပင်တွေကို ခုတ်ထွင်ရှင်းလင်းကြတယ်။ အဲ့တောအုပ်ကနေ သစ်ပင်တွေ တစ်ပင်ပြီးတစ်ပင် ခုတ်ခဲ့ကြတယ်။ အဲ့လိုနဲ့ သစ်ပင်တွေကို ပြန်စိုက်တာမျိုး မရှိပဲ ခုတ်လာလိုက်တာ သစ်တောက မြေဆီလွှာတွေ ပြုန်းလာတယ်။ ရေမြေရာသီဥတုတွေ မကောင်းတော့ဘူး ၊ စိုက်ပျိုးမြေတွေ မဖြစ်ထွန်းတော့ဘူး။ စိုက်ပျိုးမြေတွေ မဖြစ်ထွန်းတော့ စားဝတ်နေရေးအတွက် သစ်ပင်တွေကိုခုတ်ပြီး ရောင်းခဲ့ကြတယ်။ အကျိုးဆက်အနေနဲ့ အဲ့ဒီသစ်တောကြီးက သစ်ပင်တွေ နည်းသထက်နည်းနည်းလာပြီး နောက်ဆုံးမှာ လွင်တီးခေါင်ပြင်ကြီး ဖြစ်သွားတယ်။ နောက်ပိုင်းမှာတော့ မိသားစုတွေက အဲ့နေရာကိုစွန့်ခွါပြီး တခြားနေရာကို ပြောင်းရွှေ့နေထိုင်သွားကြတော့တယ်။ )

အိမ်တွင်းအကြမ်းဖက်မှုပြရုပ်ပုံ - ဒီပုံမှာ ဘာတွေဖြစ်နေလဲ။ ဘာကြောင့်ဖြစ်တာလဲလို့ထင်လဲ။ ဘယ်သူကမှားလဲ။ဘယ်လိုဖြေရှင်းလို့ရမယ်လို့ထင်လဲ ဟုမေးပါ။
ညစ်ပတ်သော ပတ်ဝန်းကျင် နှင့် သန့်ရှင်းသော ပတ်ဝန်းကျင်ပြရုပ်ပုံ -

ရုပ်ပုံ သင်္ကေတ ဆိုတာဘယ်လိုမျိုးလဲ၊ ဘယ်အချက်အလက်တွေ ပါရမလဲ ဆိုတာနဲ့ ပတ်သက်ပြီး အခု ဒီသင်ခန်းစာကနေ လေ့လာကြမယ်။

- အဖွဲ့ ၃ ဖွဲ့ခွဲပါ။ A B C ဖြင့်ခွဲပါ။
- အဖွဲ့ B, C မှလူများကို မိမိတို့ထိုင်ခုံတွေယူပြီး စက်ဝိုင်းခြမ်းပုံ ထိုင်ရန်ပြောပါ။ အဖွဲ့ A မှအဖွဲ့ ဝင်များကို စက်ဝိုင်းခြမ်းအပြင်တွင်ထိုင်စေပါ။ အဖွဲ့ A သည် observer များဖြစ်ကြောင်း၊ အဖွဲ့ B, C မှလူများသည် သင်၏ပရိသတ်များဖြစ်ကြောင်း ပြောပါ။ သင်နှင့် သင့်ပရိသတ် ( ပွဲပိုးသူနှင့် နားထောင်သူများအဖြစ်) တင်ဆက်ဆွေးနွေးပုံကို အဖွဲ့ A မှ ပါဝင်သူများစောင့်ကြည့်ရန်ပြောပါ။
- သစ်တောပြုန်းတီးမှုပြ ရုပ်ပုံကို A B C မှပါဝင်သူများအားလုံးကိုဝေငှပါ။ ဒီပုံမှာ ဘာတွေရလဲဆို သည့်မေးခွန်းဖြင့်စပါ။ ဒီပုံကိုအသုံးပြု၍ ပုံ အကြောင်းကို အလွန်ထူထပ်သော သစ်တောကြီး တစ်ခုကနေ လွင်တီးခေါင်ပြင် တစ်ခုဖြစ်သွားသော အကြောင်းအရာတစ်ခု သင်နစ်သက်သလို ဖန်တီးပြောဆိုပါ။ သို့သော် ပါဝင်သူများအားငင်းတို့၏အမြင်များအား အများကြီးပြောဖို့ခွင့် မပြု ပါနှင့်။ ပွဲပိုးသူ၏ တဖက်သတ်ပြောဆိုမှုများဖြင့် ဆွေးနွေးဝိုင်းကို လွှမ်းမိုးထားပါ။ အချိန်အများ ကြီးမယူပါနှင့်။
- ရုပ်ပုံကို ချလိုက်ပြီး ပါဝင်ဆွေးနွေးသူများအား ဆွေးနွေးမှုက တော့ဒီလောက်ပါဘဲ ဟုပြောပါ။ အဖွဲ့ A မှ observer များအားဒီဆွေးနွေးမှုနှင့်ပတ်သက်ပြီး ဘာမြင်လဲ ဆိုပြီးသူတို့ထင်မြင်ချက်

များအား မေးမြန်းပါ။ သင့်ပရိသတ်အား ၎င်းတို့ဘယ်လိုခံစားရကြောင်းမေးမြန်းပါ။ ဒီပုံက အလွန်လွှမ်းမိုးသည့် အထက်စီးမှပြောဆိုသည့်ပုံစံ bossy ဖြစ်ကြောင်းပြောပါ။ ဆွေးနွေးပွဲ တစ်ခုလုံးကို ပံ့ပိုးသူ၏အမြင်များဖြင့်သာ လွှမ်းမိုး ပြောဆိုပြီး ပါဝင်သူများအနေဖြင့် ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ပြောခွင့်မရခဲ့ပေ။

- ထို့နောက် အဖွဲ့ B နှင့် C ကိုချိန်းပါ။ အဖွဲ့ C အားအတွင်း သင့်ပရိသတ် နေရာဝင်ခိုင်းပြီး အဖွဲ့ B အား observer လုပ်စေပါ။ အိမ်တွင်းအကြမ်းဖက်မှုပြရုပ်ပုံကိုပြပြီး ဒီပုံမှာ ဘာတွေဖြစ်နေလဲ၊ ဘာကြောင့်ဖြစ်တာလဲ၊ဘယ်သူကမှားလဲဆိုပြီးမေးပါ။ ပါဝင်သူများ ၏ ထင်မြင်ယူဆချက်များ အား မေးမြန်းပါ။ မတူညီသည့် အမြင်များကို စုစည်းမှုမလုပ်ပါနှင့်။ အချိန်အတော်အသင့် သူတို့ ၏အမြင်များပြောပြီးသည့်နောက် တခြားရောဘာရှိသေးလဲ ဟုမေးပါ။
- ထို့နောက် ရုပ်ပုံကို ချလိုက်ပြီး ပါဝင်သူများအား ဆွေးနွေးမှုက တော့ဒီလောက်ပါပဲ။ observer များအား ဒီဆွေးနွေးမှုနှင့်ပက်သက်ပြီး ဘာမြင်လဲ ဆိုပြီးသူတို့အမြင်များအား မေးမြန်းပါ။ သင့်ပရိသတ်အား ၎င်းတို့ဘယ်လိုခံစားရကြောင်းမေးမြန်းပါ။ ဆွေးနွေးပွဲတွင် ပါဝင်သူများအနေဖြင့် ၎င်းတို့၏ အမြင်များကို ပြောခွင့်ရလား။ အပြန်အလှန်ဆွေးနွေးမှု ရှိလား။ ပြဿနာ ရဲ့အကြောင်းအရင်းကို သိရလား။ ပြဿနာဖြစ်ရတဲ့ အကြောင်းအရင်းတွေ ကအများကြီး။ ဘယ်အကြောင်းအရာကို ဆွဲထုတ် ဆွေးနွေး ရမလဲဆိုတာ မသိဘူး။ ပါဝင်ဆွေးနွေးသူများ၏ ထင်မြင်ယူဆချက် တဖက်သတ်ပြောဆိုမှုတွေကို ပဲနားထောင်နေရတယ်။ ဒါကြောင့်ဒီပုံကို ပံ့ပိုးသူမှ ပါဝင်သူများ၏ တစ်ဖက်သတ် လွှမ်းမိုးပြောဆိုမှုကို ခံရသော ပုံစံ Passive လို့ခေါ်ကြောင်းပြောပြပါ။
- ထို့နောက် အဖွဲ့ B နှင့် C ကိုချိန်းပါ။ အဖွဲ့ B အားအတွင်း သင့်ပရိသတ် နေရာဝင်ခိုင်း ပြီး အဖွဲ့ C အား observer လုပ်စေပါ။ ညစ်ပတ်သော ပတ်ဝန်းကျင်ပုံကို ဝေပေးပါ။ ဒီပုံမှာ ဘာတွေဖြစ် နေလဲ၊ နောက်ပြီးတော့ကော တခြားကောဘာရှိသေးလဲ ဟုမေးပါ။ ပြဿနာဖြစ်သည့် အကြောင်းအရာ ပြောလာသည်အထိ မေးမြန်းပါ။ ဘာကြောင့်ဖြစ်တာလဲ ဆိုပြီးမေးပါ။ ထို့နောက် ပါဝင်သူများ သန့်ရှင်းသော ပတ်ဝန်းကျင်ရုပ်ပုံ ကိုဝေပေးပါ။ ဒီပုံမှာ ဘာတွေ့ရလဲ။ နောက်ပြီးတော့ကော တခြားကောဘာရှိသေးလဲ ပါဝင်ဆွေးနွေးသူများ ၏အမြင်များအား မေးမြန်းပါ။ ပတ်ဝန်းကျင်သန့်ရှင်းရင် ဝမ်းလျှောဝမ်းပျက်မဖြစ်ဘူး၊ကျန်းမာပျော်ရွှင်တယ် ဟုပြောပါ။
- ထို့နောက် ရုပ်ပုံကို ချလိုက်ပြီး ပါဝင်သူများအား ဆွေးနွေးမှုက တော့ဒီလောက်ပါဘဲ။ အဖွဲ့ C observer များအား ဒီဆွေးနွေးမှုနှင့်ပတ်သက်ပြီး ဘာမြင်လဲဆိုပြီးသူတို့အမြင်များအား မေးမြန်းပါ။ သင့်ပရိသတ်အား ၎င်းတို့ဘယ်လိုခံစားရကြောင်းမေးမြန်းပါ။ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများအနေဖြင့် ၎င်းတို့၏ အမြင်များကို ပြောခွင့်ရလား၊အပြန်အလှန်ဆွေးနွေးမှု ရှိလား၊ ပြဿနာဖြစ်စေတဲ့ အကြောင်းအရင်းကိုသိလိုက်ရလား၊ ပြဿနာကို ပြေလည်အောင် ဖြေရှင်း နိုင်သည့် နည်းလမ်းရောသိလိုက်ရလား။ ပတ်ဝန်းကျင်မသန့်ရှင်းရင် ဝမ်းလျှော ဝမ်းပျက်ဖြစ်စေတယ်၊ဝမ်းလျှောဝမ်းပျက် မဖြစ်အောင် ဘယ်လိုနေရမလဲဆိုတဲ့ အဖြေကိုပုံမှာ တွေ့ရလား။ ဒီလိုပုံမျိုးကို ရုပ်ပုံသင်္ကေတ Picture code လို့ခေါ်တယ် ဟုရှင်းပြပါ။
- ပါဝင်သူများအားလုံးကို ပုံမှန်အတိုင်း နေရာပြန်ထိုင်စေပါ။ Picture code တစ်ခုဖြစ်ဖို့ ဆိုရင် စံသတ်မှတ်ချက် မေးခွန်းများဖြင့် မေးမြန်းကာ သတင်းအချက်အလက်ကို ဖော်ထုတ်နိုင် ရမည် ဖြစ်ကြောင်းပြောပါ။ ဆွေးနွေးမှုတွေရှိရမယ်။ ပြဿနာရဲ့အရင်းအမြစ်ကို ဖော်ထုတ်နိုင်ရမယ်။ ပြဿနာကို ဖြေရှင်းနိုင်မည့် အဖြေထွက်ရမည် ဖြစ်ကြောင်းပြောပါ။

- နောက်ဆုံးတွင် သင်ခန်းစာတစ်ခုလုံးကို အထုပ်ဖြည့်ရှင်းလင်းခြင်း ပြုလုပ်ပါ။ ယခုသင်ခန်း စာနဲ့ ပတ်သက်ပြီး မေးချင်တာ မေးလို့ရပါတယ်။ ဆွေးနွေးချင်တာ ဆွေးနွေး လို့ရပါတယ်။ မေးလာသောမေးခွန်းများရှိပါက ပြန်လည်ရှင်းလင်းပါ။ အကယ်၍ အချိန်မရှိတော့ပါက comment board ပေါ်တင်ထားပြီး နောက်ပိုင်းပြန်လည် ရှင်းလင်းပေးမည်ဆိုတာ ပြောကြားပြီး ကျေးဇူး တင်စကားပြောကာ သင်ခန်းစာကို နိဂုံးချုပ်ပါ။

**ပံ့ပိုးသူအတွက်မှတ်စု** - သင်ခန်းစာ၏ အဓိကဆိုလိုရင်းသည် picture code တွင် ပြဿနာ၏ အကြောင်းအရင်း နှင့် ဖြေရှင်းနိုင်သည့်နည်းလမ်းများကို ပါဝင်သူများ ဖော်ထုတ်နိုင်စေရန် ၊ အသေးစိတ်ဆွေးနွေးနိုင်စေရန် နှင့် ပါဝင်သူများ၏အတွေးအမြင်ကို ပံ့ပိုးသူကလွှမ်းမိုးခြင်း (သို့) ပံ့ပိုးသူက ပါဝင်သူများ၏ တစ်ဖက်သတ် လွှမ်းမိုးပြောဆိုမှုကိုခံရခြင်း မရှိစေရန် ပံ့ပိုးကူညီသူက လမ်းညွှန်ရမည် ဖြစ်သည်။ အရေးကြီးသောအချက်မှာ ပံ့ပိုးသူက ရုပ်ပုံတစ်ခုကို တင်ပြရာတွင် ရုပ်ပုံတွင်ဖြစ်ပေါ်နေသော အကြောင်းအရာအပေါ် ပါဝင်သူများ၏တွေ့ရှိချက်အမျိုးမျိုးကို ဦးစွာဖော်ထုတ်ရန် ဖြစ်သည်။ ထိုအကြောင်းအရာများ၏ ဖြစ်ပေါ်ရသောအကြောင်းအရင်းကို ရှေ့ဆက်ဆွေးနွေးခြင်းမပြုမီ ပါဝင်ဆွေးနွေးသူများအနေဖြင့် မှန်ကန်သောထင်မြင်ချက်များ ပြောထွက်လာစေရန် ပံပိုးကူညီသူက ပံ့ပိုးပေးရန်လိုသည်။

## လက်ဖက်ရည်သောက်နားချိန် ( ၁၅ မိနစ်)

## သင်ခန်းစာ ၄ - အုပ်စုဖွဲ့ လုပ်ဆောင်ခြင်း၊ ဆွေးနွေးခြင်းနှင့် ပြန်လည်တင်ပြဆွေးနွေးခြင်းကို စီမံခန့်ခွဲခြင်း

**ကြာချိန်** - ၁နာရီ ၄၅ မိနစ်

**ရည်ရွယ်ချက်**

→ ပါဝင်ဆွေးနွေးသူများသည် အုပ်စုဖွဲ့ခြင်း၊ အုပ်စုအရွယ်အစားတို့နှင့် ပတ်သက်သော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာနိုင်စေရန်။

→ ပါဝင်ဆွေးနွေးသူများသည် အုပ်စုဖွဲ့လုပ်ဆောင်ရသော လုပ်ငန်းစဉ်များအား စီမံခန့်ခွဲခြင်းကို ဆန်းစစ်နိုင်စေရန်။

→ ပါဝင်ဆွေးနွေးသူများသည် အုပ်စုဖွဲ့ဆွေးနွေးခြင်းနှင့် ပြန်လည်တင်ပြဆွေးနွေးခြင်းများကို စီမံရာတွင်ကြုံတွေ့ရသော ပြဿနာများကို ဖြေရှင်းနိုင်စေရန်။

**သင်ထောက်ကူ ပစ္စည်းများ**

- A0 အရွယ် Flip Chart စာရွက်ကြီးများနှင့် အောက်ခံပြား (+ မာကာပန်၊ စက္ကူတိပ်)။
- Flip Chart အောက်ခံပြားတင်ရန်ထောက်၊ White-board stand (သို့မဟုတ် နံရံ)။
- အုပ်စုလိုက် အပြိုင်အဆိုင် အလှည့်ကျဖြေဆိုကစားနည်း ဇယား (Jeopardy Game table)

* ခေါင်းလောင်း (သို့) အသံပြုအချက်ပြရန် မည်သည့်ကိရိယာမဆို
* နာရီ
* Sticky notes

**လုပ်ငန်းစဉ်များ**

၁။ ပါဝင်သူအရေအတွက် ပေါ်မူတည်၍အုပ်စုကို ၃ စု သို့မဟုတ် ၄ စု ညီမျှအောင် ခွဲပါ။ (ကစားနည်းတစ်မျိုးမျိုး အသုံး ပြုခြင်းဖြင့်လည်း အုပ်စုခွဲနိုင်သည်။ မနက်ပိုင်းတွင် ဖွဲ့ထားသော အဖွဲ့များအတိုင်းလည်း ပြုလုပ် နိုင်သည်။)

၂။ အုပ်စုတစ်ခုစီကို ခေါင်းလောင်း (သို့) အသံပြုအချက်ပြ ကိရိယာတစ်ခုစီ ပေးထားပါ။

၃။ ပံ့ပိုးသူမှ ပါဝင်ဆွေးနွေးသူများအား ဉာဏ်စမ်းမေးခွန်းမစတင်မီ အောက်ပါညွှန်ကြားချက်များပေးပါ။ ပံ့ပိုးသူအနေနှင့် လုပ်ဆောင်ရမည့် အချက်များကို -

* အုပ်စုလိုက် အလှည့်ကျဖြေဆို ကြရမည်ဖြစ်ကြောင်းရှင်းပြပါ။
* မေးခွန်းတစ်ခုလျှင်ဖြေဆိုချိန် စက္ကန့် ၃၀ ရမည်ဖြစ်ကြောင်းပြောပါ။
* မေးခွန်းဆုံးသည့် အချိန်မှခေါင်းလောင်းတီးရန်၊ မေးခွန်းမဆုံးခင်တီးမိလျှင် ၎င်းအဖွဲ့သည် ထိုမေးခွန်းအတွက် ဖြေဆိုခွင့်ရမည် မဟုတ်ကြောင်း ပြောပြပါ။
* မေးခွန်းတစ်ခုအတွက် အဖွဲ့တစ်ဖွဲ့ထက်ပို၍ ဖြေဆိုကြပါက အဖြေမှန်အလိုက် အမှတ်ခွဲဝေရရှိမည်ဖြစ်ကြောင်းပြောပါ။
* အဖြေလွှာတွင်ရေးသားထားသော အဖြေများသည်သာ အတည်ဖြစ်ကြောင်းပြောပါ။
* အဖြေမှန်များတူနေပါက အရင်ဆုံးဖြေသောအဖွဲ့မှသာ ထိုအဖြေအတွက် အမှတ်ရမည်ဖြစ် ကြောင်းပြောပါ။

၄။ အားလုံးတွေ့ကြသည့်အတိုင်း မေးခွန်း (၂၅)ခု ရှိပြီး ၊ ခေါင်းစဉ် ၅ ခုရှိကြောင်း ခေါင်းစဉ်တစ်ခုလျှင် ထိုခေါင်းစဉ်နှင့် ပတ်သက်သည့် မေးခွန်း ၅ ခုစီရှိကြောင်းအသိပေးပါ။

၅။ အောက်ပါတို့ကိုရှင်းလင်းပါ။အပေါ်ဆုံးအတန်းရှိ ၁ ဟုရေးထားသော မေးခွန်းကိုဖြေဆိုနိုင်လျှင် တစ်မှတ်ရမှာဖြစ်ပြီး အောက်ဆုံးအတန်းရှိ ၅ ဟုရေးထားတဲ့ မေးခွန်း ကိုဖြေဆိုနိုင်လျှင် (၅) မှတ်ရမည်ဖြစ်သည်။

၆။ မေးခွန်းတစ်ခုချင်းစီကို အုပ်စုလိုက် အလှည့်ကျရွေးချယ်ပြီးဖြေဆိုခွင့်ပေးပါမည်။ အလှည့်ကျသော အုပ်စုသည် ခေါင်းလောင်းတီးရန် မလိုပဲ အရင်ဆုံး မေးခွန်းရွေးချယ်ပြီးဖြေဆိုရမှာ ဖြစ်ပါသည်။ အလှည့်မကျသေးသော အခြားအုပ်စု များသည် သူ့ထက်ငါအရင် ခေါင်းလောင်းတီး အသံပြုရမည် ဖြစ်ကြောင်းရှင်းပြပါ။ ပံ့ပိုးကူညီသူမှ မေးခွန်းဖတ်ပြီးသည့် အချိန်ကနေစပြီး စက္ကန့် (၃၀) အတွင်း အဖြေမှန်ဖြေဆိုရမည်။ အဖြေမှန်ကို စက္ကန့်(၃၀) အတွင်း မဖြေဆိုနိုင်လျှင် ပထမဆုံးခေါင်းလောင်းထိုးသည့် အုပ်စုမှ နောက်ထပ် စက္ကန့်(၃၀) အတွင်း ဖြေဆိုရမည်။ထိုအုပ်စုမှလည်း အဖြေမှန်ကို မဖြေနိုင်ခဲ့လျှင် ဒုတိယအမြန်ဆုံးခေါင်းလောင်းတီးခဲ့သောအဖွဲ့မှ နောက်ထပ်စက္ကန့် (၃၀)အတွင်း အဖြေမှန်ကို ဆက်ဖြေရမည်။ အဖွဲ့အားလုံးဖြေဆိုပြီးသည်အထိ အဖြေမမှန်ခဲ့လျှင် မည်သည့်အဖွဲ့မှ အမှတ်ရမည် မဟုတ်ကြောင်းရှင်းပြပါ။ အားလုံးအဆင်သင့်ဖြစ်ပါက စတင်ပါမည်။

၇။ ပထမအလှည့်ကျသော အုပ်စုမှ မိမိတို့ဖြေဆိုလိုသော မေးခွန်းတစ်ခုကို အဖွဲ့ဝင်များနှင့် တိုင်ပင် ရွေးချယ်စေ ပါ။ မေးခွန်းရွေးချယ်ရန် အချိန်အများကြီးမယူသင့်ပါ။

၈။ ရွေးချယ်လိုက်သော မေးခွန်းအား ပံ့ပိုးကူညီသူမှ အသံကျယ်ကျယ်ဖြင့် ရှင်းရှင်းလင်းလင်း ဖတ်ပြပါ။
၉။ အကူပံ့ပိုးကူညီသူများသည် မည်သည့်အုပ်စုမှ အရင်ဆုံးခေါင်းလောင်းတီးသည်ကို မျက်စိရှင်ရှင်ဖြင့် ကြည့်ထားပါ။ ပထမ၊ ဒုတိယ၊ တတိယ အမြန်ဆုံးခေါင်းလောင်းထိုးသည့် အုပ်စုများကို အကူပံ့ပိုးသူမှ မှတ်သားထား ရမည်။ အချိန်ကိုလည်း စတင်မှတ်သားရမည်။
၁၀။ မေးခွန်းဆုံးသည်နှင့် တပြိုင်နက် အလှည့်ကျ အဖွဲ့မှ စတင်ဖြေဆိုစေပါ။ ဖြေဆိုသည့် အဖြေများ အား မှတ်သားထားရန် ပြောပါ။ စက္ကန့်(၃၀)ပြည့်သည်အထိ အုပ်စု(၁)က အဖြေမှန်မဖြေနိုင်လျှင် အမြန်ဆုံးခေါင်းလောင်းတီးခဲ့သည့် အုပ်စုများကို အစဉ်လိုက်အတိုင်းဖြေဆိုစေပါ။ မှန်ကန်လျှင် အမှတ်ပေး ပါ။
၁၀။ အုပ်စုလိုက်ရမှတ်များကို အကူပံ့ပိုးသူမှ Flip chart ပေါ်တွင် ချရေးထားပါ။
၁၁။ ဒုတိယမေးခွန်းကို ရွေးချယ်ရန် အုပ်စု (၂) ကို ဖိတ်ခေါ်ပါ။ အလားတူအခြားမေးခွန်းများကို ဆက်လက်ဆောင်ရွက်ပါ။ မေးခွန်းများကုန်သည်အထိဆက်သွားပါ။

**Jeopardy Game ကို အောက်တွင်ကြည့်ရှုပါ။**

**Group formation**
**အုပ်စုဖွဲ့ခြင်း**
**Group size**
**အုပ်စုအရွယ်အစား**
**Problems in group management**
**အုပ်စုတွင်း ပြဿနာများအား ကိုင်တွယ်ဖြေရှင်းခြင်း**
**Group feedback**
**ပြန်လည်တင်ပြဆွေးနွေးခြင်း**
**Group stages**
**အုပ်စုဖွဲ့ဆွေးနွေးခြင်းအဆင့်များ**

Q. Name at least 2 group formation activities used in this workshop
ဒီအလုပ်ရုံဆွေးနွေးပွဲမှာ အသုံးပြုခဲ့တဲ့ အုပ်စု ဖွဲ့နည်း ၂ မျိုးကို ပြောပါ။

- *Fruit salad*
- သစ်သီးသုပ်
- *Number groups*
- အရေအတွက်ဖြင့်အုပ်စုဖွဲ့ခြင်း
- *Counting rounds*
- နံပတ်စဉ်၊အကွာရာစဉ်ရေတွက်ခြင်း
- *...*

Q. Should a facilitator consider cultural factors to form groups? State why or why not
အဖွဲ့ တွေဖွဲ့ တဲ့အခါ ပံ့ပိုးကူညီသူက ရိုးရာဓလေ့ထုံးစံ တွေကို ထည့်သွင်းစဉ်းစား သင့်ပါသလား။ ဘာ့ကြောင့် ထည့်သွင်းစဉ်းစားသင့် တာလဲ။ ဘာ့ကြောင့်ထည့်သွင်း မစဉ်းစားသင့်တာလဲ ပြောပြပါ။

*Yes – if ignored it might affect how well or not they perform the task.*
*ထည့်သွင်းစဉ်းစားသင့်ပါတယ်။ တကယ်လို့ ထည့်သွင်း မစဉ်းစားဘူးဆိုရင် သူတို့အတူ တကွ လုပ်ဆောင်ရမည့် အရာတွေကို ကောင်း မွန်စွာ ဆောင်ရွက်နိုင်ခြင်း၊ မဆောင်ရွက်နိုင်ခြင်း ကို အကျိုးသက်ရောက်နိုင်ပါတယ်။*
Q. If you want to discuss sensitive issues with people how would you form the groups?
ထိလွယ်ရှလွယ်တဲ့ အကြောင်း အရာတွေကို ဆွေးနွေးတော့မယ်ဆိုရင် အဖွဲ့တွေကို ဘယ်လို ပုံစံမျိုးဖွဲ့သင့်လဲ။

- *Gender*
- ကျား၊ မ
- *Age*
- အသက်အရွယ်
- *Married and not married*
- အိမ်ထောင်ရှိ၊ မရှိ
- *…*

Q. ***True or false***—*There is no need to form groups in the community – best to just do plenary*
မှန်၊မှားဖြေပါ - လူထုအတွင်းမှာ ဆွေးနွေးပွဲတွေ လုပ်တဲ့အခါ အဖွဲ့တွေဖွဲ့ဖို့ မလိုပါဘူး။လူအားလုံးနဲ့ တခါတည်းတိုက်ရိုက် ဆွေးနွေးတာ အကောင်းဆုံးပါဘဲ။

*Usually it is best to form groups when discussing topics that concern different types of groups within the community to ensure all voices are heard.*
လူထုအတွင်းမှာရှိတဲ့ မတူညီတဲ့ အဖွဲ့တွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ဆွေးနွေးတဲ့အခါမှာ အားလုံးရဲ့ အသံကို ကြားရဖို့အတွက် အဖွဲ့တွေ ဖွဲ့ ပြီး လုပ်ဆောင်တာက အများအားဖြင့် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါတယ်။

Q. *Is it okay to let participants choose their own groups? Why or why not?*
သင်တန်းတက်ရောက်လာသူ တွေကို သူတို့ ကိုယ်တိုင် အဖွဲ့တွေ ဖွဲ့ စေမှာလား။ ဖွဲ့စေမယ်ဆို ဘာ့ကြောင့်လဲ၊ မဖွဲ့စေဘူးဆို ဘာ့ကြောင့် လဲ။

*Participants choosing groups themselves is a bit messy, and they tend to work with people they know and like, which is good for personal discussions, but the big disadvantage is that some people are left out.*
သင်တန်းသားတွေကို သူတို့ကိုယ်တိုင်အဖွဲ့တွေဖွဲ့ စေတာဟာ နည်းလမ်းမကျပါဘူး။ သူတို့က သူတို့ နဲ့သိတဲ့၊ သူတို့ကြိုက်တဲ့ သူတွေနဲ့ ပဲ အဖွဲ့ဖွဲ့ကြမယ်၊ ဒါက ပုဂ္ဂိုလ်ရေးနဲ့ ဆိုင်တဲ့ ဆွေးနွေး မှုတွေမှာ တော့ ကောင်းပါတယ်။ ဒါပေမယ့်ကြီးမားတဲ့ဆိုးကျိုး ကတော့ အဖွဲ့ဝင်တချို့က ဆွေးနွေးပွဲရဲ့ အပြင်ကို ရောက်သွားတက်ကြတာပါပဲ။

Q. *In what size groups are people most comfortable to talk?*
ဘယ်လို အဖွဲ့အရွယ်အစားက လူတွေစကားပြောဖို့ သက်သောင့်သက်သာ နဲ့ အဆင်အပြေဆုံးလဲ။

*Pairs and buzz groups*
၂ ယောက်တတွဲဆွေးနွေးခြင်း၊တဝီဝီဆွေးနွေးခြင်း

Q. *What size groups get the biggest variety of ideas and opinions?*
ဘယ်အဖွဲ့ အရွယ်အစားက များပြားလှတဲ့ အတွေးအခေါ်တွေ၊ အမြင်တွေကို ဖော်ထုတ်နိုင် သလဲ။

*Plenary*
အားလုံးပါဝင်ဆွေးနွေးခြင်း

Q. *Which size group finishes a task most quickly?*
ဘယ်အဖွဲ့ အရွယ်အစားက ဆွေးနွေးမှုကို အမြန်ဆုံး ပြီးမြောက်စေသလဲ။

*Pairs – big groups take longer than small ones*
၂ယောက်တတွဲ ဆွေးနွေးခြင်း - အဖွဲ့ ကြီး တွေက အဖွဲ့ငယ်တွေ ထက် ပိုပြီးအချိန်ကြာ တက်ပါတယ်။

Q. *What are the main-factors to consider when deciding group size?*
အုပ်စု အရွယ်အစားကို ဆုံးဖြတ်တဲ့အခါမှာ ဘယ်အချက်တွေကို အဓိက ထည့်သွင်းစဉ်း စား သင့်ပါသလဲ။

- *Time available*
- အချိန်ပေးနိုင်မှု
- *Space available*
- နေရာအကျယ်အဝန်း
- *Number of participants*

- သင်တန်းသား အရေအတွက်
- *The task and content*
- လုပ်ဆောင်ရမယ့် လုပ်ငန်းနဲ့ ဆွေးနွေးရမည့် အကြောင်းအရာ

Q. *Why do we often use buzz groups before a plenary brainstorm?*
အားလုံးပါဝင်ဆွေးနွေး ခြင်း မတိုင်မီ နှစ်ယောက်တစ်တွဲ အပြန်အလှန် ဆွေးနွေးခြင်း ကို ဘာ့ကြောင့် အရင် လုပ်သင့်တာလဲ။

*It gives quiet people time to suggest and validate their ideas with one person so they are confident to present them to the plenary*

နှစ်ယောက်တစ်တွဲ အပြန်အလှန် ဆွေးနွေးခြင်းက တိတ်ဆိတ်နေသူတွေကို ပါဝင်လာစေတယ်။ သူတို့ရဲ့ အမြင်တွေကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော် ပြောဆိုလာစေတယ်။ ဒီလို ဆွေးနွေးထား ခြင်းအားဖြင့် အားလုံးပါဝင်ဆွေးနွေးတဲ့အခါမှာ သူတို့ကို ပိုပြီး ယုံကြည်မှု ရှိစေပါတယ်။

Q. *As facilitator you are visiting the different groups and you overhear that a group is discussing an unrelated topic. What do you do?*
ပံ့ပိုးကူညီသူ တယောက်အနေနဲ့ မတူညီတဲ့ အဖွဲ့တွေရဲ့ ဆွေးနွေးနေမှုကို လိုက်ပြီးကြည့်တဲ့အခါ၊ အဖွဲ့ တဖွဲ့က ဆွေးနွေးရမယ့် ခေါင်းစဉ်နဲ့ မသက်ဆိုင်တဲ့ အကြောင်းအရာတွေကို ဆွေးနွေးနေတယ်ဆိုရင် သင်ဘာလုပ်မလဲ။

- *Remind the participants about the ground rule*
- အဖွဲ့ဝင်များကို လိုက်နာရမယ့် စည်းမျဉ်းတွေကို ပြန်သတိပေးမယ်။
- *Remind them of the task at hand*
- လက်ရှိဆွေးနွေးနေတဲ့ အကြောင်းအရာကို ပြန်သတိပေးမယ်။
- *Ensure that they understand the instructions*
- ညွှန်ကြားချက်တွေကို နားလည်သဘောပေါက်ရဲ့ လားဆိုတာ သေချာအောင်ပြန်မေး မယ်။
- *Remind them how much time they have left to finish…*
- ဆွေးနွေးဖို့အတွက် အချိန် ဘယ်လောက်ပဲကျန်တော့ တယ်ဆိုတာ သတိပေးမယ်။

Q. *One of the group members accuses another of making an offensive remark and refused to work with that person in the group – what do you do?*

အဖွဲ့တစ်ခု မှာ အဖွဲ့ဂင်တယောက်က တခြား အဖွဲ့ဝင်တစ်ယောက်ကို မယဉ်ကျေးတဲ့ မှတ်ချက်တွေ နဲ့ အပြစ်တင် တိုက်ခိုက်နေမယ်၊ ပြီးတော့တိုက်ခိုက်ခံရတဲ့သူကသူနဲ့အတူဒီအဖွဲ့မှာ ဆက်ပြီး လုပ်ဆောင်ဖို့ ငြင်းဆန်နေ မယ်ဆိုရင် သင်ဘာလုပ်မလဲ။

*Move them to another group*
သူတို့နှစ်ယောက် ကို အခြားအဖွဲ့ ဆီကို ရွှေ့ လိုက်မယ်။

Q. *The information the group presents did not follow the instructions –what do you do?*
အဖွဲ့တစ်ဖွဲ့က ဆွေးနွေးတင်ပြလာတဲ့ အကြောင်းအရာ၊ သတင်းအချက်အလက်တွေက ညွှန်ကြား ချက် တွေနဲ့ မကိုက်ညီဘူးဆိုရင်သင် ဘာလုပ်မလဲ။
*Ask the group how they understood the instructions and apologize for not making it clearer and make sure to thank them for doing the work they did do.*
ညွှန်ကြားချက်တွေကို ဘယ်လိုနားလည်သလဲ ဆိုတာ အဖွဲ့ကိုပြန်မေးပါ။ ညွှန်ကြားချက်ကို ရှင်းလင်းအောင် မပြောပြမိခဲ့တဲ့အတွက် တောင်းပန်ပါ။ ဒီလိုဆွေးနွေးပေးခဲ့တဲ့ အတွက် ကျေးဇူးတင်ကြောင်း ပြောပါ။

Q. *During a plenary discussion you notice that two people in the group dominate the discussion and others just watch them – what do you do?*
အားလုံးပါဝင်ဆွေးနွေးခြင်း လုပ်နေစဉ် အတောအတွင်းမှာ လူ၂ယောက် တည်းကပဲ ဆွေးနွေးနေပြီး

တခြားသူတွေက ဘေးကနေထိုင်ကြည့်နေ မယ်ဆိုရင် ပံ့ပိုးကူညီသူတစ်ယောက် အနေဖြင့် သင်ဘာ လုပ်မလဲ။

- *You can ask them to continue their discussion at lunch or tea break.*
- သူတို့ ၂ ယောက်ရဲ့ဆွေးနွေးမှုကို ထမင်းစားနားချိန် (ဒါမှမဟုတ်) လက်ဖက်ရည်သောက်နားချိန်ကျမှ ဆက်ပြီးဆွေးနွေးဖို့ ပြောမယ်။
- *You could just end the plenary.*
- အားလုံးပါဝင်ဆွေးနွေးမှုကို အဆုံးသတ်လိုက်ပါ။
- *You could say that you want to hear from other people*
- တခြားသူတွေပြောတာလည်း ကြားချင်ပါတယ်။
- *You could give everyone some beans and state that if people want to talk it will cost them beans.*
- လူတိုင်းကို ပဲ စေ့ (သို့) ပစ္စည်း တစ်ခုစီ ပေးထားပါ။ ပဲစေ့တစ်စေ့ ရှိတဲ့ သူမှသာလျှင် စကားပြောခွင့် ရှိမယ်။ ပဲစေ့ ကိုင်ထားသူမှ စကားပြောပြီးလျှင် ထိုပဲစေ့ကို သိမ်းယူထားလိုက်ပါ။

*Q. Part way through a small group work some members leave because they have a meeting outside of the venue*

အုပ်စု လိုက်ဆွေးနွေး မှုကိုလိုက်ကြည့်နေစဉ်မှာ တချို့အဖွဲ့ဝင် များက အစည်းအဝေးတခုရှိလို့ အပြင်ကို ထွက်သွားကြတယ်။ ဒါဆို သင့်အနေဖြင့် ဘာလုပ်မလဲ။
*Try to balance the groups.*

အုပ်စု အရွယ်အစား ကိုညီအောင် ပြန်ညှိပါ။

Q. *Name at least three methods of feedback after group work.*
အဖွဲ့လိုက်ဆွေးနွေးမှု ပြီးတဲ့အခါပြန်လည် တင်ဆက်သည့် နည်းလမ်းများထဲမှ အနည်းဆုံး ၃ ခုကိုပြောပါ။

- *Plenary*
- အားလုံးပါဝင်ဆွေး နွေးခြင်း။
- *Presentations*
- အဖွဲ့လိုက် ရှင်းလင်းတင်ပြခြင်း။
- *Gallery walk*
- ပြခန်းအတွင်း လှည့်လည် ကြည့်ရှု ခြင်း
- *...*

Q. *Is there one feedback method that is better than others?*
ပြန်လည်တင်ဆက်သည့် နည်းလမ်းများ အနက် အကောင်းဆုံးသော ပြန်လည်တင်ဆက်သည့် နည်းလမ်း တစ်ခုကို ပြောပြပါ။

*No one method is best in general, but that different ones are suitable for different situations*
ယေဘူယျအားဖြင့် အကောင်းဆုံးနည်းလမ်းဆိုတာမရှိပါဘူး။ ဒါပေမယ့် အခြေအနေ အမျိုးမျိုးပေါ်မူတည်ပြီး သင့်တော်တဲ့ နည်းလမ်း ကို အသုံးပြုကြသည်။

Q. *If every group has the same task, it is important to hear from all groups.*
အဖွဲ့တိုင်းက တူညီသော အကြောင်းအရာတခုကို ဆွေးနွေးနေကြတာဆိုရင်၊ အဖွဲ့တိုင်းက ရှင်းလင်းတင်ပြဖို့ ရန်လိုအပ်ပါလား။အရေးကြီးပါလား။
*False – it could get long and boring and repetitive if going through every question and all groups' responses. Best to ask summary questions like"which questions did you disagree about most?"*
မလိုအပ်ပါ ဘူး။ အဖွဲ့တိုင်းက တူညီသော အကြောင်းအရာကို ရှင်းလင်းတင်ပြနေမယ်ဆိုရင် အချိန် ပိုကုန်ပြီး ပျင်းစရာကောင်းလာမယ်။ တူညီတဲ့ အရာတွေကိုဘဲ ကြားနေရမယ်။ "ဘယ်အချက် ကိုအဖွဲ့ တွင်း သဘောတူညီမှု ရယူရန် အခက်ဆုံးလဲ"ဆိုတဲ့ အနှစ်ချုပ်မေးခွန်းမျိုးကိုမေးတာက အကောင်း ဆုံးပါဘဲ။

Q. *A facilitator managing discussion is not always easy, what can be difficult in managing plenary discussions?*
ပံ့ပိုးကူညီသူ တယောက်က ဆွေးနွေးပွဲတွေကို စီစဉ်ညွှန်ကြားရတာ အမြဲတမ်းတော့ မလွယ်ကူပါဘူး။ အားလုံးပါဝင်ဆွေးနွေးခြင်းကို ဦးဆောင်တဲ့ အခါမှာ ဘယ်အချက်တွေက ပံ့ပိုးကူညီသူ တစ်ယောက် အတွက် အခက်အခဲ ဖြစ်စေသလဲ။

- *Synthesizing different opinions*
- မတူကွဲပြားတဲ့ အမြင်တွေကို စုစည်းရတာ
- *Being neither too passive nor too bossy*
- မိမိအမြင်များကို တစ်ဖက်သက်ပြောလွန်းခြင်း၊ ပါဝင်သူများကို ဘာမှ မပြောပဲ မနေရပါဘူး ၊
- *Staying neutral*
- ဘက်မလိုက်ပဲ နေရတာ
- *Correcting wrong information*
- မှားယွင်းတဲ့ သတင်းအချက်အလက်တွေကို အမှန်ပြင်ရတာ

Q. *What are some participatory methods to present information?*
သတင်းအချက်အလက်တွေကို တင်ပြဆွေးနွေးဖို့ရန် အတွက် ပူးပေါင်းပါဝင်သော နည်းလမ်းတွေ ဘာတွေလဲ။

- *Pictures*
- ရုပ်ပုံတွေ
- *Case Study*
- ဖြစ်ရပ်မှန် လေ့လာခြင်း
- *Role plays*
- သရုပ်ဖော်ဇာတ်လမ်း
- *Dear Doctor Letters*
- ချစ်လှစွာသော ဆရာ၊ဆရာမထံသို့ပေးစာ
- *Stepping Stones*
- ကျောက်တုံးများကို နင်းဖြတ်ခြင်း
- *Flip charts*
- ကားချပ်တွေ

Q. *Groups work in stages – name at least 5 of the 7 group stages*

အဖွဲ့လိုက်ဆွေးနွေး ခြင်းတွင် ပါဝင်သော အဆင့် ၇ ဆင့် အနက်မှ အနည်းဆုံး ၅ ဆင့်ကို ပြောပြပါ။
*Pre-question/discussion*

ကြိုတင်မေးခွန်းများ မေးမြန်းခြင်း၊  ဆွေးနွေးခြင်း

1. *Group-formation activity*

အုပ်စု ဖွဲ့ခြင်း

2. *Clear instructions*

ရှင်းလင်းတဲ့ ညွှန်ကြားချက် ပေးခြင်း

3. *Groups get together to do activity*

အဖွဲ့များမှ လုပ်ငန်းများကို အတူတကွ လုပ်ဆောင်ခြင်း

4. *Check round the groups to ensure understanding*

အဖွဲ့များ သေချာနားလည်ရဲ့လားဆိုတာ လှည့်လည်ကြည့်ရှုခြင်း

5. *Feedback/report back*

ပြန်လည် တင်ပြဆွေးနွေးခြင်း၊တုံ့ပြန်မှုပေးခြင်း

6. *Unpack/summarise main learning points*

   အဓိက လေ့လာရမယ့်အကြောင်း အရာတွေကို ပြန်လည် အထုပ်ဖြည်ရှင်းလင်းခြင်း၊ အနှစ်ချုပ်ခြင်း။

Q. *What stage is the most important?*
ဘယ်လုပ်ဆောင်ချက်/ အဆင့် ကအရေးအကြီးဆုံးလဲ။
*Clear instructions*
ရှင်းလင်းတဲ့ ညွှန်ကြားချက် ပေးခြင်း။
Q. *Name two of the three keys points a facilitator must think about before the group session?*
အဖွဲ့လိုက် ဆွေးနွေးခြင်းများကို မပြုလုပ်မီ ပံ့ပိုးကူညီသူတစ်ယောက်အနေဖြင့် အဓိကကြိုတင်စဉ်းစားထားသင့်သည့် အချက် ၃ ချက်အနက်မှ ၂ ချက်ကို ပြောပြပါ။

- *Knowing where you want the groups to end up.*
- အုပ်စု ဆွေးနွေးမှုကို ဘယ်အချိန်မှာ အဆုံးသတ်ရမယ် ဆိုတာ သိထားရမယ်။
- *The time they need for the task.*
- ဆွေးနွေးဖို့ရန် အတွက် အချိန်ဘယ်လောက် လိုမယ်ဆိုတာ သိထားရမယ်။
- *Having enough materials.*
- လုံလောက်တဲ့ ပစ္စည်းကိရိယာ များလုံလုံလောက်လောက်ရှိမရှိ။

Q. *Can you use group work at any time of the day?*
နေ့တနေ့ရဲ့ မည်သည့် အချိန်တွင် အုပ်စုဖွဲ့ ဆွေးနွေးခြင်း ကိုပြုလုပ်နိုင်ပါသလဲ။

*As long as the task is well-chosen and interesting, it usually does keep people's attention.*
စိတ်ဝင်စားစရာ ကောင်းတဲ့ အကြောင်းအရာများကို ကောင်းစွာ ရွေးချယ်ထား သည့်အချိန်၊ လူတွေရဲ့ အာရုံစူးစိုက်နိုင်စွမ်းရှိနေသ၍ မည်သည့် အချိန်တွင် မဆို အုပ်စုဖွဲ့ဆွေးနွေးခြင်းကို ပြုလုပ်နိုင်ပါသည်။

Q. *What is the purpose of the unpacking stage?*
အထုတ်ဖြေရှင်းလင်းခြင်း အဆင့်၏ ရည်ရွယ်ချက်က ဘာလဲ

*To summarize main learning points and clarify any confusion about the learning.*
အဓိက လေ့လာခဲ့တဲ့ အကြောင်းအရာတွေကို အနှစ်ချုပ်ဖို့ရန်နှင့် လေ့လာထားသမျှ အကြောင်းအရာတွေထဲကမရှင်းလင်းသည့် ဇဝေဇဝါ ဖြစ်နေသောအကြောင်းအရာ များကိုပြန်ပြီး ရှင်းလင်း လာစေရန်။

**ဆွေးနွေးပွဲ အဆုံးသတ်ခြင်း**

**သင်ခန်းစာအကျဉ်းချုပ်**

ဆွေးနွေးပွဲ၏ အကျိုးသက်ရောက်မှုကို တိုင်းတာနိုင်ရန် ပါဝင်ဆွေးနွေးသူများအား ဆွေးနွေးပွဲအပြီးမေးခွန်းလွှာဖြေဆိုစေသည်။ ထို့နောက် ဆွေးနွေးပွဲတစ်ခုလုံးအပေါ် အကဲဖြတ်သုံးသပ်ခြင်း ၊ ယနေ့ဆွေးနွေးပွဲအပေါ် သုံးသပ်ခြင်း နှင့် ၎င်းတို့၏စိတ်ခံစားချက်ကို ဖော်ပြရန် စိတ်ခံစားချက်ပြဇယား(Mood Meter) တွင်မှတ်ချက်ပေးစေသည်။ ၎င်းတို့သိချင်သော မည်သည့် အကြောင်းအရာမျိုးကိုမဆို အကဲဖြတ်သုံးသပ်လွှာတွင် ဖြည့်နိုင်ကြောင်း တိုက်တွန်းအားပေး၍ ထိုမေးခွန်းများကို ဆွေးနွေးပွဲမပြီးမီတွင် ဆွေးနွေးအဖြေရှာလေ့ရှိသည်။

**ကြာချိန် - (၃၀ မိနစ်)**

**ရည်ရွယ်ချက်**
- ပါဝင်ဆွေးနွေးသူများ၏ အခြေအနေများကို အကဲခတ်သိရှိနိုင်ရန်
- ပါဝင်သူများအပေါ် ဆွေးနွေးပွဲ၏ အကျိုးသက်ရောက်မှုကို သိရှိနိုင်စေရန်

**သင်ထောက်ကူပစ္စည်းများ**

→ စိတ်ခံစားချက်ပြဇယား(Mood Meter) နှင့် မှတ်ချက်ပေးရန် Comment Board
→ ဆွေးနွေးပွဲအပြီးမေးခွန်းလွှာ (Post test)
→ တတိယနေ့အတွက် သုံးသပ်လွှာ
→ ဆွေးနွေးပွဲတစ်ခုလုံးအပေါ် သုံးသပ်လွှာ

**ပွဲပိုးသူ ကြိုတင်ပြင်ဆင်ရန်**

→ ယနေ့အတွက် စိတ်ခံစားချက်ပြဇယားကို ကြိုတင်ရေးဆွဲပြီး ကပ်ထားပါ။
→ လိုအပ်သောသင်ထောက်ကူပစ္စည်းများကို မိတ္တူဆွဲထားရန်

**လုပ်ငန်းစဉ်များ**

၁။ ဆွေးနွေးပွဲအပြီးမေးခွန်းလွှာဖြေဆိုခြင်း (၁၀ မိနစ်)
၂။ ဆွေးနွေးပွဲတတိယနေ့အတွက် ပြန်လည်သုံးသပ်ခြင်း (၅ မိနစ်)
၃။ ဆွေးနွေးပွဲတစ်ခုလုံးအပေါ် သုံးသပ်ခြင်း (၅ မိနစ်)
၄။ စိတ်ခံစားမှုပြ ဇယားနှင့် မှတ်ချက်ပေးရန် Comment Board - အကဲဖြတ်ဆန်းစစ်ခြင်း (၂ မိနစ်)

သုံးသပ်လွှာများတွင် ပေးထားသောမှတ်ချက်များ နှင့် ပါဝင်သူများ သိလိုသောအကြောင်းအရာများကို ပြန်လည်ဖြေရှင်းပါ။ ထို့နောက် ပါဝင်သူများအား ဆွေးနွေးပွဲတွင် တက်ကြွစွာပါဝင်ခဲ့ကြသည့်အတွက် ကျေးဇူးတင်ကြောင်းပြော၍ ဆွေးနွေးပွဲကို အဆုံးသတ်ပါ။